# ကျေးဇူးတော်ရှင်

# ဆရာတော်ကြီး ၁၀၈ ပါး၏

# ထေရုပ္ပတ္တိနှင့် အပ္ပမာဒ အဆုံးအမများ

ကျော်နန္ဒအောင်

စုစည်းပူဇော်သည်



စိတ်ကြိုက်စာပေ

# ကျေးဇူးတော်ရှင်
# ဆရာတော်ကြီး ၁၀၈ ပါး၏
# ထေရုပ္ပတ္တိ နှင့် အပ္ပမာဒ အဆုံးအမများ



ဒုတိယအကြိမ်

ကျော်နန္ဒအောင်
ပူဇော်သည်

2010.GRAPHIC DESIGN : KYAW MINN MOUNG

ကျေးဇူးတော်ရှင်

ဆရာတော်ကြီး (၁၀၈) ပါး၏

# အဆုံးအမများ

## ကျော်နှုအောင်

( ပုဖော်သည် )

## ပုံနှိပ်မှတ်တမ်း

၂၀၁၃ ခုနှစ်၊ ဧပြီလ၊

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ၂၀၀ ၂ခုနှစ်၊ အောက်တိုဘာ၊ |
| | - | ဒုတိယအကြိမ်၊ |
| ရှေ့ဖုံးသရုပ်ဖော် | - | ကျော်မင်းမောင် |
| စာအုပ်အပြင်အဆင် | - | အေးမြှုအောင် |
| အတွင်းသရုပ်ဖော်ပုံများ | - | ဦးစန်းလှိုင်၊ ဆရာကျော်၊ |
| | | ပန်းရှိကိုဇော်မင်း၊ ပန်းရှိုက်ိုးမိုး၊ |
| | | ကိုမောင်မောင်သိုက်၊ ကိုကျော်သိုက်၊ |
| | | ကိုပန်းချာန် |
| အတွင်းပလေ | - | Eagle |
| ထုတ်ဝေသူ | - | ဦးတင်ဝင်းနိုင် (ရိုးရိုးမြင့်စာပေ) |
| | - | အကွက် - ၂၉၉၊ အဝန်းအရှေ့ ရခု × ငွေကြား၊ မင်္ဂလာ လေးမြို့ |
| ပုံနှိပ်သူ | - | ဒေါ်ကြွင်ယုံ၊ (ကောင်းစံပုံနှိပ်တိုက်) |
| | | အမှတ် ၁၇၉၊ လမ်း - ၄၀၊ ကျောက်တံတား၊ |
| စာအုပ်ချုပ် | - | ပန်းတင့်တယ် |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | 2500 |

၂၉၄.၃

ကျော်နန္ဒအောင်

ကျေးဇူးရှင်ဆရာတော်ကြီး (၁၀၈) ပါး၏ အဆုံးအမများ / ကျော်နန္ဒအောင်။

\- ရန်ကုန်၊

ရိုးရိုးမြင့်စာပေ ၂၀၁၃။

၂၁၇ - စာ၊ ၁၃ × ၂၁စင်တီ

(၁) ကျေးဇူးရှင်ဆရာတော်ကြီး (၁၀၈) ပါး၏ အဆုံးအမများ

# မာတိကာ


(က)

၁။ စွန်းလွန်းဆရာတော် (ဦးကာဝိ) ၂

၂။ ရွှေဥဒေါင်းတောင်ဆရာတော် (ဦးကုမာရ) ၄

၃။ သဝိတ်အိုင်ဆရာတော် (ဦးကိတ္တိ) ၆

၄။ ဝေဘူဆရာတော် (ဦးကုမာရ) ၈

၅။ ရှားပုံဂူကြီးဆရာတော် (ဦးကေသရ) ၁၀

၆။ မော်တီသာသနာ့ဝန်ဆောင်ဆရာတော် (ဦးကုမာရ) ၁၂

၇။ သဒ္ဓမ္မရံသီရိပ်သာဆရာတော် (ဦးကုဏ္ဍလာဘိဝံသ) ၁၄

၈။ မကွေးဆရာတော် (ဦးကုမာရ) ၁၆

၉။ တတိယ မင်းလှဝေဠုဝန်ဆရာတော် (ဦးကုဏ္ဍလာဘိဝံသ) ၁၈

၁၀။ မုံရွာလယ်တီဆရာတော် (ဦးကေလာသ) ၂၀

၁၁။ မြသိန်းတန်ဆရာတော် (ဦးကေသရ) ၂၂

၁၂။ ထိပ်ပိဋက (မြည်) ဆရာတော် (ဦးကောသလ္လ) ၂၄

(ခ)

၁၃။ ဖားအောက်တောရသစ်သီးဆရာတော် (ဦးခေမာဝန္တ) ၂၆

၁၄။ ဟင်္သာတလယ်တီဆရာတော် (ဦးခေမာစာရ) ၂၈

(ဂ)

၁၅။ ဟံသာဝတီဆရာတော် (ဦးဂန္ဓမာ) ၃၀

(ဃ)
၁၆။ တစ်ဘာဝသာသနာဆရာတော် (ဦးဃောသိတ) ၃၂

(စ)
၁၇။ စံကင်းဆရာတော် (ဦးစန္ဒာဘိဝံသ) ၃၄
၁၈။ ပခန်းငယ်ရွှေသာမောင်းအရှေ့ကျောင်းဆရာတော် (ဦးစန္ဒိမာ) ၃၆

(ဇ)
၁၉။ ရွှေကျင်ဆရာတော် (ဦးဇာဂရ) ၃၈
၂၀။ မန်လည်ဆရာတော် (ဦးဇဝန) ၄၀
၂၁။ အင်းမကြီးတောရဆရာတော် (ဦးဇောတိက) ၄၂
၂၂။ ပခုက္ကူအရှေ့တိုက်ဆရာတော် (ဦးဇဝန) ၄၄
၂၃။ မြို့မိဆရာတော် (ဦးဇေယျသေန) ၄၆
၂၄။ ဆည်ကြီးတောရဆရာတော် (ဦးဇဝန) ၄၈
၂၅။ တောင်မြို့ဆရာတော် (ဦးဇနကာဘိဝံသ) ၅၀
၂၆။ ပိုက်ကျုံးဆရာတော် (ဦးဇာနေယျဗုဒ္ဓိ) ၅၂
၂၇။ ချမ်းမြေ့ဆရာတော် (ဦးဇနကာဘိဝံသ) ၅၄

(ည)
၂၈။ ထွင့်ခေါင်ဆရာတော် (ဦးဉာဏဝဍ္ဎဓဇ) ၅၆
၂၉။ လယ်တီဆရာတော် (ဦးဉာဏဓဇ) ၅၈
၃၀။ ဒီပဲရင်းဆရာတော် (ဦးဉာဏ) ၆၀
၃၁။ ဖြောင်းမြဆရာတော် (ဦးဉာဏဝံသ) ၆၂
၃၂။ အင်္ဂလန်သာသနာပြုဆရာတော် (ဦးဉာဏိက) ၆၄
၃၃။ သဲကုန်းသပိတ်အိုင်သီတဂူဆရာတော် (ဦးဉာဏိဿရ) ၆၆
၃၄။ မဟာဗောဓိမြိုင်ဆရာတော် (ဦးဥယျဓမ္မသာမိထေရ်) ၆၈

(တ)


၃၅။ ရွှေတောင်ဦးတိက္ခမြို့ယ (ဦးတိက္ခမြို့ယ) ၇၀
၃၆။ သေကျွန်းတောင်ဆရာတော် (ဦးတိလောက) ၇၂
၃၇။ တောင်ပွားဆရာတော် (ဦးတေဇိမ္မ) ၇၄
၃၈။ ညောင်ရမ်းဆရာတော် (ဦးဇေဝတ) ၇၆
၃၉။ ထိမ်တောဆရာတော် (ဦးဇောတဓမ္မ) ၇၈
၄၀။ ဆရာတော် ရဝေဒွန်း (ဦးတိလောကသာရ) ၈၀
၄၁။ ရွာမတိုက်အုပ်ဆရာတော် (ဦးတိလောကာဘိဝံသ) ၈၂


(န)


၄၂။ မင်းကွန်းဓေတဝန်ဆရာတော် (ဦးနာရဒ) ၈၄
၄၃။ တော်ကူးဆရာတော် (ဦးနန္ဒိယ) ၈၆
၄၄။ တောင်ပုလုဆရာတော် (ဦးနန္ဒိယ) ၈၈
၄၅။ မှလဝဏ္ဏာရုံဆရာတော် (ဦးနာရဒ) ၉၀
၄၆။ မော်လမြိုင်တောင်ဝေးလုံးဆရာတော် (ဦးနာဂသေနာဘိဝံသ) ၉၂
၄၇။ အင်းစိန်ရွာမစာသင်တိုက်ဆရာတော်ကြီး (ဦးနန္ဒဝံသ) ၉၄
၄၈။ ညောင်ပင်ဆိပ်တောရဆရာတော် (ဦးနရိန္ဒာဘိဓဇ) ၉၆
၄၉။ ပခုက္ကူထိပ်ပိန္နဲတောရဆရာတော် (ဦးနေမိန္ဒ) ၉၈
၅၀။ ပဒီဒေးမြို့ဆရာတော် (ဦးနန္ဒဝံသ) ၁၀၀


(ပ)


၅၁။ ဓုတ်တွင်းဆရာတော်ကြီး (ဦးပဏ္ဍိတ) ၁၀၂
၅၂။ ပထမမွေ့ရာဆရာတော် (ဦးပညာဝရ) ၁၀၄
၅၃။ မင်းကွန်းလေမဝေဠုဝန်ဆရာတော် (ဦးပဏ္ဍိတ) ၁၀၆
၅၄။ ဝက်တိုင်ရွှေဟင်သာဆရာတော် (ဦးပဏ္ဍိတသိရိ) ၁၀၈
၅၅။ အနီးစခန်းဆရာတော် (ဦးပဏ္ဍိတ) ၁၁၀
၅၆။ ကွမ်းခြံတောဆရာတော် (ဦးပညာသိရိ) ၁၁၂

၅၇။ ရွှေတောင်ကုန်းဆရာတော် (ဦးပဏ္ဍိတာဘိဝံသ) ၁၁၄
၅၈။ ပိနန်ဆရာတော် (ဦးပညာဝံသ) ၁၁၆
၅၉။ ဓမ္မဒူတဆရာတော် (ဦးပညာဇောတ) ၁၁၈

(မ)

၆၀။ ကိုးသဲလေးထပ်ဆရာတော် (ဦးမုနိန္ဒာဘိဓဇ) ၁၂၀
၆၁။ ညောင်လွန့်တောရဆရာတော် (ဦးမေဓာဝီ) ၁၂၂
၆၂။ မြောင်းမြစေတ္တဝတီဆရာတော် (ဦးမုနိန္ဒ) ၁၂၄

(ရ)

၆၃။ ဘုရားဖြူဆရာတော် (ဦးရာဇိန္ဒ) ၁၂၆
၆၄။ ဒေဝသာဂရသိမ်ကုန်းဆရာတော် (ဦးရေဝတ) ၁၂၈
၆၅။ ကသစ်ပိုင်ဆရာတော် (ဦးရေဝတ) ၁၃၀

(လ)

၆၆။ အိတာလျံဘုန်းတော်ကြီး (ဦးလောကနာထ) ၁၃၂

(ဝ)

၆၇။ မဟာဝိသုဒ္ဓါရုံဆရာတော် (ဦးဝိသုဒ္ဓါစာရ) ၁၃၄
၆၈။ စံကျောင်းဆရာတော် (ဦးဝါယာမ) ၁၃၆
၆၉။ မိုးကုတ်ဆရာတော် (ဦးဝိမလ) ၁၃၈
၇၀။ စလင်းကန်လယ်ဆရာတော် (ဦးဝရသမ္ဘာဒိ) ၁၄၀
၇၁။ ညော တုန်းရွှေဟင်္သာတောရဆရာတော် (ဦးဝိမလ) ၁၄၂
၇၂။ အနောက်ပရက္ကမဆရာတော် (ဦးဝဏ္ဏစ္စရ) ၁၄၄
၇၃။ အရှေ့ပရက္ကမဆရာတော် (ဦးဝါယာမ) ၁၄၆
၇၄။ သမြောက်ကန်ဆရာတော် (ဦးဝါသေဋ္ဌာဘိဝံသ) ၁၄၈
၇၅။ ညောင်ရွှေကန်ကြီးဆရာတော် (ဦးဝိမလ) ၁၅၀
၇၆။ မင်းကွန်းတိပိဋကဓရဆရာတော် (ဦးဝိစိတ္တသာရာဘိဝံသ) ၁၅၂

၇၇။ မအူပင်ပဥ္စမမြို့လယ်ဆရာတော် (ဦးဝါသဝါဘိဝံသ) ၁၅၄
၇၈။ အင်းဖိုင်းတောရဆရာတော် (ဦးဝိဇယ) ၁၅၆
၇၉။ တိပိဋကဓရဦးဝါယာမိန္ဒာဘိဝံသ (ဦးဝါယာမိန္ဒာဘိဝံသ) ၁၅၈
၈၀။ တိပိဋကဓရအရှင်ဝံသပါလာလင်္ကာရ (ဦးဝံသပါလာလင်္ကာရ) ၁၆၀

(သ)

၈၁။ ဘုန်းတော်ကြီးဦးသီလ (ဦးသီလာသာရ) ၁၆၂
၈၂။ ဂျုံးဂျုံးကျတောရဆရာတော် (ဦးသုဇာတ) ၁၆၄
၈၃။ မိုးညှင်းတောရဆရာတော် (ဦးသုမန) ၁၆၆
၈၄။ မစိုးရိမ်ဆရာတော်ကြီး (ဦးသုရိယာဘိဝံသ) ၁၆၈
၈၅။ ရွှေသိမ်တော်တောရကန်ဆရာတော် (ဦးသူရိယာဘိဝံသ) ၁၇၀
၈၆။ ပြည်နိဗ္ဗိန္ဓဆရာတော် (ဦးသိရိ) ၁၇၂
၈၇။ ဝန်းသိုခန္တီးဆရာတော် (ဦးသုဇန) ၁၇၄
၈၈။ ကမ္ဘာ့ဥဒ္ဒသာသနာပြုဆရာတော် (ဦးသေဋ္ဌိလာဘိဝံသ) ၁၇၆
၈၉။ ရွှေစေတီဆရာတော် (ဦးသုန္ဒရ) ၁၇၈
၉၀။ မဟာစည် ဆရာတော် (ဦးသောဘန) ၁၈၀
၉၁။ ဇလွန်မဒေးဆရာတော် (ဦးသုဇာတ) ၁၈၂
၉၂။ မြင်းခြံကိုးဆောင်တိုက်ဆရာတော် (ဦးသောဘိတ) ၁၈၄
၉၃။ ဗဟန်းပါဠိတက္ကသိုလ်ကျောင်းတုန်းဆရာတော် (ဦးသူရိယ) ၁၈၆
၉၄။ တိပိဋကဓရ (ယော) ဆရာတော် (ဦးသိရိန္ဒာဘိဝံသ) ၁၈၈
၉၅။ တိပိဋကဓရ ဂန္ဓာရုံဆရာတော် (ဦးသုမင်္ဂလာလင်္ကာရ) ၁၉၀
၉၆။ တိပိဋကဓရ သီလက္ခန္ဓာဘိဝံသ (ဦးသီလက္ခန္ဓာဘိဝံသ) ၁၉၂
၉၇။ ကျောင်းလေးပင်တောရဆရာတော် (ဦးအရိယ) ၁၉၄
၉၈။ ပန်းတနော်မြတောင်ဆရာတော် (ဦးအရိယဝံသ) ၁၉၆
၉၉။ အရိယာမဂ္ဂင်ဆရာတော် (ဦးအရိန္ဒမ) ၁၉၈
၁၀၀။ မျောက်တရာဆရာတော် (ဦးအာစရ) ၂၀၀

၁၀၁။ ပေါက်မြိုင်ဆရာတော် (ဦးအဂ္ဂဝံသ) ၂၀၂
၁၀၂။ အလိုတော်ပြည့်ဆရာတော် (ဦးအရိယဝံသ) ၂၀၄

(ဥ)

၁၀၃။ အုတ်ဖိုဆရာတော် (ဦးဥက္ကံသမာလာ) ၂၀၆
၁၀၄။ ပထမ မဟာဂန္ဓာရုံဆရာတော် (ဦးဥတ္တရ) ၂၀၈
၁၀၅။ တောင်တန်းနေယံခြားဆရာတော် (ဦးဥက္ကမသာရ) ၂၁၀

(ဣ)

၁၀၆။ ပဲခူးမြို့မဆရာတော် (ဦးဣန္ဒာစာရ) ၂၁၂
၁၀၇။ တောကျောင်းဆရာတော် (ဦးဣန္ဒက) ၂၁၄

(ဩ)

၁၀၈။ သုသာန်ဗောဓိကျောင်းဆရာတော် (ဦးဩဘာသ) ၂၁၆

# ပူဇော်သူ၏အမှာ

ကျေးဇူးတော်ရှင် ဆရာတော်ကြီး (၁၀၈)ပါး၏ အဆုံးအမဩဝါဒတော်များကို စာဖတ်သူများ၏လက်ဝယ်သို့ ကြိုးပမ်း၍ ပို့ဆောင်ပေးခဲ့ပါပြီ။ ဩဝါဒတော်များကို စီစဉ်ပူဇော်ရာတွင် စာရေးသူသည် မူ(၄)ချက်ထား၍ စီစဉ်ခဲ့ပါသည်။ ပူဇော်မည့် ဆရာတော်ကြီးများသည် –

၁။ ထေရုပ္ပတ္တိကို ခိုင်ခိုင်မာမာရှာဖွေတွေ့ရှိရမည်။

၂။ ဩဝါဒတော်များသည်လည်း တိုတိုနှင့်ရှင်းရှင်း ဖတ်ရသူ၏ နှလုံးသားထဲတွင် ကိန်းအောင်းစေရမည်။

၃။ ပုံတော်များ ရှာဖွေတွေ့ရှိဖော်ပြနိုင်ရမည်။

၄။ ပရိယတ်၊ ပဋိပတ်လုပ်ငန်းခွင်မှ ရှာဖွေတွေ့ရှိသမျှသော ဆရာတော်ကြီးများ၏ ဩဝါဒများကို ပူဇော်မည်ဟူ၍ စီစဉ်ခဲ့ပါသည်။

ဤသို့ ပူဇော်ရာတွင် စာရေးသူအဖို့ အခက်အခဲများစွာနှင့် တွေ့ခဲ့ရပါသည်။ အချို့သော ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိမှာ ပြည့်စုံသော်လည်း ဩဝါဒတို့ကို ရှာမရခဲ့ပါ။ အချို့ဆရာတော်ကြီးများမှာ ထေရုပ္ပတ္တိနှင့် ဩဝါဒကို ရှာဖွေ၍ရသော်လည်း ပုံတော်များကို ရှာဖွေ၍မရရှိခဲ့ပါ။ မူလကတည်းက ပုံတော်များ မရှိခြင်းလည်း ဖြစ်နိုင်ပါသည်။

အချို့သော ဆရာတော်ကြီးများမှာ ပူဇော်ထိုက်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ချန်လှပ်ခဲ့ရသည်လည်း ရှိပါသည်။ စာရေးသူလက်လှမ်းမမီခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ အခြေအနေပေးဦးမည်ဆိုလျှင် ကျန်ရှိနေသေးသည့် ဆရာတော်ကြီးများကိုလည်း ပုဂ္ဂိုလ်မရွေး၊ ဂိုဏ်းဂဏမရွေးဘဲ ရှာဖွေစုစည်း၍ ဒုတိယစာအုပ်ထပ်မံပူဇော်ရန် စီစဉ်ထားပါသည်။

ပညာရှိရဟန်း၊ ရှင်လူအပေါင်းတို့သည် ဒုတိယအုပ်ပူဇော်နိုင်ရေးအတွက် စာရေးသူကို အကြံဉာဏ်နှင့် အကူအညီများပေးပါက ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုလျက်ရှိပါကြောင်း မေတ္တာဝေ ရှေ့ထား၍ ပန်ကြားအပ်ပါသည်။

ကျော်နနွေအောင်

ကျေးဇူးတော်ရှင်

## စွန်းလွန်းဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ထိမှု သိမှု ထိုနှစ်ခု၊ သတိကြပ်ကြပ်ပြု
  ထိတော့သိလိမ့်မယ်၊ သိတဲ့အပေါ်မှာ သတိထား။

- အလုပ်ကိစ္စအားဖြင့် ထိတော့သိ၊
  သိတဲ့အပေါ်မှာ သတိထား။



ကျေးဇူးတော်ရှင်

# စွန်းလွန်းဆရာတော်ဘုရားကြီး၏

## ထေရုပ္ပတ္တိအကျဉ်း

(၁၂၃၉ - ၁၃၁၄)

ဆရာတော်လောင်းလျာကို မြင်းခြံမြို့နယ်၊ စွန်းလွန်းရွာကြီးတွင် အဘဦးသန့်၊ အမိဒေါ်တုတ်တို့မှ ၁၂၃၉ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ တနင်္လာနေ့ နံနက် ၄းဝဝနာရီတွင် ဖွားမြင်တော်မူသည်။ ငယ်နာမည် မောင်ကျော်ဒင်ဖြစ်သည်။ လယ်ထွန်ထွက်ရင်း နွားနှစ်ကောင်နှင့် ထွန်တုံးကိုထားခဲ့ပြီး ဘုန်းတော်ကြီးဦးဝီရိယထံတွင် သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ကဝိဖြစ်သည်။

၁၂၈၂ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ရက်၊ တနင်္လာနေ့ ညနေ ၄းဝ၉ နာရီအချိန်တွင် မိတ္ထီလာမြို့ ရေလယ်ကျောင်းတိုက် ဟင်းရန့်ကန် ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ညောင်လွန့်ဆရာတော်ကြီးနှင့် ဆရာတော်များက ကမ္မဝါဖတ်၍ ချီးမြှင့်တော်မူကြသည်။

ကမ္မဋ္ဌာန်းတရားကို ပေါက်မြောက်အောင် စွမ်းစွမ်းတမံအားထုတ်တော်မူသည်။ မြန်မာနိုင်ငံတွင် စွန်းလွန်းဆရာတော်ကြီးကို ရဟန္တာမထေရ်မြတ်ကြီး ဟုသမုတ်တော်မူကြသည်။ (ထေရုပ္ပတ္တိအကျယ်ကို ရှုပါရန်)

ဆရာတော်ကြီးသည် ၁၃၁၄ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ စနေနေ့ ညနေ ၅ နာရီအချိန်တွင် မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း၌ ခန္ဓာဝန်ချတော်မူပါသည်။ ဆရာတော်ကြီး၏ မပုပ်မသိုးသော ရုပ်ကလာပ်တော်ကို မြင်းခြံမြို့၌ ယခုတိုင် ဖူးမြော်နိုင်ကြပါသည်။

ကျေးဇူးတော်ရှင်

ရွှေဥဒေါင်းတောင်ဆရာတော်ကြီး၏

ဩဝါဒတော်



ယဉ်ကျေးသောစိတ်သည်
ချမ်းသာကိုဆောင်၏-တဲ့။
● စိတ်တို့ ဆုံးမရင်
လူချမ်းသာလည်းရနိုင်တယ်။
● နတ်ချမ်းသာလည်း ရနိုင်တယ်။
● နိဗ္ဗာန်ချမ်းသာလည်း ရနိုင်တယ်။
မြဲမြဲမှတ်ကြ။

ကျေးဇူးတော်ရှင်

# ရွှေဥဒေါင်းတောင်ဆရာတော်ကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၅၃–၁၃၄၆)

ဆရာတော်လောင်းလျာကို ၁၂၅၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ရက်၊ တနင်္လာနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပင်လောင်းမြို့နယ်၊ ပင်စင်ကျေးရွာတွင် အဖ ဦးနိုင် + အမိ ဒေါ်အွင်ဂ် တို့မှ ဖွားမြင်သည်။ ငယ်နာမည် မောင်ကြာအောင်ဖြစ်သည်။ ငယ်စဉ်ကပင် ပင်စင်ကျေးရွာဆရာတော် ဦးသာဂရထံတွင် ပညာသင်စဉ် ၁၂နှစ်သားတွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ကုမာရဖြစ်သည်။ သက်တော် ၂၀နှစ်တွင် ခမည်းတော်၊ မယ်တော်နှင့် ဒကာ၊ ဒကာမများ၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရမည်းသင်း သိမ်ကုန်း ကျောင်းတွင် ပညာသင်သည်။

၁၂၈၂ခုနှစ်တွင် မွေးရပ်မြေ ပင်စင်ရွာကျောင်းသို့ ပြန်ကြွပြီး ညောင်ရွှေမြို့၊ ကျားတွန်ကျောင်းတွင် သီတင်းသုံးသည်။ ၁၃၀၀ပြည့်နှစ်တွင် ကျားတွန်ကျောင်းမှ ရွှေဥဒေါင်းတောင်ပေါ်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသည်။ ဓုတင် ၇-ပါးဆောင်၍ မေတ္တာကမ္မဋ္ဌာန်းနှင့် အသုဘကမ္မဋ္ဌာန်းတို့ကို ပွားများတော်မူသည်။ ရဟန်းရှင်လူတို့၏ မိုးသေလေးမြွတ်ခြင်းကို ခံယူရရှိတော်မူသည်။

၁၃၄၆ခုနှစ်၊ ပြာသိုလဆန်း ၁၃ရက်နေ့တွင် ရွှေဥဒေါင်းတောင်တောရကျောင်း၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ကျေးဇူးတော်ရှင်

## သပိတ်အိုင်တောရဆရာတော်ကြီး၏

ဩဝါဒတော်



• ရုပ်မှန်း၊ နာမ်မှန်း၊ အနိစ္စအချက်မှန်း၊ ဒုက္ခ အချက်မှန်း၊ အနတ္တ အချက်မှန်း မသိဘဲလျက် ထွက်သက်လေ၊ ဝင်သက်လေကိုသာ အာရုံပြု၍ မှတ်နေလျှင် သမထပင် ဖြစ်သည်။

ရုပ်မှန်း၊ အနတ္တအချက်မှန်းသိလျက်၊ ထိုနာမ်ရုပ် တို့၏အချက်ကို လက္ခဏာတင်၍ သုံးသပ်ပါမှ ဝိပဿနာဖြစ်လေတော့၏။

ကျေးဇူးတော်ရှင်

# သပိတ်အိုင် တောရဆရာတော်ကြီး၏

## ထေရုပ္ပတ္တိအကျဉ်း

(၁၂၅၅-၁၃၃၁)

ဆရာတော်လောင်းလျာကို ၁၂၅၅ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ တနင်္လာ နေ့တွင် ဖွားမြင်တော်မူသည်။ ၁၂၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ နံနက် ၈း၅၀ နာရီ တွင် သပြေပင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ဦးကိတ္တိဖြစ်သည်။ ဘုန်းတော်ကြီး ဦးသီလနှင့် ညောင်လေးပင်တောရ ဆရာတော်ကြီးများထံတွင် ပရိယတ်၊ ပဋိပတ်ကို သင်ယူတော်မူသည်။

၁၂၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁ရက်နေ့မှစ၍ ပဋိပတ်အလုပ်ကို တစ်ပါးတည်း ဧကစာကျင့်သုံး၍ အရိုးကြေကြေ၊ အရေခန်းခန်း ရှုမှတ်ပွားများတော်မူသည်။ ၁၂၈၈ ခုနှစ်မှစ၍ ၁၃၃၁ ခုနှစ် ပျံလွန်တော်မူသည့်အထိ နှစ်ပေါင်း ၄၀ ကျော်တိုင်တိုင် သပိတ်အိုင်တောရ၌ တစ်ပါးတည်း သီတင်းသုံးတော်မူခဲ့သည်။ သပိတ်အိုင်တောရသည် သထုံခရိုင်၊ ပေါင်မြို့နယ်အပိုင်၊ ကျုံ့ကရွာကို ဂေါစရဂါမ်ပြုသည်။

ဆရာတော်ကြီးသည် ၁၃၃၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ သက်တော် ၇၆၊ ဝါတော် ၅၆ တွင် သပိတ်အိုင်တောရ၌ပင် ခန္ဓာဝန်ချတော်မူခဲ့လေသည်။

ကျေးဇူးတော်ရှင်

## ဝေဘူဆရာတော်ဘုရားကြီး၏

### သြဝါဒတော်

- သင်ကြားမှတ်သားထားချက်တွေ ပြော၍မကုန်နိုင်အောင် အများကြီး တတ်သိကြ၏။
- ထိုသို့များစွာရှိသော်လည်း ကြိုက်ရာတစ်ခုခုကိုသာ ရှုရှုမှိုက်ကိုက် ဝီရိယသန်သန်နှင့် မှန်မှန်လုပ်ရန်သာ အရေးကြီးသည်။



ကျေးဇူးတော်ရှင်

# ဝေဘူဆရာတော်ဘုရားကြီး၏

## ထေရုပ္ပတ္တိအကျဉ်း

(၁၂၅၇-၁၃၃၉)

ဆရာတော်လောင်းလျာကို ၁၂၅၇ ခု၊ တပေါင်းလဆန်း ၆ရက်၊ တနင်္လာနေ့ နံနက် ၄ နာရီကျော်တွင် ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ အင်ကြင်းပင်ရွာ၌ အဘ ဦးလှုဖေ + အမိ ဒေါ်ကျင်နု တို့မှ ဖွားမြင်တော်မူသည်။ ငယ်နာမည် မောင်ကျော်ထွန်းဖြစ်ပြီး သားသမီး ၄ ယောက်အနက် သားကြီးဖြစ်သည်။ ၁၀ နှစ်သားအရွယ်တွင် အင်ကြင်းပင်ကျောင်းဆရာတော် ဦးသုမနထံတွင် ရှင်သာမဏေ ဝတ်သည်။ ဘွဲ့တော်မှာ ရှင်ကုမာရဖြစ်သည်။ ၁၂၇၇ ခုနှစ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ကံဆွယ်တောရဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

၁၂၈၅ ခုနှစ်တွင် ရွှေဘိုမြို့ မုသိမ်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်သို့ ကြွရောက်၍ တရားအားထုတ်သည်။ သီတင်းသုံးရာ ဝေဘူတောင်ကို အစွဲပြု၍ ဝေဘူဆရာတော်ဘုရားကြီးဟု ထင်ရှားသည်။

မြန်မာနိုင်ငံတော်၏ ပဋိပတ်အကျော် ဝေဘူဆရာတော်ဘုရားကြီးသည် သက်တော် ၈၂နှစ်၊ သိက္ခာတော် ၆၂ ဝါ အရ ၁၃၃၉ ခု၊ ပထမဝါဆိုလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့ ည ၇း၀၀ နာရီတွင် ဇာတိရပ်မြေ အင်ကြင်းပင်ကမ္မဋ္ဌာန်းဌာန၌ စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူပါသည်။

ကျေးဇူးတော်ရှင်

## ဖျာပုံဂူကြီးဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

လူမှာ ရုပ်နှင့်နာမ် နှစ်ပါးပဲရှိတယ်။
ရုပ်ရှိနေရင်တော့ ဝေဒနာလည်း ရှိနေမှာပဲ။
ရုပ်ရှိနေလို့ ဝေဒနာခံစားရတာပဲ။
အဲဒီ ခံစားမှုဝေဒနာကို သိအောင်ရှုကြရမယ်။



ကျေးဇူးတော်ရှင်

# ဖျာပုံဂွကြီး ဆရာတော်ဘုရားကြီး၏

## ထေရုပ္ပတ္တိအကျဉ်း

(၁၂၅၉-၁၃၅၃)

ဆရာတော်လောင်းလျာကို ရောဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ ဘုရားကုန်းကျေးရွာတွင် အဘ ဦးဖဲ + အမိ ဒေါ်စိန်တုတ် တို့မှ ၁၂၅၉ ခု၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်ပါသည်။ ငယ်မည် မောင်အေးမောင် ဖြစ်သည်။ ညီအစ်ကိုနှစ်ယောက်အနက် အကြီးဖြစ်သည်။ ၁၂၉၄ ခုနှစ်တွင် ဘုရားကုန်းကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ကေသရဖြစ်သည်။ တောင်မြို့ စာချအကျော်ဆရာကြီး ဦးအုန်းထံတွင် ပရိယတ္တိကို ပေါက်မြောက်အောင် သင်ယူသည်။ ၁၂၉၉ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်နေ့တွင် ဖျာပုံမြို့ အဝပြန်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

၁၃၀၈ ခုနှစ်တွင် ဂွကြီးကျောင်းတိုက်ကို လွှဲအပ်ခြင်းခံရ၍ ကျောင်းထိုင်ကာ စာပေပို့ချသည်။ ဆင္ဃသင်္ဂီတိကာရက - ပဋိပုစ္ဆကအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ဓုတင်များကိုလည်း စွမ်းသလောက် ဆောက်တည်တော်မူ၍ ပျံလွန်တော်မူသည်အထိ ဆွမ်းခံဝတ်ကို အပျက်မခံခဲ့ပေ။

သာသနာ့တာဝန်များကို မနားမနေ ၄၅ ဝါ တိုင်အောင် ထမ်းတော်မူခဲ့၍ ၁၃၅၃ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ သောကြာနေ့ ညနေ ၅ နာရီတွင် ၁၁၀ နတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## မှော်ဘီသာသနာ့ဝန်ဆောင်ကျောင်း ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က မြတ်စွာဘုရားကို လေးနက်ရှိုင်းတဲ့ သဒ္ဓါတရားနဲ့ ကြည်ညိုမယ်၊ အရိယာပုဂ္ဂိုလ်တွေ အစဉ်တော် လေးမြတ်ချီးကျူးအပ်တဲ့ ငါးပါးသီလကျင့်ဝတ်နဲ့ ပြည့်စုံမယ်၊ သံဃာတော်ကို ကြည်ညိုလေးစားမယ်၊ ဖြောင့်မတ်မှန်ကန်တဲ့ ဉာဏ်အမြင်ရှိမယ်၊ ဒီလိုအဘက်ဘက်က ပြည့်စုံနေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်မျိုးဟာ သူဆင်းရဲ မတွေ့တော့ပါဘူး။
- အဲဒီပုဂ္ဂိုလ်ရဲ့ အသက်ရှင်ခြင်းက အချည်းနှီးအလဟဿမဖြစ် ပါဘူး။ အသက်ရှည်သလောက် အကျိုးများပါတယ်။



ကျေးဇူးတော်ရှင်

## မှော်ဘီ သာသနာ့ဝန်ဆောင်ကျောင်း ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၈၀-၁၃၆၃)

ဆရာတော်လောင်းလျာကို ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ သစ်ဝရွာတွင် အဖဦးမောင်ကျန် + အမိဒေါ်ငယ် တို့မှ ၁၂၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်ပါသည်။ ၁၂၉၅ ခုနှစ်တွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ကုမာရဖြစ်သည်။ ၁၃၀၁ ခုနှစ်၊ တပေါင်းလပြည့်နေ့ ၁၂ နာရီတွင် တောင်နီဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ပါသည်။

မြောင်းမြဆရာတော်ကြီး၊ ဆရာတော်ဦးဉာဏိက၊ လပွတ္တာမြို့ လေးထပ်ဆရာတော် အရှင်ကုသလ၊ လက်ပံတန်းမြို့ အဘိဓဇ သဒ္ဓမ္မောဒယဆရာတော်၊ မန္တလေး မစိုးရိမ်ဆရာတော်၊ စစ်ကိုင်း ပဌာန်းသိပ္ပံဆရာတော်၊ တောင်မြို့ဆရာတော်ကြီးများထံတွင် စာပေပရိယတ္တိများကို သင်ယူခဲ့ပါသည်။ ၁၃၁၁ ခုနှစ်တွင် သာသနဓဇသီရိပဝရဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပါသည်။ မြောင်းမြမြို့ ပဇ္ဇောတာရုံကျောင်းတိုက်တွင် စာပေများပို့ချခဲ့ပါသည်။ ပါဠိတက္ကသိုလ် ဇဟိုကိုယ်စားလှယ်၊ မြို့နယ် သံဃနာယကတာဝန်၊ သံဃသမ္မုတိတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၃၃၃ ခုနှစ်တွင် မြောင်းမြမြို့၌ မြောင်းမြဆရာတော်ကြီးနှင့်အတူ တိုက်သစ်ပဇ္ဇောတာရုံကျောင်းတိုက်ကို တည်ထောင်ခဲ့ပါသည်။

၁၃၄၇ ခုနှစ်တွင် မှော်ဘီမြို့၊ အင်းလျက်ကျေးရွာအုပ်စု၊ ရေပြာရွာ၌ သာသနာ့ဝန်ဆောင်ကျောင်းတိုက်ကို တည်ထောင်ခဲ့ပါသည်။ အလင်္ကာပန်းကုံး၊ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများအပါအဝင် ကျမ်း (၁၂) အုပ် ပြုစုရေးသားခဲ့ပါသည်။

ဆရာတော်ကြီးသည် မြောင်းမြပဇ္ဇောတာရုံတိုက်သစ်နှင့် မှော်ဘီသာသနာ့ဝန်ဆောင်ကျောင်းတိုက်တို့တွင် ပဓာနနာယကဆရာတော်ကြီးအဖြစ်ဦးစီး၍ သာသနာပြုတော်မူရင်း ၁၃၆၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၀)ရက်၊ ကြာသပတေးနေ့ည (၁၁း၀၀) နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

စိတ်ကြိုက်စာပေ

ကျေးဇူးတော်ရှင်

## သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- အပြစ်ပြလျက်၊ ဆုံးမလျက်၊
  နှစ်သက်ခံယူသည်။
- ရွှေအိုးပေးလား၊ ပုံပမာ
  များစွာနှစ်သက်သည်။
- ပညာရှိသူ၊ ပေါင်းသင်းမှု၊
  ဤလူမြင့်မြတ်သည်။



### ကျေးရွှေတော်ရှင်

## သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း

### (၁၂၈၃- )

ဆရာတော်လောင်းလျာကို ၁၂၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ တနင်္လာနေ့တွင် အဖ ဦးသာဖြိုး + အမိ ဒေါ်ပု တို့မှ ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ဝင်းကဒက်ကျေးရွာတွင် ဖွားမြင်သည်။ ၁၀ နှစ်အရွယ်တွင်ရှင်သာမဏေပြုသည်။ အသက် ၂၀ အရွယ်တွင် ဝေါမြို့နယ်၊ ဘိုးစမ္ပာယ်ရွာ ကန်ကြီးကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်ကုဏ္ဍလ ဖြစ်သည်။ ညောင်လေးပင်တောရ၊ ရန်ကင်းမြို့နယ်၊ မေဒိနီကျောင်းတိုက်၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်တို့တွင် ပရိယတ္တိစာပေသင်ယူသည်။ သာသနပါလဓမ္မာစရိယနှင့် သာသနဓဇသီရိပဝရဓမ္မာစရိယ အောင်မြင်တော်မူခဲ့သည်။

ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက်တွင် စာပေများပို့ချခဲ့သည်။ ၃၆ ဝါ အရောက်တွင် ကျေးရွှေရှင်မဟာစည်ဆရာတော်ကြီးထံတွင် ပဋိပတ်အလုပ်ကို အားထုတ်တော်မူသည်။ ဆရာတော်ဘုရားကြီး ခွင့်ပြုချက်အရ ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်တော်မူသည်။

သိက္ခာတော် ၃၈ ဝါ အရတွင် ဆရာတော်ကြီး၏ ခွင့်ပြုချက်အရ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဥဂ္ဂာစာဂီကျောင်းလမ်းတွင် သဒ္ဓမ္မရံသီရိပ်သာကို ထူထောင်၍ ဝိပဿနာကမ္မဋ္ဌာန်းတရားများကို ယခုထိတိုင် ဟောကြားပြသလျက်ရှိပါသည်။

ကျေးဇူးတော်ရှင်

## မကွေး ဦးကုမာရ ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်

- မိမိပြုဖွယ်ရာလုပ်ငန်းတော်စုတို့ကို အချိန်မှန်မှန် အိပ်ရာမှထ၍ ပြုလုပ်ရာ၏။
- အချိန်မှန်မှန် အလုပ်ကို ရုပ်သိမ်းရာ၏။
- ဘေးရန်မရှိဟုထင်မှတ်ရသော အရပ်မှာပင် မထင်ခြင်း မစူးစမ်းဘဲ မသွားလာ၊ မပြုလုပ်ရာ။
- အကျိုးရှိမည်ထင်လျှင် တောနက်၊ တောတောင်သော်လည်း တန်းသွား အ-သူပဇာ သည်းခံတတ်စေရာ၏။
- အကျိုးရှိမည့်အလုပ်မှန်လျှင် ပြည်သူတကပင် နှောင့်ယှက်ဖျက်ဆီးစေကာမူ စိတ်မပျက်၊ လက်မလျှော့ဘဲ ခွဲမြဲစွာ လုပ်ကိုင်ရာ၏။



ကျေးဇူးတော်ရှင်

## မကွေး ဦးကုမာရ ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၈၄ - ၁၃၇၁)

ဆရာတော်လောင်းလျာကို ၁၂၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ တနင်္လာနေ့တွင် မင်းဘူး (စကု) မြို့နယ်၊ လေးအိမ်တန်းကျေးရွာ၌ အဘ ဦးထွန်းကြွယ် + အမိ ဒေါ်ပိုးမျှင်တို့မှ ဖွားမြင်သည်။ ၁၃ နှစ်သားအရွယ်တွင် ရှင်သာမဏေဖြစ်သည်။ ၁၃၀၄ ခုနှစ်တွင် ရဟန်းအဖြစ်သို့ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်ကုမာရဖြစ်သည်။ ရေစကြို၊ မကွေး၊ မန္တလေးစသည့် စာသင်တိုက်ကြီးများတွင် ပရိယတ္တိစာပေများကို ပေါက်မြောက်အောင် သင်ယူတော်မူသည်။ သာသနဓဇသိရီပဝရဓမ္မာစရိယနှင့် သီရောမဏိဘွဲ့တို့ကို ဆွတ်ခူးအောင်မြင်တော်မူခဲ့သည်။

၁၃၁၄ ခုနှစ်တွင် မကွေးမြို့၊ မဟာဝိသုတာရာမတိုက်ကြီးတွင် ဂဏဝါစက စာချအဖြစ်တာဝန်ယူ၍ ယင်းတိုက်ကြီးကို ဦးဆောင်ဆရာတော်အဖြစ် အုပ်ချုပ်တော်မူလျက် စာပေများကို ပို့ချခဲ့သည်။ လူဝေလူဖြစ် ဝိနိစ္ဆယတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး အဘိဓမ္မာ ညွှဝါကျမ်းစာများကို ရေးသားတော်မူခဲ့သည်။

၁၃၅၀ ခုနှစ်တွင် နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ဆက်ကပ်ခဲ့ပါသည်။ ထို့နောက် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ခြင်း ခံယူတော်မူရသည်။ ဆရာတော်ကြီးသည် မဟာဝိသုတာရာမတိုက်ကြီးကို ပဓာနနာယကဆရာတော် အဖြစ် အုပ်ချုပ်စီမံရင်း နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ကြီးတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူလျက် သာသနာ့တာဝန်များကို ဆောင်ရွက်နေစဉ် ၁၃၇၁-ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်၊ တနင်္လာနေ့၊ မွန်းလွဲ ၁း၄၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ ပျံလွန်တော်မူစဉ် သက်တော် ၈၈နှစ်၊ သိက္ခာတော် ၆၈ ဝါ ရှိပြီဖြစ်ပါသည်။

ကျေးဇူးတော်ရှင်

## မင်းလှ ဝေဠုဝန် (တတိယ) ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ကိုယ်တော်တို့၊
ကျေးဇူးရှင်တွေကို ကျေးဇူးဆပ်ကြပါ။
ကျောင်းတိုက် စည်းကမ်းအတိုင်းနေရင်
ကျောင်းတိုက်နှင့် ဆရာသမားတွေကို
ကျေးဇူးဆပ်တာပဲ။

- မိမိကျင့်ဝတ်နှင့်ညီအောင်နေရင်
ဒကာ၊ ဒကာမတွေကို
ကျေးဇူးဆပ်တာပဲ။



ကျေးဇူးတော်ရှင်

## မင်းလှ ဝေဠုဝန် (တတိယ) ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၈၆- )

ဆရာတော်လောင်းလျာကို ၁၂၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ တနင်္လာနေ့တွင် သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ အောက်ကိုင်းလေးရွာတွင် အဖ ဦးဘိုးဒေါင်း ၊ အမိ ဒေါ်ငွေကျင်တို့မှ ဖွားမြင်ပါသည်။ ငယ်မည် မောင်ကြီးရွှေ၊ မွေးချင်း ၄ ဦး အနက် တတိယသားဖြစ်သည်။ ၁၂၉၇ ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်ကုဏ္ဍလဖြစ်သည်။

မြောင်းမြမြို့၊ ပဖွောတာရုံတိုက်၊ ပဲခူးသာသနာ့မဏ္ဍိုင်ဆရာတော်များထံတွင် ပရိယတ္တိစာပေကို သင်ယူသည်။ ၁၃၁၇ ခုနှစ်တွင် သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူသည်။ ပဖွောတာရုံတိုက်တွင် ဒုတိယ နာယကဆရာတော်အဖြစ် ၁၈ နှစ်တိုင်တိုင် စာဝါများ ပို့ချခဲ့သည်။ ၁၃၃၂ ခုနှစ်တွင် မင်းလှမြို့၊ ဝေဠုဝန်ဆရာတော်ကြီးထံမှ ဝေဠုဝန်ကျောင်းတိုက်ကို ဆက်ခံ၍ စာသင်တိုက်အဖြစ် ထူထောင်ခဲ့သည်။

၁၃၃၇ ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့သည်။ ယခုအခါ ဆရာတော်ကြီးသည် စာသင်သား ၁၀၀ ကျော်ကို အုပ်ချုပ်လျက် စာဝါများပို့ချကာ ပရိယတ္တိသာသနာတော်ကို ပြုစု၍ သာသနာပြုလျက်ရှိနေပါသည်။

ကျေးဇူးတော်ရှင်

## လယ်တီအရှင်ဇောတကာသ ဆရာတော်ဘုရားကြီး၏
## ဩဝါဒတော်

- ဝိနည်းမည်သည် သာသနာတော်၏ အမြစ်ရင်းတည်း။ ဝိနည်းမတည်ခဲ့သော် သာသနာသည် မတည်နိုင်။
- ထို့ကြောင့် သာသနာတော် ရှည်မြင့်စွာတည်စေရန် ဝိနည်းကို တဲ့ရဲ့သာရာနှင့် ကြီးလေးသော အာပတ်ကို မသင့်တော်မူအပ်ကုန် မှတ်အပ်၏။



ကျေးဇူးတော်ရှင်

# လယ်တီအရှင်ကေလာသ ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၈၈- )

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊ ဖောင်းပြင်မြို့နယ်၊ သရောင်းရွာတွင် ၁၂၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ တနင်္လာနေ့ညဉ့် ၁ နာရီကျော်၌ အဖ ဦးချင်းဖဲ + အမိ ဒေါ်ရေပိုင်းတို့မှ ဖွားမြင်ပါသည်။ မွေးချင်း ၉ ဦး အနက် သားအကြီးဖြစ်သည်။ ၁၂၉၃ ခုနှစ်တွင် သရောင်းရွာ မူလတန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ လယ်တီဆရာတော်ကြီး၏ သုံးလူ့ရှင်ပင်ခုနစ်နေ့ ဘုရားရှိခိုးနှင့် တွေ့ခွင့်ရခဲ့သည်။ ၁၂၉၇ ခုနှစ်တွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ကေလာသဖြစ်သည်။ ၁၃၀၇ ခုနှစ်တွင် မြင်သာရွာကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ရောက်သည်။

ကြာအင်းကြီးဆရာတော် ဘဒ္ဒန္တဂန္ဓမာ၊ မုံရွာမြို့ မဟာလယ်တီတိုက်တို့တွင် ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။ ၁၃၂၃ ခုနှစ်တွင် သာသနဓဇမှာ စရိယ (ဝိနယပါဠိပါရဂူ) ဘွဲ့တို့ကို အောင်မြင်ခဲ့သည်။

ဆရာတော်ကြီးသည် ယခုအခါတွင် မဟာလယ်တီတိုက်တွင် ရဟန်းသာမဏေများအား ထိန်းသိမ်းစောင့်ရှောက်လျက် စာပေများကို ပို့ချ၍ ပရိယတ္တိသာသနာတော်ကို မြှင့်တင်လျက် သီတင်းသုံးနေတော်မူပါသည်။

ကျေးဇူးတော်ရှင်

## မြသိန်းတန်ဆရာတော် ဦးကောသရ (ပခုက္ကူ)၏

ဩဝါဒတော်

- ယုံလွယ်သူအား
  အမှားများ
  ထင်ရှားကြုံတတ်ပါ။

- ယုံခဲသူအား
  အမှန်များ
  မှတ်သား တွေ့တတ်ပါ။



ကျေးဇူးတော်ရှင်

## မြသိန်းတန်ဆရာတော် ဦးကေသရ (ပခုက္ကူ)၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၈၈- )

ဆရာတော်လောင်းလျာကို ပဲခူးတိုင်း ပန်းကြီးမြို့နယ်၊ စည်သာရွာတွင် အဖ ဦးဖိုးပ+ အမိ ဒေါ်သူလှည့် တို့မှ ၁၂၈၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့ နံနက် ၃း၄၅တွင် ဖွားမြင်သည်။ ငယ်မည် မောင်ဘဟန်ဖြစ်သည်။ ၁၂၉၉ ခုနှစ် တွင် ရွာဦးကျောင်းဆရာတော်ထံတွင် ရှင်သာမဏေဖြစ်သည်။ ၁၃၀၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့တွင် မြင်းခြံမြို့နယ်၊ လေးအိမ်တန်း မြေနုကျောင်းတွင် မြင်းခြံကိုးဆောင် ဆရာတော်ကြီး ဦးဣန္ဒြိယကို ဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ်သို့ ရောက်ပါသည်။

ပခုက္ကူဆရာတော်ကြီးများ၊ မန္တလေးမြို့ မဟာနန္ဒီသေနာရာမတိုက်၊ ဘုရားကြီးတိုက်၊ အမရပူရမင်္ဂလာတိုက်သစ်ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများ သင်ယူခဲ့သည်။ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို အောင်မြင်ခဲ့သည်။ မဟာနန္ဒီသေနာရာမတိုက်၊ ညောင်လေးပင်မြို့၊ ဒက္ခိဏာရာမတိုက်၊ စည်သာရွာကျောင်းတို့တွင် စာဝါများပို့ချခဲ့သည်။ ၁၃၂၃ ခုနှစ်တွင် ပုဇွန်တောင်မြို့နယ်၊ မြသိန်းတန်ကျောင်းတိုက်သို့ရောက်၍ စာဝါများပို့ချခဲ့သည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်သည်။ ကျမ်းပေါင်း ၁၁ ကျမ်း ရေးသားပြုစုထုတ်ဝေခဲ့ပြီးဖြစ်သည်။ ပခုက္ကူ အရှင်ကေသရ၊ မြသိန်းတန်ဆရာတော်၊ ဒဂုံဝတ်မှုံကလောင်အမည်များဖြင့် စာပေများရေးသားလျက်ရှိပါသည်။

၁၉၉၅ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့နှင့် ၂၀၀၀ ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်တို့ကို နိုင်ငံတော်မှ ဆက်ကပ်ခြင်းကို ခံယူသည်။ ယခုအခါ ဆရာတော်သည် မြသိန်းတန်ကျောင်းတိုက်ကြီးတွင် စာပေများပို့ချလျက် ဂဏ္ဍဝါစက၊ ဝိပဿနာဓုရကဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

ကျေးဇူးတော်ရှင်
## တိပိဋကဓရ (ပြည်) ဦးကောသလ္လ ဆရာတော်ဘုရားကြီး၏
ဩဝါဒတော်

ဖြစ်ချင်တာဖြစ်တဲ့ လောကသံသရာမှာ
အပိုင်လိုပါလျှင် အထုပ် ထုပ်၊
သူတော်ကောင်းများအလုပ်။

ရှေးကကောင်းလို့ ခုကောင်းကယ်။
အခုကောင်း။ နောင်ကောင်းပါလိမ့်မယ်။

ကောင်းတာပြုမှ၊ ကောင်းတာရ၊
ကောင်းမှ ကောင်းစားမည်။
ကောင်းဆိုးနှစ်တန်၊ ကံစီမံ၊ ခံကြရမည်။



ကျေးဇူးတော်ရှင်

## တိပိဋကဓရ (ပြည်) ဦးကောသလ္လ ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၈၉- ၁၃၅၇)

ဆရာတော်လောင်းလျာကို ပြည်မြို့နယ်၊ ဝက်ထီးကန် ဝါးရုံဆိပ်ရွာ၌ အဘ ဦးဘိုးရင် + အမိ ဒေါ်ဒေါင်းစိန်တို့မှ ၁၂၈၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူပါသည်။ မွေးချင်းသုံးယောက်အနက် သားကြီးဖြစ်သည်။ ငယ်နာမည် မောင်ကျော်စိန်ဖြစ်သည်။ ၁၃နှစ်သားအရွယ် တွင် ဝါးရုံဆိပ်ရွာကျောင်းတွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ကောသလ္လ ဖြစ်သည်။ ၁၃၀၈ ခုနှစ်တွင် ပွင့်လှသိမ်ကုန်းကျောင်းတိုက်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။ ပွင့်လှသိမ်ကုန်းကျောင်း၊ မန္တလေး မြို့ ဘုရားကြီးတိုက်၊ စကုတိုက်၊ မိုးကောင်းတိုက်၊ ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရာမ တိုက်၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး၊ ညောင်ကုန်းကျောင်းတိုက် အသီးသီးတွင် ပရိယတ္တိစာပေများကို သင်ယူတော်မူခဲ့သည်။

၁၃၂၅ ခုနှစ်၊ ဆယ့်ခြောက်ကြိမ်မြောက် တိပိဋကစာမေးပွဲကြီးတွင် တိပိဋက ဓရအောင်ပန်းကို ဆွတ်ခူးခဲ့ပါသည်။ ၁၃၃၈ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်တွင် ရန်ကင်းမြို့နယ်၊ ကံဘဲ့သစ္စာဂါဒီကုန်းမြေရှိ ပဋ္ဌာနိကာယသာသနာ့ဗိမာန်သို့ ရောက်ရှိ၍ သီတင်းသုံးကာ သာသနာရေးကိစ္စများကို သာသနာပြုဆောင်ရွက်တော်မူသည်။ ပရိယတ်, ပဋိပတ်အပြင် ကျမ်းစာများလည်း ရေးသားတော်မူခဲ့ပါသည်။

သက်တော် ၆၉ နှစ်၊ ၁၃၅၇ ခုနှစ်တွင် ရန်ကုန်မြို့ ပဋ္ဌာနိကာယသာသနာ့ ဗိမာန်ကျောင်းတိုက်၌ တစ်ဘဝဇာတ်သိမ်းတော်မူပါသည်။


ကျေးဇူးတော်ရှင်
ဖားအောက်တောရ သစ်သီးဆရာတော်ဘုရားကြီး၏
ဩဝါဒတော်
ဒုက္ခရှိလျှင်
ဝေဒနာရှိနေမှာမဆန်း။
ဒုက္ခရှိနေသမျှ
ဒုက္ခကမလွတ်သေးဘူး။

ကျေးဇူးတော်ရှင်

## ဖားအောက်တောရ သစ်သီးဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၆၃– ၁၃၃၄ )

ဆရာတော်လောင်းလျာကို ၁၂၆၃ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ တနင်္လာနေ့ အရုဏ်တက်တွင် မော်လမြိုင်မြို့နယ်၊ ဖားအောက်ကျေးရွာတွင် အဘဦးရာ၊ အမိ ဒေါ်ငြိမ်းဒွေတို့မှ ဖွားမြင်တော်မူသည်။ ငယ်မည်မှာ မောင်ကံထူး ဖြစ်သည်။ ၁၄ နှစ်သားအရွယ်တွင် ကော့ခမယ်ရွာ၊ ဘုန်းတော်ကြီး ဦးသီလထံတွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ဓေမာဝန္တဖြစ်သည်။ ကတိုးကော့နှပ်ရွာတွင် ၁၉ နှစ်သားအထိ ပရိယတ္တိစာပေကို သင်ကြားသည်။ ၁၂၈၂ ခုနှစ်တွင် ဖားအောက်ရွာရှိ ဆရာဘုန်းကြီး ဦးသီလကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

စစ်ကိုင်းတောင် မဟာဂန္ဓာရုံကျောင်း၊ ချမ်းအေးဆရာတော်ကြီးထံတွင် ပရိယတ်, ပဋိပတ်တို့ကို လက်ရင်းကျကျ နည်းခံယူသည်။ ၁၂၈၇ ခုနှစ်တွင် စစ်ကိုင်းတောင်မှ ဖားအောက်ရွာသို့ ပြန်ကြွပြီး ရွာနှင့်မဝေးသော တောင်ခြေတွင် တစ်ပါးတည်း ကောစာရီ သီတင်းသုံးပြီး ပဋိပတ်နှင့် ဓုတင်ကျင့်ဝတ်တို့ကို စွမ်းနိုင်သမျှ ကျင့်ကြံတော်မူသည်။ သက်သတ်လွတ် ဘုဉ်းပေးသည့်ကို အစွဲပြု၍ သစ်သီးဆရာတော်ကြီးဟု ထင်ရှားသည်။

သီတင်းသုံးသည့် ဖားအောက်တောရတွင် ၁၃၃၄ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ညနေ ၃နာရီတွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူပါသည်။

ကျေးဇူးတော်ရှင်

## ဟသ်ာတမြို့ လယ်တီကျောင်းတိုက်ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်

- ပြောတိုင်း၊ ဆိုတိုင်း၊ လှုပ်ရှားတိုင်း၊ ကျိုးမဲ့ပြုလွယ် ကျိုးရှိပြုခက် ဖြစ်တတ်ကြပါတယ်။ အဲဒီအချက်ကို ပုဗ္ဗိုလ်တိုင်း သတိထားကြ ရမှာပါ။
- ကျိုးမဲ့ပြုလွယ်ဆိုတဲ့အတိုင်း အကျိုးမဲ့အမှုကို လွယ်လွယ် ပြုတတ်ကြပါတယ်၊ ပါးစပ်ကပြောရမှာလည်းမကြောက်၊ ကိုယ်အမူအရာနဲ့ ပြုရမှာလည်းမကြောက်၊ လွယ်လွယ် ပြော၊ လွယ်လွယ်အပြစ်တင် တတ်ကြပါတယ်။ ဤအမူ မှန်သမျှ အမည်းစက်ထင်သွားပြီး အဲဒီ အမည်းစက်ကို ဖြူစင်သန့်ရှင်းအောင် အားထုတ်ဖို့ သိပ်မလွယ်ကူ လှပါဘူး။ ဒါကြောင့် ဘယ်လိုက်စွမျိုးမဆို -

  ကျိုးမဲ့ပြုလွယ်၊ ကျိုးရှိပြုခက်၊ ဤနှစ်ချက်
  မပျက်သတိထား-ကို နှလုံးသွင်းစေချင်ပါတယ်။



ကျေးဇူးတော်ရှင်

# ဟသ်ာတမြို့ လယ်တီကျောင်းတိုက်ဆရာတော်ဘုရားကြီး၏

## ထေရုပ္ပတ္တိအကျဉ်း

## (၁၂၇၃- ၁၃၆၄ )

ဆရာတော်လောင်းလျာကို ရောဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ သပြေကုန်းရွာတွင် အဖ ဦးဘိုးကြွယ်၊ အမိ ဒေါ်လှ တို့မှ ၁၂၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့ နံနက် (၉း၀၀) တွင် ဖွားမြင်ပါသည်။ ၁၂ နှစ်အရွယ်တွင် ကံသုကာရုမ်ကျောင်းဆရာတော်ထံတွင် ရှင်သာမဏေဖြစ်သည်။ ၁၂၉၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်တွင် ကံသုကာရုမ်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်ခမာစုမဖြစ်သည်။

ဟင်္သာတမြို့ လယ်တီကျောင်း၊ အင်္ဂပူမြို့ ကန်ဆည်ကျောင်း၊ လက်ပံတန်းမြို့ သဒ္ဓမ္မောဒယ ဆရာတော်များထံတွင် ပရိယတ္တိစာပေကိုသင်ယူသည်။ ၁၃၀၂ ခုနှစ်တွင် ဟင်္သာတမြို့၊ လယ်တီကျောင်းတိုက်ကြီးကို တာဝန်ယူဆောင်ရွက်ခွင့်ရသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွင် အဆင့်ဆင့်သာသနာ့တာဝန်ကို ထမ်းဆောင်ရင်း ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။ စာပေကျမ်းဂန်အနေဖြင့် ဝိနယဝိသဏ္ဌနာကျမ်း၊ ဓာတုဝိနိစ္ဆယကျမ်း အပါအဝင် ၁၀-ကျမ်းခန့် ပြုစုရေးသားတော်မူခဲ့သည်။

၁၃၄၅-ခုနှစ်တွင် နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ၁၃၅၂-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ခဲ့ပါသည်။ ၁၃၆၄ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၇)ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

ကျေးဇူးတော်ရှင်

## ဟံသာဝတီဆရာတော်ဘုရားကြီး၏
## ဩဝါဒတော်

- နာမ်လိမ္မာမှ
  ရုပ်သက်သာမည်။
- နာမ်မလိမ္မာ
  ရုပ်နာလိမ့်မည်။
- နာမ်မအေး
  ရုပ်ချွေးပြန်ပါလိမ့်မည်။



ကျေးဇူးတော်ရှင်

## ဟံသာဝတီဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၄၇- ၁၃၂၁)

ဆရာတော်လောင်းလျာကို ၁၂၄၇-ခု၊ တပို့တွဲလဆန်း ၅-ရက်၊ တနင်္လာနေ့တွင် ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ စင်ပြွန်းကုန်းရွာကျောင်း ဆရာတော်ထံတွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ဂန္ဓမာဖြစ်သည်။ မြန်အောင်မြို့၊ ဓမ္မိကာရာမတိုက်၊ ရန်ကုန်မြို့၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ မန္တလေးမြို့ အနောက်ပြင်စကုတိုက်၊ ခင်မကန်တိုက်တို့တွင် ပညာသင်ကြားသည်။ ၁၂၇၆ တွင် ဥပဇ္ဈာယ် ဆရာတော်ထံ ပြန်လည်ကြွရောက်သည်။

ပဋိပတ်အနေဖြင့် လယ်တီဆရာတော်၊ ဆရာသက်ကြီးတို့ထံတွင် နည်းခံအားထုတ်၍ ၁၂၉၇-ခုနှစ် မှစ၍ တရားပြသတော်မူခဲ့သည်။ ၁၃၁၁-ခုနှစ်တွင် ရန်ကုန်မြို့၊ ဟံသာဝတီကွက်သစ်ရှိ ဗုဒ္ဓသာသနာပဋိပတ္တိသာသနာပြုအဖွဲ့၏ ပင့်လျှောက်ချက်အရ တရားပြသတော်မူသည်။ ၁၃၂၁-ခုနှစ်အထိ ဝိပဿနာတိုက်ခွဲပေါင်း ၇၇-ဌာန ဖွင့်လှစ်ခဲ့သည်။ ဆရာတော်ကြီး၏ ကိုယ်တွေ့ ဝိပဿနာရှုပုံ၊ နိဗ္ဗာန် ဝင်လမ်း ၇ ရက်စခန်း၊ ဝိပဿနာပါရဂူ၊ ဟံသာဝတီ ပောာစဉ်များသည် ထင်ရှားသည်။

သက်တော် ၇၄ နှစ်အရောက် ၁၃၂၁ ခုနှစ်၊ တော်သလင်းလဆန်း ၉-ရက်၊ ကြာသပတေးနေ့ ညနေ ၅းဝဝနာရီတွင် စံလွန်တော်မူပါသည်။

ကျေးဇူးတော်ရှင်

## တစ်ဘဝသာသနာ ဦးဃောသိတဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ဘုရားရှင်ကိုယ်တော်မြတ်ကြီးက
ရဟန်းသံဃာတော်များအတွက်
နှစ်ရပ်ချမှတ်ခဲ့ပါတယ်။
- ဂန္ထဓုရနဲ့ ဝိပဿနာဓုရဖြစ်ပါတယ်။
စာပေပို့ချသင်ယူခြင်းနဲ့
ဝိပဿနာအလုပ် အားထုတ်မှုပါ။
- စွမ်းနိုင်ရင် တာဝန်နှစ်ရပ်လုံးကို
ထမ်းဆောင်ရပါမယ်။
- မစွမ်းနိုင်ရင်တော့ တာဝန်တစ်ရပ်ကို
ကောက်ချပြီး ထမ်းဆောင် ရပါမယ်။
- ဒါမှ ဘုရားရှင်ရဲ့ဝေဘာတော် ဆိုင်ကာနာကြီး
သာသနာတော်ကြီးကို မြှင့်တင်ရာ
ရောက်ပါလိမ့်မယ်။



ကျေးရွာတော်ရှင်

## တစ်ဘဝသာသနာ ဦးဃောသိတဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၉၂- ၁၃၆၈ )

ဆရာတော်လောင်းလျာကို တောင်တွင်းကြီး မြို့သစ်မြို့နယ်၊ ဖိုကြီးရွာတွင် ၁၂၉၂-ခုနှစ်၊ ကဆုန်လဆန်း၈-ရက်၊ တနင်္လာနေ့၌ အဖ ဦးဘိုးချို အမိ ဒေါ်ဆေးသိမ် တို့မှ ဖွားမြင်သည်။ ၁၃၀၁-ခုနှစ်တွင် ရှင်သာမဏေဖြစ်သည်။ တောင်မြို့ မဟာဂန္ဓာရုံတိုက်တွင် ပညာရည်နို့သောက်စို့ခဲ့ရသည်။ ဂန္ဓာရုံတွင် ၁၂နှစ်မျှ ပညာသင်ကြားခဲ့သည်။ ဂန္ဓာရုံတွင်ပင် ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဃောသိတဖြစ်သည်။ ၁၃၁၇-ခုနှစ်တွင် ဓမ္မာစရိယဘွဲ့ကို အောင်မြင်တော်မူခဲ့သည်။

ဂန္ဓာရုံတွင် ဆရာတော်ကြီး၏ ကျမ်းစာများရေးသားခြင်းကို ဝိုင်းဝန်းကူညီခွင့်ရခဲ့ပြီး၊ စာချဆရာတော်အဖြစ် ပရိယတ္တိသာသနာကို ထမ်းဆောင်ခဲ့သည်။

၁၃၂၂-ခုနှစ်တွင်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့ပြီး သံဃာ့တက္ကသိုလ်တွင် ၅-နှစ်၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ၂-နှစ် ပညာသင်ယူပြီး၊ ဗုဒ္ဓဒေသနာဒီပလိုမာ (B.D) ဘွဲ့ကို ရခဲ့သည်။ အနှစ် ၃၀-ခန့် ပရိယတ္တိသာသနာ့တာဝန်ကို ထမ်းဆောင်ပြီး မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနည်းဖြင့် ပဋိပတ်ဘက်သို့ ဖောက်ချခဲ့ပါသည်။ ၇-၂-၂၀၀၇ ခုနှစ်၊ ဗုဒ္ဓဟူးနေ့ နံနက် ၇း၂၀နာရီ၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ကျေးဇူးတော်ရှင်

## စံကင်းဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ဒီခန္ဓာကိုယ်ကြီးဟာ မရေမတွက်နိုင်တဲ့
ဘေးရန်အန္တရာယ်တွေရှိတယ်။
အဆိပ်စဉ်ကြီးနဲ့ ဥပမာတူတယ်။

- အလုံးစုံသော ဘေးရန်တွေရဲ့
စုဝေးတည်နေရာဖြစ်တယ်။

- အမှန်စင်စစ်တော့
ဒုက္ခအစုအပုံကြီးပဲ။
ဒီခန္ဓာကိုယ်ကြီး ရှိနေသမျှ
ဘယ်သူမျှ သံသရာဆင်းရဲတွေ
လွတ်ကင်းနိုင်ကြဘူး။



ကျေးဇူးတော်ရှင်

## စံကင်းဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၃၂- ၁၃၃၄)

ဆရာတော်လောင်းလျာကို စစ်ကိုင်းမြို့နယ်၊ လင်းယဉ်ရွာ၌ အဘဦးရေအိုင်၊ အမိဒေါ်မင်ထပ်တို့မှ ၁၂၃၂-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ ငယ်မည် မောင်ကောင်းဖြစ်သည်။ ၁၂၄၂-ခုနှစ်တွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ အရှင်စန္ဒဖြစ်သည်။ ၁၂၅၁-ခုနှစ်တွင် မန္တလေးမြို့ မြတောင်ကျောင်းတိုက်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ၁၂၅၃-ခုနှစ်တွင် မန္တလေးမြို့ အရှေ့မြင် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ စာပေသင်ယူသည်။

၁၂၆၄-ခုနှစ်၌ မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်တွင် စာချနာယကဖြစ်သည်။ ၁၂၆၆-ခုနှစ်၌ ဓနုဖြူမြို့အရှေ့ဘက်ကမ်း စံကင်းရွာ ဓမ္မာရုံကျောင်းတိုက်တွင် သီတင်းသုံးသည်မှစ၍ စံကင်းဆရာတော်ဟု အမည်တွင်သည်။ ၁၂၈၆-ခုနှစ်တွင် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်၌ နာယကဖြစ်တော်မူသည်။ ပရိယတ္တိသာသနဟိတအသင်းက ဘဒ္ဒန္တစန္ဒာဘိဝံသဘွဲ့ဆက်ကပ်သည်။ ၁၃၁၃-ခုနှစ်တွင် နဝမမြောက်ဗျင်နိကာယဥက္ကဋ္ဌသာသနာပိုင် ဖြစ်တော်မူသည်။ ၁၃၁၅-ခုနှစ်၌ အဘိဓဇမဟာရဋ္ဌဂုရု တံဆိပ်ခံယူတော်မူရသည်။

၁၃၃၄-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

ပခန်းငယ်

ရွှေသာမောင်းအရှေ့ကျောင်းဆရာတော်ကြီး၏

ဩဝါဒတော်

၏ တန်ခိုးရှိတဲ့ ရွှေသာဝရသာမိုက်မှာ
တရားများများထိုင်ကြပါ၊
ငွေရှာများများရှာမှုကြပါ
သူတော်ကောင်းတို့ ...။



ကျေးဇူးတော်ရှင်

## ပထမရွှေကျင်သရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ပစ္စက္ခ သံသရာနှစ်ပါးတို့၌ အလွန်အကျိုးများသောကြောင့် ဝိပဿနာမဂ္ဂပစ္စဝေက္ခဏာဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်တို့ကို ရင့်ပွားစေခြင်း၊ ဘာဝနာ၌ သီပေါ်ဝယ်မနားနိုင်သည့် ယင်ရိုင်းကဲ့သို့ မရှိစေရ။
- ဘာဝနာစတုမဓုရွတ်၌ ပိုးမြွက်များပိတုန်းများကဲ့သို့ အလွန်အလိုရှိခြင်း၊ တိုင်းရှိုင်းခြင်းနှင့်တကွ လုံ့လကြိုးပမ်းတတ်စွမ်း အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။



### ကျေးဇူးတော်ရှင်

## ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း

### (၁၁၈၄- ၁၂၅၅)

ဆရာတော်လောင်းလျာကို ရွှေဘိုမြို့နယ်၊ ရွှေကျင်ရွာ၌ အဘဦးမောင်-အမိဒေါ်မိတို့မှ ၁၁၈၄-ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၃-ရက်တွင် ဖွားမြင်တော်မူသည်။ ငယ်မည် မောင်သန့်ဖြစ်သည်။ ၇-နှစ်အရွယ်တွင် ရွှေကျင်ဗောဓိကုန်းကျောင်းဆရာတော်ထံတွင် ပညာသင်ကြား၍ ၁၄-နှစ်အရွယ်တွင် ရှင်သာမဏေ ဝတ်သည်။ ဘွဲ့တော်မှာ ရှင်ဇာဂရဖြစ်သည်။ သီးလုံးဆရာတော်ကြီးနှင့် ရွှေကျင်မဟာဗောဓိကျောင်း ဆရာတော်များထံတွင် ပညာသင်ကြား၍ ရဟန်းအဖြစ်သို့ ရောက်သည်။

မန်ကျည်းကန်ဆရာတော်၊ မူးဝရွာထောင် ဆရာတော်၊ အမရပူရဆရာတော် အသီးသီးတို့ထံ၌ ပညာသင်ကြားပြီး တပည့်များကို စာပေပို့ချခဲ့သည်။ မင်းတုန်းမင်းနှင့် သီပေါမင်းနှစ်ဆက်တိုင်အောင် ကိုးကွယ်ခြင်းကို ခံယူတော်မူသည်။ ဝိနည်းတော်ကို လွန်စွာမှ လေးစားတော်မူသည်။ ဓုတင်တို့ကို ဆောက်တည်တော်မူပြီး ကျမ်းပေါင်းတစ်ရာကျော်ကို စီရင်ရေးသားတော်မူခဲ့သည်။

ပရိယတ်, ပဋိပတ်အကျော် ရွှေကျင်ဆရာတော်ကြီးသည် သက်တော်(၇၂)နှစ်အရွယ်တွင် မင်းကွန်းငွေတောင်တောရ၌ ၁၂၅၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇-ရက် ညတွင် ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

မန်လည်ဆရာတော်ဘုရားကြီး၏

ကြွဝါစတော်

- ရှစ်နာရီထင်ရှား ပျော်လိုကြွား
  အများမုဒုတာချိန်မှတ်တို့၏ သဘောတည်း။
- ရှစ်နာရီထင်ရှား မပျော်ကြွား
  ဘုရားပဋ္ဌာနတွင်ရှိ အရိယာတို့၏ သဘောတည်း။
- မဝံ့နိုင်ဝေသား ဝံ့နိုင်ဝေ၊
  နှစ်တွေ့နာရီရှစ် သဘောတည်း။



ကျေးရွာတော်ရှင်

## မန်လည်ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၀၃- ၁၂၈၂)

ဆရာတော်လောင်းလျာကို ၁၂၀၃–ခုနှစ်၊ တန်ခူးလဆန်း ၁၂–ရက်၊ အင်္ဂါနေ့ သုံးချက်တီးကျော်အချိန်တွင် မန်လည်မြို့၊ မင်းတုန်းရပ်တွင် အဘဦးတင်ညိုနှင့် အမိ ဒေါ်ဖြေတို့မှ ဖွားမြင်သည်။ ငယ်နာမည် မောင်မာဖြစ်သည်။ ၁၂–နှစ်သား အရွယ်တွင် တောင်ပေါ်ကျောင်းဆရာတော်ထံတွင် စာပေသင်ကြားသည်။ ၁၆–နှစ် အရွယ်တွင် ဝန်းသိုမြို့တွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ဇဝန ဖြစ်သည်။ ရှင်သာမဏေ ဖြစ်ပါ အရကာပင် စာပေများ ရေးသားသည်။ ၁၂၂၅–ခုနှစ်တွင် ဥပဇ္ဈာယ်ဆရာတော် ဦးနန္ဒမဥ္ဇူထံတွင် ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။ မန္တလေးမြို့တွင် စာသင်ခဲ့သည်။

မဃဒေဝလင်္ကာအပါအဝင် ကျမ်းများစွာကို ပြုစုတော်မူခဲ့သည်။ ၁၂၇၉–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းကို ခံယူတော်မူသည်။ လယ်တီဆရာတော်ကြီး၏ တောင်းပန်ချက်အရ အလင်္ကာသံခိပ်နှင့် ဆန်းသံခိပ်များကို ရေးသားတော်မူခဲ့သည်။

၁၂၈၂–ခုနှစ်၊ တော်သလင်းလဆန်း ၁၃–ရက်၊ နံနက် ၁း၃၀နာရီတွင် မန်လည်မြို့၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။ ဆရာတော်၏မပုပ်မသိုးသော ရုပ်ကလာပ်တော်ကို မှန်ခေါင်းဖြင့်ထည့်၍ အများပြည်သူကြည်ညိုနိုင်စေရန် အုတ်ပြာသာဒ်တော်ဖြင့် စီစဉ်ထားရှိခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## သိမ်တောင်အင်းမကြီးတောရဆရာတော်ဘုရားကြီး၏

### ဩဝါဒတော်

- သံသရာကိုကြောက်မှ သူတော်ကောင်းတရား
ကမ္မဋ္ဌာန်းတရားများကို ကျင့်နိုင်သည်။
သူတော်ကောင်းတရားကို ကျင့်နိုင်၊ အားထုတ်နိုင်မှ
သံသရာမှ လွတ်နိုင်သည်။

- သူတော်ကောင်းတရား ကမ္မဋ္ဌာန်းတရားများကို
မိမိခံစားနေရတဲ့ ဘဝဒုက္ခသောကမှ
မလိုကြည့်၊ နှစ်သက်ကြ
ငွေးကိုက်ရှာသောတ်
သံသရာကို မကြောက်ကြကုန်။
ထို့ကြောင့် ကြပ်ကြပ်သတိထားကြပါ။



ကျေးရွှေတော်ရှင်

## သိမ်တောင်အင်းမကြီးတောရဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၃၇- ၁၂၈၃)

ဆရာတော်လောင်းလျာကို ညောင်ရမ်းမြို့အနီး ဈေးကြီးရွာတွင် အဘ ဆေးဆရာကြီးဦးဖဲ + အမိ ဒေါ်အိမ်သာ တို့မှ ၁၂၃၇-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သည်။ ငယ်နာမည်မောင်အောင်ဖြိုးဖြစ်သည်။ ၁၀-နှစ်သားအရွယ်တွင် ဈေးရွာမြောက်ဘက် မန္တလေးကျောင်းဆရာတော် ဦးရိုး တော်သူ ဦးမေဓာထံတွင် စာပေသင်သည်။ ၁၄-နှစ်သားတွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ဇောတိကဖြစ်သည်။ ၁၂၅၇-ခုနှစ်တွင် ညောင်ရမ်းမြို့ ချမ်းသာကြီး ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ မန္တလေးမြို့၊ မိုးကုတ်တိုက်နှင့် ရွှေရေဆောင်တိုက်တို့တွင် ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။

ခြောက်ဝါအရတွင် သဲတောမြို့အရှေ့ဘက် ပြကျွန်ရွှေတောင်သို့ တောထွက်တော်မူသည်။ လယ်တီဆရာတော်ဘုရားကြီးနှင့် မရှေးမနှောင်းကျော်ကြားတော်မူသည်။ ထို့နောက် တောင်သုံးလုံးကာရံအပ်သည့် အင်းမကြီးတောရကျောင်း၌ ၁၂၆၃-ခုနှစ်မှစ၍ ကမ္မဋ္ဌာန်းတရားအားထုတ်သည်။ ပရိယတ်ကိုလည်း သင်ကြားပို့ချတော်မူသည်။ ဆည်ကြီးတောရဆရာတော်သည် ဆရာတော်ကြီး၏ တပည့်များထဲတွင် ကျော်ကြားထင်ရှားသည်။

ပရိယတ်, ပဋိပတ်ကို စွယ်စုံတတ်မြောက်၍ ထင်ရှားတော်မူသည့် အင်းမကြီး တောရဆရာတော်ကြီးသည် ၁၂၈၃-ခုနှစ်၊ ကဆုန်လဆန်း ၇-ရက်၊ သောကြာနေ့ ညဉ့်၁၂းဝနာရီတွင် ခန္ဓာဝန်ချတော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

ပခုက္ကူအရှေ့တိုက် ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ
  အနတ္တလက္ခဏာတို့ကို
  မထင်မြင်နိုင်ဘဲနှင့် မဂ်ဖိုလ်မရ။

- ထင်မြင်မှ မဂ်ဖိုလ်ရသည်ဖြစ်၍
  အနိစ္စလက္ခဏာထင်မြင်အောင်၊
  ဒုက္ခလက္ခဏာထင်မြင်အောင်၊
  အနတ္တလက္ခဏာ ထင်မြင်အောင်၊
  ထင်မြင်နှလုံးသွင်းကြကုန်ရာသည်။



## ကျေးဇူးတော်ရှင်
# ပခုက္ကူအရှေ့တိုက် ဆရာတော်ဘုရားကြီး၏
### ထေရုပ္ပတ္တိအကျဉ်း
### (၁၂၃၉ - ၁၃၂၀)

ဆရာတော်လောင်းလျာကို မြင်းခြံခရိုင်၊ သေရောက်စီရင်စု၊ ဇီးတောရွာတွင် အဖ ဦးပိန်၊ အမိ ဒေါ်ဘောင်းတို့မှ ၁၂၃၉-ခုနှစ်၊ ဝါခေါင်လဆန်း ၅-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သည်။ ၁၂-နှစ်သားအရွယ်တွင် ရွှေမြင်တင်ကျောင်း ဆရာတော်ထံတွင် ရှင်သာမဏေဖြစ်သည်။ ၁၂၅၉-ခုနှစ်တွင် ရွှေမြင်တင်ကျောင်း ဆရာတော်ကြီး ဦးစန္ဒိမာကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။ ဘွဲ့တော်မှာ အရှင်ဇဝနဖြစ်သည်။ ပခုက္ကူဆရာတော်ကြီး ဦးဂန္ဓသာရ၊ မန္တလေးမြို့ ဒုရာကြီးတိုက်၊ အရှေ့ပြင်ခင်မကန်တိုက်၊ အနောက်မိုးကောင်းတိုက်၊ မဟာဝိသုတာရာမတိုက်တို့တွင် ပညာသင်ယူခဲ့သည်။ မဟာဝိသုတာရာမတိုက်တွင် ၁၅-နှစ် တိုင်တိုင် စာဝါပို့ချခဲ့သည်။

၁၂၈၂-ခုနှစ်တွင် ပခုက္ကူမြို့တွင် မဟာဝိဇယာရာမတိုက်ကြီးကို တည်ထောင်ဖွင့်လှစ်၍ စာဝါများပို့ချတော်မူသည်။ ဝိနည်း ၅-ကျမ်း ပါဠိတော်နိဿယ၊ သံယုတ်ပါဠိတော် ၅-ကျမ်း နိဿယတို့အပါအဝင် ကျမ်းပေါင်း ၃၁-ကျမ်း ပြုစုတော်မူခဲ့ပါသည်။ ၁၂၉၀-ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ၁၃၁၈-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်တို့ကို နိုင်ငံတော်အစိုးရက ဆက်ကပ်ပါသည်။

ဆရာတော်ကြီးသည် ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သာသနာပြုအဖွဲ့ကြီးတွင် သံဃနာယက၊ ဩဝါဒါစရိယ၊ အရှေ့ပြင်ခင်မကန်တိုက်၊ အနောက်မိုးကောင်းတိုက်၊ တာဝန်တို့ကို ထမ်းရွက်တော်မူခဲ့၍ ၁၃၂၀-ပြည့်နှစ်၊ တပို့တွဲလဆုတ် ၇-ရက်နေ့တွင် အဝစုတ်ထံပျံလွန်တော်မူခဲ့ပါသည်။

စိတ်ကြိုက်ဖတ်စေ

### ကျေးဇူးတော်ရှင်
## မြို့မ ဆရာတော်ဘုရားကြီး၏
### ဩဝါဒတော်

- သူတော်ကောင်းအလုပ်ကိုလုပ်လျှင်
သူတော်ကောင်းဖြစ်သည်။
- သူယုတ်မာအလုပ်ကိုလုပ်လျှင်
သူယုတ်မာဖြစ်သည်။
- သူတော်ကောင်းအလုပ်သည်
ကောင်းသောကံဖြစ်၏။
- သူယုတ်မာအလုပ်သည်
မကောင်းသောကံဖြစ်၏။
- ကောင်းသောကံကြောင့်
လူပြည်၊ နတ်ပြည်သို့ရောက်သည်။
- မကောင်းသောကံကြောင့်
အပါယ်သို့ကျသည်။



ကျေးဇူးတော်ရှင်

## မြို့မိ ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၄၄- ၁၃၀၆)

ဆရာတော်လောင်းလျာကို မကွေးမြို့၊ ဒရေအောင့်တိုက်နယ်၊ မြို့မိရွာ၌ ၁၂၄၄–ခုနှစ်တွင် ဖွားမြင်တော်မူပါသည်။ ၁၁–နှစ်သားအရွယ်တွင် သရေနော်ရွာ ဆရာခုန်းတော်ကြီးကျောင်းတွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ဇေယျ သေနဖြစ်သည်။ ၁၂၆၃–ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

မန္တလေးမြို့ ဒက္ခိဏာရာမတိုက်၊ ပခုက္ကူမြို့ ဇေတဝိသုတာရာမတိုက်၊ ရေစကြိုဆရာတော်ဘုရားကြီး အထံတော်တို့တွင် ပရိယတ္တိစာပေတို့ကို ပေါက်မြောက် အောင် သင်ယူတော်မူသည်။ ထို့နောက် စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်တော်မူ၍ ပဋိပတ္တိအလုပ်ကို ကြိုးကုတ်တော်မူသည်။ ရဟန်းသာမဏေ၊ လူပုဂ္ဂိုလ်များ အားလည်း ဝိပဿနာတရားများ ပြသတော်မူခဲ့သည်။

ဖျာပုံမြို့တွင် သီတင်းသုံးတော်မူခိုက် မြန်မာ၊ အင်္ဂလိပ်၊ ဟိန္ဒီ၊ ပါဠိ လေးဘာသာစာသင်ကျောင်းကို တည်ထောင်၍ စာပေပို့ချတော်မူခဲ့သည်။ ထို့နောက် ရန်ကုန်မြို့၊ သရက်တောကျောင်းတိုက်တွင် ဝါးကျောင်းဆောက်လုပ်၍ သီတင်း သုံးကာ ထေရာအပဒါန် ၄–တွဲ၊ ထေရီအပဒါန် ၄–တွဲ၊ ဝိမာနဝတ္ထုတော်ကြီး စသည့် ကျမ်းပေါင်း ၁၆–ကျမ်းကို ရေးသားစီရင်တော်မူသည်။

၁၃၀၆–ခုနှစ်၊ ဝါခေါင်လဆုတ် ၅–ရက်၊ ည(၁၁း၀၀)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

**သိမ်တောင်ဆည်မြို့တောရဆရာတော်ဘုရားကြီး၏**

ဩဝါဒတော်

ပညာရှိဆိုသည်မှာ
ကုသိုလ်များသောသတိ
အကျိုးကြောင်းသိ၍
ပညာရှိဟု
ခေါ်ဆိုအပ်သနည်းဟုဆိုသော်
ထူးသောပညာဖြင့်
သိတတ်သောကြောင့်
ပညာရှိဟုဆိုအပ်၏



ကျေးဇူးတော်ရှင်

## သိမ်တောင်ဆည်ကြီးတောရဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၄၄- ၁၃၂၁)

ဆရာတော်လောင်းလျာကို ပုဂံမြို့အနီး ဆည်ရွာတွင် အဘဦးကျော့နှင့် အမိဒေါ်ကောင်းတို့မှ ၁၂၄၄-ခု၊ ဝါဆိုလပြည့်ကျော် ၅-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူပါသည်။ အသက်နှစ်ဆယ်ကျော်သည်အထိ မိဘများနှင့်အတူ လုပ်ကိုင်စားသောက်ခဲ့ရသည်။ အင်းမကြီးတောရဆရာတော်ကျောင်းတွင် ကပ္ပိယလုပ်သည်။ ၁၂၈၆-ခုနှစ်၊ ဝါတွင်း၌ပင် ကိုရင်ဘဝသို့ရောက်သည်။ ဘွဲ့တော်မှာ ရှင်ဇဝန ဖြစ်သည်။

သိမ်တောင်အင်းမကြီးတောရဆရာတော်၊ လယ်တီဆရာတော်၊ စံကျောင်းဆရာတော်၊ သဲအင်းသာသနာပိုင်ဆရာတော်၊ ဗားကရာဆရာတော်၊ ကျော်အောင်စံထားဆရာတော်၊ ဒေသကျောင်းဆရာတော်နှင့် ဆရာသက်ကြီးတို့ထံတွင် တရားအမွေများကို ခံယူခဲ့သည်။ တရားအလုပ်ကို ပြင်းထန်သောဝီရိယဖြင့် ကြိုးကုတ်အားထုတ်တော်မူခဲ့သည်။


၁၃၂၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄-ရက်၊ နံနက် ၇-နာရီအချိန်တွင် ခန္ဓာဝန် ချပ်ငြိမ်းတော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## တောင်ဖြိုဆရာတော် အရှင်ဇနကာဘိဝံသ၏

ဩဝါဒတော်

- သူတော်ကောင်းနဲ့ပေါင်းဖြည့်လို့
ရှုံးတယ်လို့ ဘယ်တော့မှ မရှိဘူး။
အမြတ်သာရပါတယ်။
- ဒါကြောင့် သူတော်ကောင်းနဲ့အတူသွားပါ၊
အတူလာပါ၊ အတူနေပါ၊ အတူထိုင်ပါ။



ကျေးဇူးတော်ရှင်

## တောင်မြို့ဆရာတော် အရှင်ဇနကာဘိဝံသ၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၆၁- ၁၃၃၉)

ဆရာတော်လောင်းလျာကို ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ သရိုင်ရွာတွင် အဘဦးဇောတိ-အမိဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သည်။ ငယ်မည် မောင်ဖွေးလွင်ဖြစ်သည်။ ၁၂၆၆-ခုနှစ်တွင် ပထမအကြိမ်၊ ၁၂၇၅-ခုနှစ်တွင် ဒုတိယအကြိမ် ရှင်သာမဏေပြုသည်။ ဘွဲ့တော်မှာ အရှင်ဇနကဖြစ်သည်။ ၁၂၈၀-ပြည့်နှစ်၊ တပေါင်းလပြည့်နေ့တွင် ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ၁၂၈၉-ခုနှစ်တွင် သက္ကျသီဟပရိယတ္တိသာသန ဟိတ ဓမ္မာစရိယဘွဲ့ရရှိအောင်မြင်တော်မူသည်။

၁၃၀၃-ခုနှစ်တွင် အမရပူရတွင် မဟာဂန္ဓာရုံကျောင်းတိုက်ကို သံဃာငါးပါးဖြင့် စတင်တည်ထောင်သည်။ ၁၃၁၂-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခြင်း ခံယူသည်။ ၁၃၁၆-ခုနှစ် ဆဋ္ဌသင်္ဂါယနာတွင် ဩဝါဒါစရိယ၊ ဩသာနုသောဓေယျ စသည်တို့ကို တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၃၃၇-ခုနှစ်တွင် ရွှေကျင်ဂိုဏ်းကြီး၏ ဒုတိယသာသနာပိုင်အဖြစ် တင်မြှောက်ခြင်းကို ခံယူရသည်။

၁၂၉၁-ခုနှစ်မှ ပျံလွန်တော်မူခါနီးအထိ ကျမ်းစာပေါင်း (၆၀)ကျော်ကို ရေးသားတော်မူခဲ့ပါသည်။ ၁၃၃၉-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂-ရက်၊ အင်္ဂါနေ့ညနေ ၄း၄၀ နာရီတွင် မဟာဂန္ဓာရုံကျောင်း၌ပင် တစ်ဘဝအတွက် ငြိမ်းတော်မူပါသည်။

### ကျေးဇူးတော်ရှင်
## ပိုက်ကျုံးဆရာတော်ဘုရားကြီး၏
### ဩဝါဒတော်

အာရုံသိတာ၊ နာမ်ခန္ဓာ။
နိရာရုပ်အစု။

ရုပ်နာမ်ပယ်ခွာ၊ သတ္တဝါ၊
ဘယ်မှာမရှိ။

မြင်ဖူးတော်မဲ့ နာမ်ရုပ်သာ၊
မမြဲတာနဲ့ရှိ။

မမြဲတဲ့တရား ဆင်းရဲရှု
အတ္တမရှိရှု။



## ကျေးဇူးတော်ရှင်
# ဝိုက်တျုံးဆရာတော်ဘုရားကြီး၏
## ထေရုပ္ပတ္တိအကျဉ်း
## (၁၂၆၄- ၁၃၅၄)

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ချီရွာတွင် အဘဦးဖို + အမိ ဒေါ်သဲမှုန်တို့မှ ၁၂၆၄-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်ပါသည်။ ၁၂-နှစ်အရွယ်တွင် ဒီပဲယင်းမြို့နယ် ကျွန်းဦးကျောင်း ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်တေဇေယျ ဗုဒ္ဓိဖြစ်သည်။ ၁၂၈၃-ခုနှစ်၊ တပေါင်းလဆန်း ၁၂-ရက်နေ့တွင် စစ်ကိုင်းမြို့နယ်၊ ပန်းချီရွာ ဦးဣန္ဒသီကျောင်း၌ ဒီပဲယင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဘဝရောက်ပါသည်။

ကျွန်းဦးကျောင်း၊ ဒီပဲယင်းဆရာတော်၊ အဘယာရာမဆရာတော်၊ ရည်ရှင် ဆရာတော်နှင့် ပခုက္ကူမြို့ အရှေ့တိုက်သစ်ဆရာတော်များထံတွင် ပရိယတ္တိသင်ယူ ခဲ့ပါသည်။ ဓမ္မာစရိယစာချတန်းကို အောင်မြင်တော်မူပါသည်။ စာပေကျမ်းဂန် များပို့ချရင်း တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်း၊ တိပိဋက ပါဠိမြန်မာအဘိဓာန် အကျဉ်း၊ ပါဠိပဒပိဋကကျမ်းညွှန်း၊ ဘဝလွတ်မြောက်ရေးခရီး ရှုမှတ်ပွားများနည်း၊ သိမှတ်ဖွယ်ဝိနိစ္ဆယကျမ်းတို့ကို ကြီးမှူးပြုစုတော်မူခဲ့သည်။

၁၃၃၇-ခုနှစ်တွင် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌမဟာနာယကအဖြစ် တင်မြှောက် ခြင်းခံရသည်။ ၁၃၄၀ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်၊ ၁၃၅၀-ပြည့်နှစ် တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တို့ ဆက်ကပ်ခြင်းကို ခံယူသည်။

၁၃၅၄-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇-ရက်နေ့တွင် တစ်ဘဝအတွက် ငြိမ်းတော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်
ချမ်းမြေ့ဆရာတော်ဘုရားကြီး၏
ဩဝါဒတော်

- ရေကြောင့်ညှိနံဖြစ်၊ ထိုညှိနံညစ်လည်း
  စင်လစ်ရေကြောင့်၊ သွေမဆောင့်ဘူး။
- စိတ်ကြောင့်ဖြစ်ပေါ် စိတ်ကြေးညှော်လည်း
  ဆေးလျှော်စိတ်ပင်၊ စင်မစင်ကို
  ကိုယ်ပင်ဝန်ဖြူ၊ သူမဖြူသည်
  စင်မှုကိုယ်မှာ တာဝန်တည်း။



ကျေးဇူးတော်ရှင်

## ချမ်းမြေ့ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၉၀-        )

ဆရာတော်လောင်းလျာကို ၁၂၉၀-ပြည့်နှစ်၊ ဝါခေါင်လဆန်း-ရက်၊ အင်္ဂါနေ့တွင် တောင်တွင်းကြီးမြို့၊ ပျဉ်းမရွာတွင် အဘဦးဖြူမင်း + အမိ ဒေါ်ရွှေရီတို့မှ ဖွားမြင်ပါသည်။ (၄)တန်းအထိ ပညာသင်ကြားပြီး တောင်တွင်းကြီးမြို့၊ တောရဦးမာန်ကျောင်းတွင် ပရိယတ္တိစာပေကို စတင်သင်ယူသည်။ (၁၅)နှစ်သားအရွယ်တွင် တောရဦးမာန်တိုက်အုပ်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ အရှင်ဇနကဖြစ်သည်။ ၁၃၁၀-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် တောရဦးမာန်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

မန္တလေးမြို့၊ အနောက်ပြင်မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ တောင်ပြင်၊ အနောက်ပြင်တိုက်များ၌ ပရိယတ္တိစာပေကို သင်ကြားခဲ့သည်။ သကျသီဟ၊ ဓမ္မာစရိယစာမေးပွဲများ အောင်မြင်ခဲ့သည်။ ၁၃၁၅-ခုနှစ်တွင် မဟာစည်ရိပ်သာကြီး၌ ပဋိပတ္တိလုပ်ငန်းခွင်သို့ စတင်ဝင်ရောက်တော်မူသည်။ အင်္ဂလိပ်စာပေကို မုံသိမ်မြို့၊ မြောင်းမြကျောင်းဆရာတော်၊ အမေရိကန်အမျိုးသားတစ်ဦးထံမှ (Bible) စတင်သင်ယူခဲ့သည်။ ၁၉၅၇ခုနှစ်တွင် သီဟိုဠ်ကျွန်း၊ ကိုလံဘိုမြို့၊ မဟာဝိသုတာရာမတိုက်တွင် သီတင်းသုံး၍ အင်္ဂလိပ်၊ သက္ကတ၊ သီဟိုဠ်၊ ဟိန္ဒီဘာသာတို့ကို လေ့လာခဲ့သည်။

၁၉၆၇-ခုနှစ်တွင် သာသနာ့ရိပ်သာသို့ရောက်ပြီး အမျိုးသမီးယောဂီနှင့် နိုင်ငံခြားသားယောဂီတို့အား တရားပြ-တရားစစ်ပေးခဲ့သည်။ ၂၆-၁-၇၇မှစ၍ ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၅၅)တွင် ချမ်းမြေ့ရိပ်သာကို တည်ထောင်၍ ပြည်တွင်းပြည်ပယောဂီပေါင်းများစွာအား တရားပြသလျက် ရှိပါသည်။

[illegible]



### ကျေးဇူးတော်ရှင်

## ထွင့်ခေါင်ဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း

### (၁၁၆၀–၁၂၄၂)

ဆရာတော်ဘုရားလောင်းလျာကို ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့အနီး မြင်းကုန်းရွာ၌ အဘဦးလှကြီး–အမိဒေါ်မေတို့မှ ၁၁၆၀–ပြည့်နှစ်၊ တပေါင်းလပြည့်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ ငယ်နာမည်မောင်စိုးဖြစ်သည်။ ၁၁၇၃–ခုနှစ်တွင် မန်ကျည်းတောဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ဉာဏဝံသဖြစ်သည်။ မန်ကျည်းတောဆရာတော်နှင့် အင်းဝသို့ လိုက်ပါ၍ ပရိယတ္တိစာပေ သင်ကြားတော်မူသည်။ ၁၁၈၁–ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်သည်။

၁၁၈၈–ခုနှစ်တွင် မင်းဝံတောင်အနောက်တောင်ခြေရှိ စည်းခုံစေတီတော်ကြီးအနီးတောင်ရိပ်မှိုင်၌ တရားကျင့်ကြံတော်မူသည်။ ရတနာထွင့်ခေါင် စေတီတော်အနီးသို့ ကြွရောက်သီတင်းသုံးသဖြင့် ထွင့်ခေါင်ဆရာတော်ကြီးဟုထင်ရှားသည်။ ရာဇဝါဒမာနုဒီပနီကျမ်းအပေါင်း အဝင် ကျမ်း ၁၃ ကျမ်းကို ပြုစုတော်မူခဲ့သည်။

၁၂၄၂–ခုနှစ်၊ ပထမဝါဆိုလဆန်း ၁–ရက်၊ (၁)နာရီအချိန်၊ သက်တော် ၈၁–နှစ်၊ သိက္ခာ တော် ၆၁–ဝါအရခမ္ဘိကာကျောင်းတွင် စုတိကာမွဝရုပ်ချုပ်ငြိမ်းတော်မူပါသည်။

ကျေးဇူးတော်ရှင်

## လယ်တီဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ဖြစ်ပေသသမျှ မမြဲရ
  အနိစ္စဓမ္မာကိုယ်။
  အိုနာသေရ ဆင်းရဲလှ၊
  ဒုက္ခဓမ္မာကိုယ်။
  ဘာတစ်ခုမျှ မိုးမရ
  အနတ္တဓမ္မာကိုယ်။
- ဓမ္မာမှတစ်ပါး အခြားမရှိ
  ရှုနေတယ်ရှိပါ။
- ဓမ္မာသည်သာ ဒုက္ခအစစ်ဖြစ်ပါ၏။
- ဝိပဿနာဉာဏ်သုံးပါးတွင်
  ရှေးဦးစွာ အနိစ္စထင်မြင်မှုသည်
  အရေးကြီးဆုံး ဖြစ်ပါ၏။



# လယ်တီဆရာတော်ဘုရားကြီး၏

## ထေရုပ္ပတ္တိအကျဉ်း

## (၁၂၀၈–၁၂၈၅)

ဆရာတော်လောင်းလျာကို ဒီပဲယင်းမြို့၊ စိုင်ပြင်ရွာ၌ ၁၂၀၈–ခု၊ နတ်တော်လဆန်း ၁၃ရက်၊ အင်္ဂါနေ့တွင် အဖဦးထွန်းသာ–အမိဒေါ်ကြုံးတို့မှ ဖွားမြင်တော်မူပါသည်။ သားသမီး ၅ ယောက်အနက် ဒုတိယဖြစ်ပြီး ငယ်နာမည်မောင်တက်ခေါင်ဖြစ်သည်။ ၁၅နှစ်သားတွင် စိုင်ပြင်ရွာကျောင်းမတိုက် ဆရာတော်ဦးနန္ဒထံတွင် သာမဏေပြုသည်။ ဘွဲ့တော်မှာ ရှင်ဉာဏဖြစ်သည်။ ၁၂၂၈–ခုနှစ်၊ နတ်တော်လဆုတ် ၆–ရက်နေ့တွင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

၁၂၄၃–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊

၁၂၈၃–ခုနှစ်တွင် (ဒီလစ်) စာပေပါရဂူဘွဲ့တို့ကို ဆက်ကပ်လှူဒါန်းခြင်းခံယူတော်မူသည်၊ ကျမ်းပေါင်း (၁၀၀) ကျော် ပြုစုရေးသားတော်မူခဲ့သည်။

၁၂၈၅–ခုနှစ်၊ ပဌမဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့ ၂း၃၀ နာရီတွင် ဘဝနတ်ထံ စံလွန်တော်မူခဲ့သည်။ ဆရာတော်ကြီး၏ တပည့်များအနက် မိုးညှင်းဆရာတော်၊ သောကျွတောင်ဆရာတော်၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ လယ်တီဦးပဒုမ၊ ဦးနန္ဒိယ (သဲဖြူ) ဆရာမြို့စသူတို့မှာ ပရိယတ်လောကတွင် ထင်ရှားတော်မူကြသည်။

ကျေးဇူးတော်ရှင်

## ဒီပဲယင်းဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

၁။ လောဘဇာတ်ချွင်
ဒါနခတ်သည်။

၂။ မကြောက်ရှက်ချွတ်
သီလခတ်သည်။

၃။ သုတာမဲ့ဘက် မလေ့ကျက်ချွတ်
ဝိပဿနာခတ်သည်။

၄။ စေဘိဘာဇ သိက္ခာဆုံး
ဘိက္ခုတဲ့။

၅။ ဘေဒိရှုပ်ထွယ်
သိရှုပ်ကြွပ်သည်။

၆။ ထွယ်ချွပ်လည်ခဲ့လေး
ကြွယ်ချွပ်ခေသည်။

၇။ အစုန်ကျေး နည်းဝေတော်ခုချွင်
ဟုလို့ကြည့်ကြည်ပေးရောက်လေ့တဲ့။

၈။ သည့်ပေကံလောဝေါင်ပဲ ပေပေးကျွင်
ကာင်သောလောလုံးမှာထို။



### ကျေးဇူးတော်ရှင်

## ဒီပဲယင်းဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း

### (၁၂၁၄–၁၂၈၃)

ဆရာတော်လောင်းလျာကို မုံရွာခရိုင်၊ ဒီပဲယင်းမြို့နယ်၊ တောက်ရှာရွာ၌ အဘဦးရွှေအေး–အမိဒေါ်ရှိန်တို့မှ ၁၂၁၄–ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀–ရက်၊ အင်္ဂါနေ့တွင်ဖွားမြင်သည်။ ငယ်မည် မောင်စံပေါ်ဖြစ်သည်။ ၁၂၂၇–ခုနှစ်တွင် တောက်ရှာရွာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်ဉာဏဖြစ်သည်။ စလင်းဆရာတော်ကြီးက ဝရပုဒ်တိုးဆင့်သဖြင့် ရှင်ဉာဏာဝရဖြစ်သည်။ အသက် ၂၀ ပြည့်သောအခါ တောက်ရှာရွာတောရ ကျောင်းဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

၁၂၆၅–ခုနှစ်တွင် အရှေ့မဟာဝိသုဒ္ဓါရုံ တိုက်ကြီး၏နာယကဆရာတော်အဖြစ် အပ်နှင်းခြင်းခံရသည်။ ၁၂၇၈–ခုနှစ်တွင် ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယကအဖြစ် တင်မြှောက်ခြင်းခံရသည်။ ရွှေကျင်ဂိုဏ်းကြီး၏ တတိယမြောက် ဆရာတော်ကြီးဖြစ်သည်။ စာပေပို့ချခြင်း၊ ကမ္မဋ္ဌာန်းအားထုတ်ခြင်းနှင့်အတူ စာပေများရေးသားသည်။ ပရမတ္ထစက္ကုဒီပနီကျမ်းသည် ထင်ရှားသည်။

၁၂၈၃–ခုနှစ်၊ ပြာသိုလဆန်း ၅–ရက်နေ့တွင် တစ်ဘဝအတွက် ငြိမ်းတော်မူခဲ့ပါသည်။

[illegible]

[illegible]

ဩဝါဒတော်

- [illegible]
  [illegible]
- [illegible]
  [illegible]
- [illegible]
  [illegible]
  [illegible]
  [illegible]
- [illegible]
  [illegible]
  [illegible]



ကျေးဇူးတော်ရှင်

## မြောင်းမြဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၅၀–၁၃၃၇)

ဆရာတော်လောင်းလျာကို မြင်းမူမြို့၊ ဝမ်းမြေရွာ၌ အဘဦးချမ်း–အမိ ဒေါ်ငွေယုတို့မှ ၁၂၅၀–ပြည့်နှစ်၊ ပြာသိုလဆန်း ၈–ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ ငယ်နာမည် မောင်ဘိုးစံဖြစ်သည်။ ၁၁ နှစ်သားအရွယ်တွင် ဝမ်းမြေရွာ ဆရာတော်ဦးမာလာကို ဥပဇ္ဈာယ်ပြု၍ သာမဏေအဖြစ်သို့ရောက်သည်။ ဘွဲ့တော်မှာ ရှင်ဉာဏဝံသဖြစ်သည်။ ၁၂၆၉–ခုနှစ်တွင် အလ္လကပ္ပရွာ အုတ်လှေကားကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။

၆–ဝါအရတွင် သကျသီဟစာချတန်းကို အောင်မြင်သည်။ ၁၂၈၉–ခုနှစ်၌ မြောင်းမြမြို့၊ ပဋ္ဌာနရုံကျောင်းတိုက်ကို တည်ထောင်တော်မူသည်။ ၁၃၁၅–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို အလှူခံရရှိတော်မူသည်။ ၁၃၃၄–ခုနှစ်တွင် ဒသမရွှေကျင်နိကာယဥက္ကဋ္ဌ မဟာဒေသနာပတိ သာသနာပိုင်ဖြစ်တော်မူသည်။

၁၃၃၇–ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂–ရက်နေ့ နံနက် ၇နာရီအချိန်တွင် ရန်ကုန်မြို့၊ ဆရာတော်ကြီးတည်ထောင်တော်မူထားသည့် မဟာဗောဓိကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပါသည်။

မဟာစည်ဆရာတော်ရှင်

အရှင်သောဘန (ခေါ်) မြောင်းမြ ဆရာတော်ဘုရားကြီး

မြွက်ကြားသည်

- တရားတို့ဟောသော ချောင်းစီ
  ပုထုဇဉ်သာမာန်တို့ ကျင့်ပတော်တို့
  ရှုမှတ်ကာရှုသော်အောင်
  အားထုတ်သူသမျှတို့
  ပဲ ဈာန်ဥာဏ်နှင့်ပြည့်စုံကြပါစေ။

- သာသနာတော်ကို
  အစဉ်တံခွန်ထူမြိုးခြင်း
  ကျော်စောထိန်းသိမ်းနိုင်
  ရှမ်းရှိကြီး
  ဗုဒ္ဓဘာသာကြီးဖြစ်ကြပါစေ။



ကျေးဇူးတော်ရှင်

## ဘဒ္ဒန္တဉာဏိက(မြောင်းမြ)ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၈၀–၁၃၅၉)

ဆရာတော်လောင်းလျာကို ၁၂၈၀–ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၃–ရက်၊ အင်္ဂါ နေ့တွင် ပုသိမ်မြို့၊ အရှေ့ပိုင်း၊ ဒါးကာ ဘူတာအနီး ဘုရားကုန်းရွာ၌ အဖဦးဘိုးထင်၊ အမိဒေါ်စိန် တို့မှ ဖွားမြင်ပါသည်။ ၈–နှစ်သားအရွယ်တွင် ကွမ်းခြံကြီးကျေးရွာကျောင်း ဦးစီးဆရာတော်ထံတွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ဉာဏိကဖြစ်သည်။ ၁၂၉၉–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃–ရက်နေ့တွင် မြောင်းမြမြို့ ပဖွာတောရကျောင်းတိုက်၊ မြောင်းမြဆရာတော်ကြီး ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်တော်မူသည်။

ပုသိမ်မြို့၊ စေတ္တဝန်ကျောင်းတိုက်၊ မြောင်းမြမြို့ ပဖွာတောရကျောင်းတိုက်၊ ပခုက္ကူနှင့် ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်၊ ညောင်းတုန်းမြို့ သာသနဓဇာတိပါလ တိုက်တို့တွင် ပရိယတ္တိစာပေကိုသင်ယူသည်။ သာသနဓဇသီရိပဝရဓမ္မာစရိယ အောင်မြင်တော်မူခဲ့သည်။ စာသင်ခဲ့သည့် ကျောင်းတိုက်များတွင် စာချပို့ချရင်း သက္ကတ၊ ဟိန္ဒီစာပေနှင့် ရှင်အာဒိစ္စဝံသ ဆရာတော်ထံတွင် အင်္ဂလိပ်စာပေကို သင်ယူခဲ့သည်။

၂၈–နှစ်အရွယ်တွင် မြောင်းမြပဖွာတောရကျောင်းတိုက်ကို အုပ်ချုပ်ခဲ့သည်။ ၁၃၁၉–ခုနှစ်တွင် အိန္ဒိယသို့ကြွ၍ ဒေလီမြို့ ဟန်ဆရာဂျ်တက္ကသိုလ်မှ ဘီအေ(သက္ကတ) ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၃၄၄–ခုနှစ်တွင် ဆရာတော်ဦးဇောတိကာဘိဝံသနှင့် အင်္ဂလန်သို့ ကြွရောက်သာသနာပြုသည်။ လန်ဒန်တွင် ဗုဒ္ဓဝိဟာရကျောင်းကို တည်ထောင်သည်။ ဘာမင်ဂမ်မြို့အနီးတွင် တိသရဏစင်တာ ကျောင်းကိုထူထောင်၍ ပြင်သစ်၊ ဆွီဒင်၊ အမေရိကန် စသည့် နိုင်ငံအသီးသီးတွင် ပရိယတ်၊ ပဋိပတ် သာသနာတော်ကို ဖြန့်ဖြူး၍သာသနာပြုခဲ့သည်။ ကျမ်း ၁၂–ကျမ်းရေးသားခဲ့သည်။

ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးတွင် ဗဟိုသံဃာ့ဝန်ဆောင်နှင့် ကြောင်းပြန်။ ကျောက်ပုံ၊ လူ့ဘောင်လူဖြစ်ဝါဒဝိနိစ္ဆယတို့တွင် ပါဝင်ဆောင်ရွက်တော်မူခဲ့သည်။ ၁၃၅၂–ခုနှစ် တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည်။ ၁၃၅၉–ခုနှစ်၊ နယုန်လဆန်း၊ ၃–ရက် တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

စိတ်ကြိုက်စာပေ။

ကျေးဇူးတော်ရှင်

## သီတဂူဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

ကြီးကျယ်ခမ်းသောဘုရားစေတီကြီးများကို
ခွန်အားဖြင့်
တည်ဆောက်သည်မှာတော့၊
ဖွဲ့လျှင်မြင့်သော
တည်ဆောက်ကြသည်။



ဓမ္မကထိကရှင်

# သီတဂူဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၉၈- )

ဆရာတော်လောင်းလျာကို ၁၂၉၈-ခုနှစ်၊ တပေါင်းလပြည့်ကျော်နေ့ ပဲခူးတိုင်း၊ ပုတီးကုန်းမြို့တွင် ဖွားမြင်တော်မူသည်။ ၈-နှစ်သားအရွယ်တွင် ရှင်သာမဏေ ဖြစ်သည်။ ၁၃၁၈-ခုနှစ်၊ နယုန်လဆန်း ၄-ရက်နေ့တွင် သဲကုန်းမြို့ တော်ရွာအလယ် တိုက်ကျောင်း သာသနဝိဓောတနီသိမ်တော်ကြီးတွင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်ဉာဏိဿရ ဖြစ်သည်။

သဲကုန်း၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းမြို့များရှိ အကျော်အမော် ဆရာတော်ကြီးများထံတွင် အထက်တန်းပရိယတ္တိစာပေများကို နှစ်ကျွမ်းကျင်စွာ သင်ယူတော်မူခဲ့သည်။ ၁၃၂၂-ခုနှစ်တွင် ဓမ္မာစရိယတန်းအောင်သည်။ ၁၃၂၄ -၂၅ -၂၆ခုနှစ်များတွင် ကမ္ဘာအေးကုန်းမြေ အဘိဓမ္မာတက္ကသိုလ်တွင် သာသနာပြုနည်းနှင့် ဘာသာရပ်များကို လေ့လာသည်။ ၁၃၂၉-ခုနှစ် မှ ၁၃၃၃-ခုနှစ် ထိ စစ်ကိုင်းတောင်ရိုး အနီးစခန်းဆရာတော်ကြီးထံတွင် ပရိယတ္တိစာပေကို အင်္ဂလိပ် ဘာသာဖြင့် သင်ယူသည်။ ၁၃၃၄-ခုနှစ်မှ ၁၃၃၇-ခုနှစ်ထိ သီဟိုဠ်ကျွန်း ကိုလံဘိုမြို့နယ် ကျိုကရှာအမ်းတွင် အဝိဇ္ဇာနိုင်ဆရာတော်ကြီးထံ၌ ပဋိပတ္တိအလုပ်ကို အားထုတ်တော်မူသည်။

၁၃၃၈-ခုနှစ်၌ စစ်ကိုင်းတောင်ရိုးတွင် သဒ္ဓမ္မသီတဂူကျောင်းကိုတည်ထောင်သည်။ ၁၃၄၂-ခုနှစ်တွင် သီတဂူရေအလှူတော်၊ ၁၃၄၇-ခုနှစ်တွင် အာယုဒါန ဆေးရုံ ၁၃၅၇-ခုနှစ်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့ကို တည်ထောင်တော်မူသည်။ နိုင်ငံတော်က ၁၃၅၄-ခုနှစ်တွင် မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့၊ ၁၃၅၆-ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့၊ ၁၃၅၈-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တို့ကို ဆက်ကပ်ခဲ့သည်။ ယခုအခါ စစ်ကိုင်း သီတဂူဗုဒ္ဓတက္ကသိုလ်တွင် သီတင်းသုံး၍ ပြည်တွင်းပြည်ပသာသနာပြုလျက်ရှိပါသည်။

ထေရုပ္ပတ္တိတော်ရှင်

မဟာဝေဇ္ဇာမိမြိုင်ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- သိမ်းဆည်းလှကြိုး ရုပ်နာမ်သဘောရော
  ရှုသေသေချာ ပွားကာဆျိုးမျှော်တွင်သော်
- ရဟန်းမျိုးရှုကာရုပ်နာမ်သဘောတော်
  ရှုကာသေတ်ရှုလေ့လာကြောင်း
  အရှိန်နှင့်တစေ့စောင်းလေယာဉ်နှင့်သဘော



ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏

## ထေရုပ္ပတ္တိအကျဉ်း (၁၃၀၃– )

ဆရာတော်လောင်းလျာကို ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ မင်းကုန်းရွာတွင် အဘ ဦးဘစံ–အမိ ဒေါ်မြမတို့မှ ၁၃၀၃–ခုနှစ်၊ ဝါဆိုလပြည့်ကျော် ညဉ့်(၁) နာရီ အင်္ဂါနေ့တွင် ဖွားမြင် တော်မူပါသည်။ ငယ်နာမည်မောင်ငြိမ်းဖြစ်သည်။ မင်းကုန်းရွာ၊ မဟာဗောဓိကျောင်းတွင် ရှင်သာမဏေပြုသည်။ ကိုရင်ဘဝဖြင့်ပင် ကျေးဇူးရှင်ဝေဘူဆရာတော်ဘုရားကြီးအထံတော် သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်ဥပဿမသာမိဖြစ်သည်။

ဒီးကုန်းမြို့၊ ရွှေဖောင်ဦး ပရိယတ္တိစာသင်တိုက်တွင် မြင့်မြတ်သည့် ရဟန်း အဖြစ်သို့ ရောက်သည်။ ပရိယတ္တိစာပေများကို သင်ယူသည်။ ပါဠိပထမပြန်စာမေးပွဲ ကို အောင်မြင်ခဲ့သည်။ မုံရွာမြို့ သာသနာ့ရုံသိမ်ပါဠိတက္ကသိုလ်ကျောင်းတိုက်နှင့် ရွှေဘိုမြို့ ဝေဠုဝန်ပါဠိတက္ကသိုလ်တို့တွင် ပရိယတ္တိစာပေများသင်ယူ၍ ဓမ္မာစရိယ တန်းကို ဆက်လက်ဖြေဆိုခဲ့သည်။ ရဟန်း ( ၅ ) ဝါအရတွင် လူဝတ်လဲ၍မိဘ များကို လုပ်ကျွေးခဲ့သည်။

၁၃၄၁–ခုနှစ်၊ ဝါဆိုလတွင် ရန်ကုန်မဟာစည်ရိပ်သာကြို၍ တရားအား ထုတ်ခဲ့သည်။ ထိုနှစ်တွင်ပင် မြင့်မြတ်သောရဟန်းဘဝသို့ ရောက်ရှိခဲ့ပါသည်။ ဆရာတော်ကြီး၏ ကျေးဇူးရှင်ဆရာများမှာ မင်းကုန်းမဟာဗောဓိဆရာတော်၊ ရွှေဘိုခရိုင်၊ ဥယျာဉ်ရွာစုဆရာတော် ဦးထိဿ၊ သာကံန်းကျွန်းသာသနာ့ဗိမာန် ဆရာတော် ဦးဝိမလ၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် ဦးဝဏ္ဏိတတို့ ဖြစ်ကြသည်။

ဆရာတော်ကြီးသည် အရှည့်ဥဒါသီတောရဝ်နှိုးခြင်းကို ပျော်မွေ့သဖြင့် ၁၃၄၁– ခုနှစ်မှစ၍ သာစည်မြို့၊ မှုံကြီးသံသုမာရတောင်၊ စစ်ကိုင်းတောင်၊ အရှေ့ပဗ္ဗတ ချောင်၊ မိုင်းဖျဉ်မြို့၊ သုဝဏ္ဏ သျှမ်တောင်ဦးမနားလက်လုပ်တောင်၊ ကန့်ဘလူ မြို့နယ်၊ နတ်တလှုတောရတို့တွင် တောရဆောက်တည်ခဲ့ပြီး ဂန့်ဂေါမြို့နယ်၊ ပုံတောင်ပုံညာ တောတောင်များအတွင်းမှတဆင့် မဟာမြိုင်တောကြီးအတွင်း တောရဆောက်တည်၍ ကျင့်ကြံပွားများလျက်ရှိပါသည်။

စိတ်ကြိုက်တေး

ကျေးဇူးတော်ရှင်

## ဦးတိက္ခိန္ဒြိယ(ရွှေတောင်)ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်



- ယခုအခါ သာသနာတော်သည်
  အချည်းအနှီးမဟုတ်၊
  မဂ်ဖိုလ်ကို မုချရနိုင်သော အခါတည်း။
- ယခုအခါ သောတာပန်စသော
  အရိယာပုဂ္ဂိုလ်လည်း မသိတ်သေး။
  မုချထင်ရှားရှိသော အခါသာလျှင်တည်း။
- ထင်ရှားရှိနေသော နေလ နက္ခတ်တို့ကို
  အကန်းတွေသမျှတို့သည် မသိမမြင်
  နိုင်ဘူးဟုဆိုလျှင်-
- နေလ နက္ခတ်တို့ကိုမြင်နိုင်သော
  မျက်စိအမြင်နှင့် ပြည့်စုံသောသူတို့၏
  ရယ်ဖွယ်သာလျှင်
  ဖြစ်လေသတည်းဟုမှတ်လေ။

ကျေးဇူးတော်ရှင်

## ဦးတိက္ခိန္ဒြိယ(ရွှေတောင်)ဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၃၂-၁၃၀၃)

ဆရာတော်လောင်းလျာကို ၁၂၃၂-ခုနှစ်၊ ဝါဆိုလဆန်း ၁၂-ရက်၊ စနေနေ့နံနက် ၄-နာရီကျော် အချိန်တွင် စစ်တွေမြို့၊ ဘောက်သီးစုရပ်၊ အဘ ဦးရဲဘော်-အမိ ဒေါ်မြပန်းဦးတို့မှ ဖွားမြင်သည်။ ငယ်မည်မောင်သာမာဦးဖြစ်သည်။ မွေးချင်း နှစ်ယောက်ဖြစ်သည်။ စစ်တွေမြို့အနောက် ပေါက်ချောင်တောရ၊ နာဇီဆရာတော်ထံ၌ ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာရှင်တိဿဖြစ်သည်။ အသက် ၂၀ ပြည့်သောအခါတွင် နာဇီဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးက တိက္ခိန္ဒြိယ ဘွဲ့ကိုပေးသည်။

ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီး အိန္ဒိယ၊ သီဟိုဠ်ကျွန်းတို့တွင် သီတင်းသုံး၍ ပရိယတ္တိသင်ယူလှသည်။ မဟာမြိုင်တောရ၌ ပဋိပတ်အကျင့်ကို ကျင့်ကြံသည်။ ဒကာများက ရွှေတောင်မြို့တွင် အမ္ဗာရာမကျောင်းတိုက် တင်လှူသဖြင့် ထိုကျောင်းတွင် သီတင်းသုံးပြီး ယောဂီများတို့ တရားပြသတော်မူခဲ့သည်။ သမုပ္ပါဒ နိရောဓကျမ်း။ ပရမတ္ထာဒိနယဒဿနကျမ်းသည်တို့ကို ပြုစုတော်မူခဲ့ပါသည်။

၁၃၀၃-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁-ရက်၊ သောကြာနေ့၊ ည ၈-နာရီအချိန်တွင် ၁၀ဝနှစ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## သေကျှတောင်ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- တပည့်တို့၊
အကောင်းဆုံးကို ဟောကြားပေးအံ့ဟူသော
ပဋိညာဉ်အတိုင်း ငါဆရာသည်
သင်တပည့်တို့အား
အကောင်းဆုံးကို ဟောကြားမည်။
ကောင်းမွန်စွာ နာကြားကုန်လော့။
အနက်အဓိပ္ပာယ်ကိုသိုးသွင်း[illegible]
ကောင်းစွာနှလုံးသွင်းကြကုန်လော့။
ဟောကြားတော့အံ့။

- မငုံမလျှော့
ကြိုးစား၍အားထုတ်ကြ
တပည့်တို့၊
ကြိုးစား၍အားထုတ်ကြ။



### ကျေးဇူးတော်ရှင်
## သေက္ခတောင်ဆရာတော်ဘုရားကြီး၏
### ထေရုပ္ပတ္တိအကျဉ်း (၁၂၃၃-၁၂၉၃)

ဆရာတော်လောင်းလျာကို မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ ခေါ်သန့်ကျေးရွာ၌ ၁၂၃၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉-ရက်၊ စနေနေ့ညနေ ၃နာရီကျော်တွင် ဖွားမြင်သည်။ မောင်းထောင်ဇာတိုက်ဆရာတော် ဦးဇဝနထံတွင် ကိုရင်ဝတ်သည်။ ဘွဲ့တော်မှာအရှင်တိလောကဖြစ်သည်။ ၁၂၅၃-ခုနှစ်တွင် ရဟန်းအဖြစ်သို့ရောက်သည်။ ၁၂၅၃-ခုနှစ်တွင် မုံရွာမြို့လယ်တီ ဆရာတော်ထံရောက်၍ ပညာသင်ယူသည်။ ဓာယေကိုအလွန်လိုက်စားသည်။ ဆရာတော်ကြီးကိုယ်တိုင် တားမြစ်ရသည်။ ၁၂၅၉-ခုနှစ်မှစ၍ အထက်ချင်းတွင်းမြစ်ဖျား အပါအဝင် လှည့်လည်၍ တောရ ကောက်တည် တရားအားထုတ်တော်မူသည်။

သေက္ခတောင်တွင်သီတင်းသုံး၍ ပြင်းထန်စွာအားထုတ်သည်။ ထိုတောင်ကို အစွဲပြု၍ သေက္ခတောင်ဆရာတော်ဦးတိလောက ဟုထင်ရှားသည်။ ဆရာတော် ရေးသားခဲ့သည့်ကျမ်းများအနက် ပဋ္ဌာနဒေသနိယဒီပနီကျမ်းသည် ပရိယတ္တိ ပဋိပတ္တိလောက၌ ထင်ရှားသည်။

၁၂၉၃-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃-ရက်၊ ညဦးနာရီပြန် ၂-ချက်တီးကျော်အချိန်၊ သက်တော် ၆၀ အရွယ်တွင် ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## တောင်ပွားဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ယောဂီတို့–
  မိမိတို့ တရားအားထုတ်မှုသာ
  လိုရင်းဖြစ်တယ်။

- အားမထုတ်ဘဲ၊
  လုံ့လမပြုဘဲနှင့်တော့
  ဘယ်တော့မှ နိဗ္ဗာန်မဂ်ဖိုလ်ကို
  မရနိုင်ဘူး။
  မှတ်ထားနော်။



ကျေးဇူးတော်ရှင်

## တောင်ပွားဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၄၆-၁၃၂၈)

ဆရာတော်လောင်းလျာကို ထားဝယ်မြို့၊ ကရပ်ပြင်ရပ်၌ အဘဦးရွှေလူနှင့် အမိဒေါ် သွန်းတို့မှ ၁၂၄၆-ခုနှစ်၊ ဝါခေါင်လဆန်း ၁၀-ရက်၊ စနေနေ့တွင် ဖွားမြင်သည်။ သားချင်း ၇-ယောက်အနက် တတိယဖြစ်သည်။ ငယ်မည်မှာ မောင်ဘိုးအောင်ဖြစ်သည်။ အသက် ၁၇-နှစ်တွင် ပေါက်တိုင်းရွာ၊ တောင်ပွားကျောင်းဆရာတော်ဦးဂုဏကို ဥပဇ္ဈာယ်ပြု၍ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်တေဇိန္ဒဖြစ်သည်။ ၁၂၇၃-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက်နေ့တွင် ထားဝယ်မြို့ ကညွှံရပ်၊ မြေတိုက်ကျောင်း ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက် တော်မူသည်။

ထားဝယ်မြို့၊ ဇေယျဝတီကျောင်းတိုက် ဆရာတော်ဦးသီလထံတွင် ပိဋကတ်စာပေများကို ပေါက်မြောက်အောင်သင်ယူသည်။ တောင်ပွားကျောင်း၌ နေခဲ့သည်ကိုအစွဲပြု၍ တောင်ပွား ဆရာတော်ကြီးဟု ထင်ရှားသည်။ မန္တလေးမြို့ အနောက်ပြင် မေဃဝတီ တောင်သမန်ကျောင်းတိုက်တွင်လည်း စာပေပရိယတ္တိများ သင်ယူခဲ့ဖူးသည်။ ၁၂၈၂-ခုနှစ်တွင် ထားဝယ်မြို့အနောက်ဘက် ၄-မိုင်ခန့်ဝေးသည့် မင်းရပ်ကမ္မဋ္ဌာန်းကျောင်းတွင် ပဋိပတ်အလုပ်ကို ကြိုးကုတ်တော်မူသည်။ ယောဂီများကိုလည်း တရားပြသတော်မူခဲ့သည်၊ ၁၃၁၉-ခုနှစ်တွင် ဇေယျဝတီပဋိပတ္တိနှင့် ပရိယတ္တိကျောင်းကြီးတွင် သီတင်းသုံးတော်မူသည်။ ၃၆-နှစ်လုံး ပဋိပတ် အလုပ်ကို အားထုတ်ခဲ့ပါသည်။

၁၃၂၈-ခုနှစ်၊ ဒုတိယဝါဆိုလကွယ်၊ ညနေ ၄-နာရီတွင် ဘဝနတ်ထံပျံလွန် တော်မူခဲ့ပါသည်။

ဝေဠုဝန်ဆရာတော်ရှင်

## ညောင်ရမ်းဆရာတော်ဘုရားကြီး၏

ကြံဖွဲ့ချက်

- ဝရိုးယစ္စာသည် ရတနာသိုက်တော်ညှိနှိုင်းမှုကို
ဖက်ညွှန်းမြှော်သော မြေပုံကျောက်စာ[illegible]
ရတနာသိုက်တော်ညှိနှိုင်းသောကျောက်စာကို
သမိုင်းညွှန်း သည့်မြေပုံများ ရှိသောကြောင့်
ရတနာသိုက်ကြီးကို [illegible]
သွားရောက်ရှာဖွေ[illegible]

- ထိုအတူ ဝရိုးယစ္စ်ရတနာ[illegible]ကြီး[illegible]
တည်ရှိနေသည်။
ဝရိုးယစ္စ်သောအရာ [illegible]
ရတနာသိုက်များ [illegible]
သတ်သတ်မှတ်မှတ်တည်ရှိနေ[illegible]ကြ[illegible]



ကျေးဇူးတော်ရှင်

## ညောင်ရမ်း ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၃၅-၁၃၁၆)

ဆရာတော်လောင်းလျာကို ၁၂၃၅-ခုနှစ်၊ တပို့တွဲလဆန်း (၄) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ညောင်ရမ်းမြို့တွင် အဖဦးနိုင်၊ အမိ ဒေါ်ငြိမ်းတို့မှ ဖွားမြင်သည်။ ငယ်စဉ်တွင် ညောင်ရမ်းမြို့ ပေါက်တောရကျောင်းတွင် ပညာသင်၍ ၁၂၅၅ ခုနှစ်တွင် ပေါက်တောရကျောင်း ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်ရေဝတဖြစ်သည်။ မန္တလေးမြို့ စကုတိုက်၊ မိုးကောင်းတိုက်တို့တွင် ပိဋကတ်တော်များကို ဆရာနည်းကျကျ သင်ယူခဲ့သည်။ ဓမ္မာစရိယစာချတန်း ပရိယတ္တိစာမေးပွဲအောင်မြင်သည်။

၁၂၇၄-ခုနှစ်တွင် ရေဝတာဘိပဏ္ဍိတဓဇ မဟာဓမ္မရာဇဂုရုဘွဲ့ တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်များ ဆက်ကပ်ခြင်းကို ခံယူတော်မူသည်။ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်ခြင်းခံရသည်။ ၁၃၁၆- ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် စတင်ကျင်းပသည့် ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်ကြီးတွင် မဟာသံဃနာယကအဖြစ် ဆောင်ရွက်တော်မူသည်။

ဤသို့ဆောင်ရွက်နေစဉ် ၁၃၁၆-ခုနှစ်၊ တပို့တွဲလပြည့်၊ တနင်္လာနေ့ မွန်းလွဲ (၂း၁၅) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။ ကျမ်းပေါင်း (၁၃၀) ရေးသားစီရင်တော်မူခဲ့သည်။

ကျေးဇူးတော်ရှင်

## ထိမ်တောဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

◉ ဘုရားရှင်တော် ပွင့်ထွန်းပေါ်သဖြင့်
သစ္စာလေးပါးအမှန်တရားကို
ပိုင်းခြားထင်ထင်သိမြင်ကြ၍
ဝေနေယျများစွာသတ္တဝါတို့သည်
လူ နတ် နိဗ္ဗာန်သုံးတန်သော ချမ်းသာကို
ခံစားစံစားသွားကြကုန်ပြီ။

◉ အချို့လည်း ခံစား စံစားနေကြကုန်ဆဲ၊
အချို့လည်းခံစား စံစားကြရကုန်လတ္တံ့။
သို့ဖြစ်၍ သဗ္ဗညုဘုရားရှင်သည်
ဝေနေယျများစွာ သတ္တဝါတို့အပေါ်မှာ
ဤမျှ ဤမျှ ဂုဏ်ကျေးဇူးရှိ
ဗွက်ဆခြင်းငှာမတတ်သာအောင်–
ကျေးဇူးကြီးမားလှပေကုန်သည်
သူတော်ကောင်းတို့။



ကျေးရွာတော်ရှင်
## ထိမ်တော ဆရာတော်ဘုရားကြီး၏
ထေရုပ္ပတ္တိအကျဉ်း (၁၂၁၇–၁၂၈၈)

ဆရာတော်လောင်းလျာကို ၁၂၁၇–ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁–ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ထိမ်တာရွာ၌ အဖဦးဖောမိတ်၊ အမိ ဒေါ်ပိုက်တို့မှဖွားမြင်ပါသည်။ ငယ်မည် မောင်စံထိုက်ဖြစ်သည်။ ၁၂၃၃–ခုနှစ်တွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်တေဇဝန္တ ဖြစ်သည်။ ၁၂၃၆–ခုနှစ်တွင် သိမ်တော်ကျောင်းတိုက်တွင် ဆရာတော်ဦးကုဏ္ဍလကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

ပရိယတ္တိစာပေကို သင်္ဂဇာဆရာတော်ကြီး၊ လုံးတော်ဆရာတော်ကြီး၊ ယောမင်းကြီးအုတ်ကျောင်းဆရာတော်၊ သစ်ဆိမ့်ဆရာတော်၊ စံကျောင်း ဆရာတော်တို့အထံတွင် တစ်ဖက်ကမ်းခတ် သင်ယူတတ်မြောက်ခဲ့သည်။ စာပေများကို ပြန်လည်ပို့ချတော်မူသည်။ မင်းတုန်းမင်းကြီး၏ ပစ္စယာနုဂ္ဂဟကိုခံယူတော်မူရသည်။ ပဋိပတ္တိအလုပ်ကို သင်္ဂဇာဆရာတော်ကြီး အကူ မြင်းခြံမြို့၊ စမ်းကျတောကျောင်း၌ အပတ်တကုတ်ကြိုးစား အားထုတ်တော်မူခဲ့သည်။ ဝိနယဓရဂဏဝါစကိယ၊ ဂဏဝါစကိယ ဂဏပါမောက္ခနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တို့ကို ဆက်ကပ်ခြင်းခံတော်မူရသည်။

မန်လည်ဆရာတော်ကြီး၊ တောင်ခွင်သာသနာပိုင် ဆရာတော်ကြီးတို့၏ မြှောက်စားခြင်းကို အထူးခံရသည်။ ဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်း၊ ဘာဝနာနယသင်္ဂဟ ကျမ်းအပါအဝင် ကျမ်းပေါင်း ၂၂–ကျမ်းရေးသားတော်မူခဲ့သည်။

၁၂၈၈–ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## ဆရာတော် ရဝေဝွန်း၏

ဩဝါဒတော်

● မာန်လျှော့ရှုသည့်မှာ
တက်ကြွထောင်လွှားမှု မာနတရားကို
လျှော့ချထားခြင်း ချိုးနှိမ်ထားခြင်း
ဟုဆိုအပ်သည်။
တော်ရုံဝင်ရမည်ဟုဆိုရမည်ဖြစ်သော်လည်း
ကံနှုတ်သော အတ္တသို့ထိဝတောသိတ်မှာ
မဟိတရား မှိုလိတရားများဖြစ်သော
ထိန်းသတ်နိုင်မည်ဖြစ်၍

● ဂုဏ်ရည်ရှိခဲ့သော်အခါ
ပြီး မိဘဆရာသမားတို့အား
သောနေရာ၌
တက်ကြွ ထောင်လွှားမှုမထား
ချိုးနှိမ်လျှော့ချထားနိုင်လျှင်ဝင်
မာန်လျှော့ရာသည်။



### ကျေးရွာတော်ရှင်

## ဆရာတော် ရဝေထွန်း၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၈၆–၁၃၆၄)

ဆရာတော်လောင်းလျာကို ၁၂၈၆–ခုနှစ်၊ ဝါခေါင်လဆန်း ၁၂–ရက်၊ စနေနေ့တွင် ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ ရွာမကြီးရွာတွင် အဖ ဦးစံဖေ၊ အမိဒေါ်မေတို့မှ ဖွားမြင်သည်။ စတုတ္ထတန်းအထိ ကျောင်းနေပြီး ရှင်သာမဏေဘဝသို့ရောက်သည်။ ဘွဲ့တော်မှာ အရှင်တိလောကသာရဖြစ်သည်။ ရွာမကြီးရွာ ရွှေတာရုံဆရာတော်ထံတွင် အခြေခံစာများကိုသင်ကြားပြီး၊ မင်းလှမြို့၊ စံကျောင်းတိုက်၊ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးတိုက်၊ ဗားကရားတိုက်နှင့် တောင်ကြီးမြို့ သိမ်တော်ကျောင်းတိုက် စသည်တို့တွင် ပညာသင်ကြား၍ ဓမ္မာစရိယအောင်မြင် တော်မူခဲ့သည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ မြန်မာစာပြဲဝါဒါစရိယစသည့် သာသနာ့တာဝန်များစွာကို ထမ်းဆောင်တော်မူခဲ့သည်။ မင်္ဂလာညွှန်၊ သမီးချစ်၊ ရွှေဟင်္သာမင်းပျို့ အဖြေကျမ်း စသည့် ကျမ်းပေါင်းများစွာကိုလည်း ပြုစုတော်မူခဲ့သည်။ ၁၉၅၀–ပြည့်နှစ်တွင် သက္ကတလပြဇာတ်စာအုပ်အတွက် ယူနက်စကိုစာပေဆု၊ သီလရှင်သမိုင်းစာအုပ်ဖြင့် ဗိုင်အမ်ဘီအေစာပေဆုများ ချီးမြှင့်ခြင်းခံရသည်။

ဆရာတော်သည် ကဗျာ၊ လင်္ကာ၊ ရတု၊ ဆောင်းပါး၊ ကျမ်းစသည်များကို များပြားစွာ ရေးသားခဲ့သည်။ နိုင်ငံတော်အစိုးရက ၁၉၉၄–ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ ဆက်ကပ်ခဲ့သည်။

၁၃၆၄–ခုနှစ် တပို့တွဲလပြည့်ကျော် ၉–ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်
အင်းစိန်ရွာမရိပ်သာသင်္ဂဟဓမ္မသင်တိုက် တိုက်အုပ်ဆရာတော်၏
ဩဝါဒတော်

- ဘာသာတို့သိမ်းတော်၊ ရည်ရွယ်ထိရောက်
  လူတွက်အကျိုးပေးရ။
- သူ့ကိုချစ်ခင်၊ သူ့ကြွေးတင်၊
  သူ့ဖင်ကြွေးရှင်၊ တို့သိမ်းသူ့ကျွန်။
- ဓမ္မသာသနာတော်၊ ရည်ရွယ်ပါလျက်
  တိုးတက်အကျိုးပေး။



### ကျေးဇူးတော်ရှင်

## အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်၏

### ထေရုပ္ပတ္တိအကျဉ်း (၁၃၀၀- )

ဆရာတော်လောင်းလျာကို ရောဝတီတိုင်း၊ ဇလွန်မြို့နယ်၊ ညောင်ပင်သာရွာတွင် အဘ ဦးဘဖေ-အမိဒေါ်စောစိန်တို့မှ ၁၃၀၀-ပြည့်နှစ်၊ တပေါင်းလဆန်း ၁-ရက်၊ စနေနေ့ နံနက် ၄နာရီတွင် ဖွားမြင်တော်မူသည်။ ၁၅ နှစ်သားအရွယ်တွင် ဇလွန်မြို့နယ်၊ ညောင်ပင်သာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဖြစ်သည်။ ဘွဲ့တော်မှာရှင်တိလောကဖြစ်သည်။ ၁၃၂၀-ပြည့်နှစ်၊ ကဆုန်လဆန်း ၁၀-ရက်တွင်၊ ဇလွန်မြို့နယ်၊ ပကွဲကျောင်းပေါင်းဆရာတော်ကြီးကို ဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ညောင်ပင်သာရွာဦးကျောင်း၊ ညောင်ဦးမြို့နယ်တောင်ကျောင်း၊ မြင်းခြံမြို့ ကိုးဆောင်တိုက်၊ မန္တလေးမြို့ချမ်းသာကြီးတိုက်၊ ညောင်ကန်တိုက်၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက်တို့တွင် ပရိယတ္တိစာပေသင်ယူခဲ့သည်။ သာသနဓဇဓမ္မာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ သက္ယသီဟဓမ္မာစရိယတန်းတို့ကို အောင်မြင် တော်မူခဲ့သည်။ မြင်းခြံ ကိုးဆောင်တိုက်၊ ရွာမစာသင်တိုက်၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်တို့တွင် စာပေများကိုပို့ချတော်မူခဲ့ပါသည်။ မာတိကာ ဓာတု ကထာ၊ ယမက စသည့်ကျမ်းများစွာကို လက်ဆောင်အမည်တပ်၍ ရေးသားပြုစု ခဲ့သည်။

၁၃၅၉-ခုနှစ်တွင် နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခြင်း ကို ခံယူတော်မူပါသည်။ ပရိယတ္တိစာပေတိုးတက်ပြန့်ပွား၊ စည်ပင်ရေးကို အလေး ဂရုပြုလျက် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်တွင် ပဓာနနာယကဆရာတော် အဖြစ် သာသနာပြုလျက်ရှိပါသည်။

ကျေးဇူးတော်ရှင်
## သထုံမြို့ မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏
ဩဝါဒတော်

ပေါ်လာသရွေ့
အာရုံထင်ရှားတာကို
မှေ့မှန်တည့်တည့်
ကတွတ်ပေါက်မှာ
မျှင်းငါးစောက်သလို
သတိဖြင့်မှတ်ပါ။



ကျေးဇူးတော်ရှင်

# သထုံမြို့ မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၃၀–၁၃၁၆)

ဆရာတော်လောင်းလျာကို စစ်ကိုင်းမြို့နယ်၊ ကျောက်ပန်းရှာ၌ အဘဦးညို–အမိဒေါ်ပိုင်တို့မှ ၁၂၃၀–ပြည့်နှစ်၊ တပို့တွဲလဆန်း ၅–ရက်၊ စနေနေ့ညနေ ၆–နာရီတွင် ဖွားမြင်တော်မူသည်။ ဒုတိယမြောက်သားဖြစ်၍ ငယ်နာမည် မောင်သာဖျော ဖြစ်သည်။ ၁၄–နှစ်သားအရွယ်တွင် တောင်ပေါ်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ်သည်။ ဘွဲ့တော် မှာ ရှင်နာရဒဖြစ်သည်။ ၁၂၄၉–ခုနှစ်တွင်၊ မန်ကျည်းစုံတောရကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။ သာမဏေဘဝ ၄–ဝါ အရမှာပင် ပါဠိပိဋကတ်တော်ကြီး ၅–ကျမ်းလုံး ပြီးဆုံးအောင် သင်ယူခဲ့သည်။

မင်းကွန်းတောင်ပေါ်ကြီးကျောင်းတိုက်၊ မန္တလေးမြို့ မိုးကောင်းတိုက်၊ ဒက္ခိဏာဝန်တိုက်၊ မြတောင်တိုက်၊ စံကျောင်းတိုက်တို့တွင် ပညာသင်ကြားခဲ့သည်။ ၁၂၅၀–ပြည့်နှစ်တွင် ဓမ္မာစရိယ ဖြစ်သည်။ ကျမ်း ၂၃–ကျမ်း ပြုစုတော်မူခဲ့၍ ကမ္မဋ္ဌာန်းဌာန ၁၀၀–ကျော် တည်ထောင်ခဲ့သည်။ တောင်ပုလုဆရာတော်ကြီးနှင့် မဟာစည်ဆရာတော်ကြီးတို့သည် ဆရာတော်ကြီး၏ ဖနီးပဋ်တပည့်များ ဖြစ်သည်။

၁၃၁၆–ခု၊ တပေါင်းလပြည့်ကျော် ၁၀–ရက်၊ သောကြာနေ့ ၁၂–နာရီအချိန်တွင် သထုံမြို့ မင်းကွန်းဇေတဝန်ကျောင်းတိုက်၌ စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူပါသည်။

ကျေးဇူးတော်ရှင်

တော်ကျွန်းဆရာတော်ဘုရားကြီး၏

ဩဝါဒတော်



● သေဖို့နီးလေ အရေးကြီးလေပဲ။
အရေးကြီးဆုံးအလုပ်က
ခန္ဓာကို လုပ်ကျွေးဖို့မဟုတ်။
ခန္ဓာကို အသုံးချပြီး
ဝိပဿနာရှုမှတ်ဖို့ပဲ။

### ကျေးရွာတော်ရှင်

## တော်ကူးဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၅၂–၁၃၄၈)

ဆရာတော်လောင်းလျာကို ၁၂၅၂–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃–ရက်၊ စနေနေ့ တွင် အဖဦးလှကလေး–အမိဒေါ်ဖွားကျုံတို့မှ မုံရွာမြို့နယ်၊ တော်ကူး ကျေးရွာတွင် ဖွားမြင်တော် မူသည်။ ငယ်နာမည်မောင်ထွန်းရှိဖြစ်သည်။ မွေးချင်း ၆–ယောက်အနက် စတုတ္ထမြောက်ဖြစ် သည်။ သက်တော် ၄၅–နှစ်အရွယ်၊ ၁၃၀၇–ခု၊ ဝါဆိုလဆန်း ၁၃–ရက်တွင် ဦးနန္ဒိယဘွဲ့အမည်ဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်ရောက်ရှိတော်မူသည်။

တော်ကူးဆရာတော်၏ ကမ္မဋ္ဌာန်းနည်းပြ ဆရာများမှာ မော်လမြိုင်မြို့ မြို့ဝသသတိပဋ္ဌာန် ကျောင်းတိုက်ဆရာတော် ဦးပဏ္ဍဝနှင့် မဟာစည်ဆရာတော် ကြီးတို့ဖြစ်သည်။ တရားပြသသောအခါ ဣရိယာပုတ်လေးမျိုးလုံးကို ရှည်ရှည် ရှုမှတ်စေခြင်းဖြင့် နည်းပေးတော်မူသည်။

၁၃၄၈–ခုနှစ်၊ တန်ခူးလပြည့်နေ့ ည ၇း၄၈ နာရီတွင် ဘဝနတ်ထံပျံလွန် တော်မူခဲ့ပါသည်။ လွန်တော်မူချိန်တွင် သက်တော် ၉၇–နှစ်၊ ဝါတော် ၄၂–ဝါ ရှိသည်။ ရုပ်ကလာပ်တော်ကို ၂၈ရက်တိုင်တိုင်ထားသော်လည်း မပုပ် မပွ မနံ မစော်ပေ။ မီးသင်္ဂြိုဟ်သည့်အခါတွင် ညှော်နံ့များလုံးဝမထွက်ခဲ့ပါချေ။

ကျေးဇူးတော်ရှင်

## တောင်ပုလုတောရဆရာတော်ဘုရားကြီး၏

## ဩဝါဒတော်

- သင်တို့တစ်တွေ
  အသိအမှတ်ပြုနိုင်သမျှ
  သံသရာပြတ်ကြောင်း ဝိဇ္ဇာချည်းပဲ
- အသိအမှတ်မပြုသမျှ
  သံသရာလည်ကြောင်း
  အဝိဇ္ဇာချည်းပဲ မှတ်ကြ။



ကျေးဇူးတော်ရှင်

## တောင်ပုလုတောရ ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၅၈-၁၃၄၈)

ဆရာတော်လောင်းလျာကို မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ တဲစုရွာတွင် အဘဦးရုံနှင့် အမိ ဒေါ်ရွှေသဲတို့မှ ၁၂၅၈-ခု၊ တပေါင်းလပြည့်ကျော် (၃)ရက်၊ စနေနေ့တွင် ဖွားမြင်သည်။ ငယ်နာမည်မောင်ပေါ်လာဖြစ်သည်။ အသက် ၁၄နှစ် အရွယ်တွင် တဲစုရေဝန်းကျောင်းဆရာတော်ထံတွင်ပညာသင်၍ ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်နန္ဒိယဖြစ်သည်။ အသက် ၂၀တွင် တဲစုရွာမှ ဦးထွန်းအေး -ဒေါ်ကြာမွှေးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဆရာတော် ဦးစောဇကို ဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

မန္တလေးနှင့် ပခုက္ကူတိုက်ထွက် ဆရာတော်များထံတွင် ပညာသင်ယူ၍ သာစည်မြို့ ရေလယ်ကျောင်းတိုက်တွင် ဝါ ၂၀ မျှ စာဝါပို့ချတော်မူသည်။ မင်းကွန်း ဇေတဝန် ဆရာတော်ကြီးထံတွင် ပဋိပတ်အလုပ်ကိုအားထုတ်၍ ယောဂီများကို တရားပြသတော်မူသည်။ ၁၃၁၅-ခုနှစ်တွင် တောင်ပုလုထိပ်၌ ကမ္မဋ္ဌာန်းအားထုတ် တည်ခြင်းနှင့် တောင်ပုလုဆည်ကိုအကြောင်းပြု၍ တောင်ပုလုဆရာတော်ကြီးဟု ထင်ရှားတော်မူသည်။

ဆရာတော်ကြီးသည် အမေရိကန်၊ အင်္ဂလန်၊ နီပေါစသည့်နိုင်ငံများတွင် ဝိပဿနာတရားများကို ပြန့်ပွားအောင်ဆောင်ရွက်ရင်း ရန်ကုန်မြို့ တက္ကသိုလ် ရိပ်သာလမ်းရှိ တောင်ပုလု ကျောင်းတိုက်တွင် ၁၃၄၈-ခု၊ ကဆုန်လကွယ်၊ စနေနေ့တွင် စုတိကမ္ဘဇရုပ် ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

မူလ ပဌာန်းဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- အပြန်အလှန်ကျေးဇူးပြုတယ်ဆိုတာ
အဆင့်အတန်းခွဲခြားမှု
အခွင့်အရေးခွဲခြားမှု မရှိရဘဲ
တန်းတူ ရည်တူ သဘောတူညီမှုဖြစ်ရမယ်။

- ဒီလိုတော့တဲ့
တို့ခေတ်ကာလတော့
အဆင့်အတန်းမြင့်မြင့်နေပြီး
အခွင့်အရေးတွေကို
လိုချင်သလောက်ယူပြီး
သူတစ်ပါးကိုတော့
အောက်တန်းကျနေစေတာ
အခွင့်အရေးလည်း မပေးဘူးဆိုရင်
ဘုရားဟောတဲ့
အညမညသဘောမဟုတ်တော့ဘူး။



ကျေးဇူးတော်ရှင်

## မူလ ပဌာန်းဆရာတော်ဘုရားကြီး၏
ထေရုပ္ပတ္တိအကျဉ်း (၁၂၅၉–၁၃၄၄)

ဆရာတော်လောင်းလျာကို ၁၂၅၉–ခုနှစ်၊ နတ်တော်လဆန်း ၄–ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကြို့ပင်ကောက်မြို့၌ အဘဦးစိန်၊ အမိ ဒေါ်မေတို့မှ ဖွားမြင်ပါသည်။ ငယ်မည်မောင်စိန်ထွန်း ဖြစ်သည်။ အသက် ၁၆–နှစ်အရွယ်တွင် အင်ကြင်းမြောင် ဆရာတော်ကြီးထံတွင် ရှင်သာမဏေပြုသည်။ ထိုစဉ်ကပင် ပရိယတ်နှင့်ပဋိပတ်ကို အတော်အသင့် လိုက်စားခဲ့သည်။ ၁၂၇၈–ခုနှစ်တွင် အင်ကြင်းမြောင်တောရ၌ ရဟန်းအဖြစ်သို့ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ ရှင်နာရဒဖြစ်သည်။ ရန်ကုန်မြို့ ဘင်္ဂလားမုန့်ဆိုင်ကျောင်း၊ မန္တလေးမြို့ ရွှေရေဆောင်ဆရာတော်၊ ဘုရားကြီးတိုက်၊ မြင်းခြံတိုက်၊ အမရပူရ ပခုက္ကူတိုက်တို့တွင် စာပေသင်ယူခဲ့သည်။

ရွှေဘိုခရိုင်၊ ခင်ဦးမြို့တွင် သုံးနှစ် ပဋိပတ်အလုပ်ကို ကြိုးကုတ်တော်မူသည်။ အလယ်တောရတိုက်၊ မန္တလေးမုန့်ဆိုင်တိုက်၊ စစ်ကိုင်းတောင်ရိုး၊ ရန်ကုန်မြို့တို့တွင် ပဌာန်းသင်တန်းများကို ပို့ချတော်မူခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကာလတွင် အင်္ဂလိပ်၊ အမေရိကန်၊ ဂျာမနီစသည့် နိုင်ငံများသို့ အဘိဓမ္မာဒေသနာတော်ကို ကမ္ဘာအနှံ့ဖြန့်ရှိ ပို့ချခဲ့သည်။ ဓာတုကထာပါဠိတော် အင်္ဂလိပ်ဘာသာပြန်၊ ပဌာန်း ပါဠိတော် စသည်တို့ကို အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့သည်။

၁၃၃၀–ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းတော်မူခဲ့ပါသည်။ သက်တော် ၈၀–အရွယ်အထိ ယမိုက်ပါဠိတော် ၃–အုပ်ကို အင်္ဂလိပ်ဘာသာသို့ ဦးဆောင်၍ ပြန်ဆိုတော်မူခဲ့ပါသေးသည်။

ဆရာတော်ကြီးသည် သက်တော် ၈၆၊ သိက္ခာတော် ၆၆–ဝါအရ ၁၃၄၄–ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂–ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ မြည်ထမ်း မူလပဌာန်းကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

ဝေဘူးဆူးတော်မှင်

## မော်လမြိုင်တောင်လေးလုံး ဆရာတော်ဘုရားကြီး၏

## ဩဝါဒတော်

- အကုသိုလ်ဓမ္မဖြစ်သောအချိန်ကာလ
  မရှိစေရ။
  ကုသိုလ်ဓမ္မဖြင့်သာ အချိန်ကာလကို
  ကုန်လွန်စေရမည်။

- စာပေကျမ်းဂန်တတ်သိရုံမျှဖြင့်
  တင်းတိမ်ရောင့်ရဲမနေရ၊
  တရားသိအောင်ကျင့်ကြံအားထုတ်ရမည်။

- သံသရာ၌ အသက်ရှည်ရန်မလိုအပ်၊
  သံသရာတိုရန်သာ လိုအပ်သည်။



ကျေးဇူးတော်ရှင်

## မော်လမြိုင်တောင်လေးလုံး ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၆၄–၁၃၅၃)

ဆရာတော်လောင်းလျာကို ၁၂၆၄–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉–ရက်၊ စနေနေ့ ညဉ့် ၅–နာရီအချိန်တွင် ဒီပဲယင်းမြို့နယ်၊ ပေါင်းတောင်ကျေးရွာကြီး၌ အဘဦးအိုးအံ့၊ အမိ ဒေါ်သာ မိတို့မှ ဖွားမြင်ပါသည်။ မွေးချင်း ၈–ယောက်အနက် စတုတ္ထမြောက်ဖြစ်သည်။ ငယ်နာမည် မောင်ထွန်းအေးဖြစ်သည်။ ၇–နှစ်သားအရွယ်တွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်နာဂသေနဖြစ်သည်။ ၁၂၈၄–ခုနှစ်၊ ဓါဆိုလဆန်း ၁၁–ရက်နေ့တွင် မန္တလေးမြို့ အနောက်ပြင် တောင်တော်သာသနာပိုင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူပါသည်။

ရန်ကုန်ချောင်းမြို့၊ ရွှေစေတီကျောင်း၊ ပခုက္ကူမြို့သာသနဝိဟာရ၊ မန္တလေး ကျောင်းတိုက်၊ မန္တလေး မိုးနိမ့်ကျောင်းတိုက်တို့တွင် စာသင်စာချဖြင့် ပရိယတ္တိစာပေကို သင်ယူသည်မူခဲ့သည်။ ပထမကျော် ၄–ဘွဲ့ရခဲ့သဖြင့် ကျော်၄–ကျော် ဆရာတော်ဟုထင်ရှားသည်။ တောရနှင့် သုသာန်စုဝင်များကိုလည်းဆောက်တည်၍ ပဋိပတ်အလုပ်ကိုကြိုးကုတ်စတော်မူခဲ့သည်။ ဆဋ္ဌသင်္ဂါယနာပွဲတွင်လည်း သာသနာ့တာဝန်ကိုထမ်းရွက်တော်မူခဲ့သည်။ ကျမ်းများစွာကိုလည်းရေးသားတော်မူခဲ့သည်။

၁၂၉၅–ခုနှစ်တွင် မော်လမြိုင်တောင်လေးလုံးကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့သည်။ နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တို့ကို ဆက်ကပ်တော်မူခဲ့သည်။ ၁၃၅၃–ခုနှစ်တွင် မော်လမြိုင်မြို့ တောင်လေးလုံးကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်
## အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက် ၊
## နာယကဆရာတော်ဘုရားကြီး၏
## ဩဝါဒတော်

- သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ပါရခြင်းအကျိုးငှာလို့တဲ့အတိုင်း အဲဒီရည်ရွယ်ချက်ကို ထုတ်ဖော်ဖွင့်ဟပြောကြားထားပြီးဖြစ်တယ်။
- အဲဒီလို ထုတ်ဖော်ဖွင့်ဟခဲ့ကြတဲ့ ရည်ရွယ်ချက်များအတိုင်း မေ့မေ့ကြတဲ့ မလိုက်နာကြဘူးဆိုရင်တော့ ရည်ရွယ်ချက်လမ်းကချော်ပြီး နေမှာအမှန်ပဲ။
- အဲဒါကြောင့် မိမိတို့ရည်ရွယ်ချက်လမ်းအတိုင်းရောက်ရေးအတွက် ဘာသိရှိအလုပ်မျိုးတို့ လုပ်ကြရမယ်ဆိုတာ ကိုယ်သိကိုယ်သိတိုင်း အခုမှ သိသိနဲ့ သာသနာ့ဘာသန် ထမ်းဆောင်ကြရမှာပဲ။



ကျေးဇူးတော်ရှင်

## အင်းစိန်မြို့ ရွာမပရိယတ္တိ စာသင်တိုက် နာယက ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၈၀–၁၃၆၉)

ဆရာတော်လောင်းလျာကို ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ ရိုးစိမ်းကြီး ကျေးရွာတွင် အဘ ဦးဘိုးကြွယ်–အမိဒေါ်ချစ်တို့မှ ၁၂၈၀–ခုနှစ်၊ တပေါင်းလပြည့် ကျော် ၃–ရက်၊ စနေနေ့ နံနက် ၈၀၀ နာရီတွင် ဖွားမြင်တော်မူသည်။ ၁၂၉၁–ခုနှစ်၊ တပေါင်းလဆန်း ၃–ရက်နေ့တွင် ရွာဦးကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင် သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်နန္ဒဝံသဖြစ်သည်။ ၁၃၀၀–ပြည့်၊ ဝါဆိုလဆန်း ၈–ရက်နေ့တွင် ဘုရားဖြူ ကျောင်းတိုက် ခဏ္ဍသိမ်တွင် ဘုရားဖြူဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူသည်။ ပုဇွန်တောင်မြို့နယ် အသိတိ ကျောင်း၊ ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်၊ မန္တလေးမြို့ မဟာဝေယံဘုံသာ ကျောင်းတိုက်တို့တွင် ပရိယတ္တိစာပေများ ကို သင်ယူခဲ့သည်။

၁၃၃၂–ခုနှစ်တွင် ရွာမပရိယတ္တိစာသင်တိုက်ကို တည်ထောင်၍ စာပေများ ပို့ချသည်။ စာသင်တိုက်ခွဲများစွာကိုလည်း တည်ထောင်တော်မူသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွင် ဗဟိုသံဃာ့ဝန်ဆောင်၊ သီးခြားစီရင်ရေးဖိုရမ်တာဝန် များကိုထမ်းဆောင်ခဲ့သည်။ ၁၃၅၄–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခြင်း ခံယူသည်။

၁၃၆၉–ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၈)ရက် သောကြာနေ့တွင် ပျံလွန် တော်မူပါသည်။

ကျေးဇူးတော်ရှင်
ညောင်ဝင်းအိုင်ဝတောရဆရာတော်ဘုရားကြီး၏
ဩဝါဒတော်

- ဘုန်းကြီးတို့
တစ်သံသရာလုံးက
အိပ်လာတဲ့အချိန်တွေ
မနည်းတော့ဘူး။

- ဒီသာသနာမှာ
အပိုရှုစိုက်မှတော်မယ်။



ကျေးဇူးတော်ရှင်

## ညောင်ပင်အိုင်တောရဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၈၃–၁၃၆၅)

ဆရာတော်လောင်းလျာကို ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ မုလုံရွာတွင် အဘဦးသာထွယ်–အမိဒေါ်နှင်းတုတ်တို့မှ ၁၂၈၃–ခုနှစ်၊ ပြာသိုလဆန်း ၃–ရက်၊ စနေနေ့တွင်ဖွားမြင်ပါသည်။ ငယ်မည်မောင်ထွန်းရှိန်ဖြစ်သည်။ မွေးချင်း ၄ယောက် အနက် အငယ်ဆုံးသားဖြစ်သည်။ အသက် ၁၂ နှစ်အရွယ်တွင် မုလုံရွာ၊ ပတ္တမြားဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာ မဏေဖြစ်သည်။ ဘွဲ့တော်မှာရှင်နန္ဒဝံသဖြစ်သည်။ အခြေခံပရိယတ္တိပညာကို ပတ္တမြား ဆရာတော်ကြီးထံတွင် သင်ကြားခဲ့သည်။ ၁၃၀၃–ခုနှစ်၊ နယုန်လဆန်း ၁၂–ရက်– တွင် ဆရာတော်ဦးဥက္ကံကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူသည်။

ရေစကြိုမြို့နယ် မဟာဇေတဝနာရာမတိုက်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်တို့တွင် စာပေသင်ကြားခဲ့သည်။ ညောင်ပင်အိုင်နှင့် ပေါင်းလွှေးကြားရှိ မြို့ဘုရားသလယတောရကျောင်းတွင် တရားအလုပ်ကို အားထုတ်တော်မူသည်။ ၁၃၁၀–ခုနှစ်တွင် ညောင်ပင်အိုင်တောရ၌ တောရကျောင်းတည်တော်မူပါသည်။ ပဋ္ဌာနပတ္တိ နည်းကို ဝေဘင်းကန်လယ်ဆရာတော်ထံတွင် နည်းခံခဲ့သည်။

ညောင်ပင်အိုင်တောရတွင် နေသမ္ဗုရတင် အပါအဝင် ဓုတင်များကို အနှစ် လေးဆယ်ထိုးလုံး ကျင့်ကြံဆောက်တည်ခဲ့သည်။ နိုင်ငံတော်အစိုးရက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့ကို ၁၃၅၆–ခုနှစ်တွင် ဆက်ကပ်ခဲ့သည်။

၁၃၆၅–ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်၊ တနင်္လာနေ့တွင် ၁၁ နာရီထိ ပျံလွန်တော်မူခဲ့ပါသည်။

[illegible]

[illegible]

ဩဝါဒတော်

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]



### ကျေးဇူးတော်ရှင်

## တိပိဋကဓရဘဒ္ဒန္တနေမိန္ဒဆရာတော်ကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၈၉–၁၃၅၂)

ဆရာတော်လောင်းလျာကို ၁၂၈၉–ခု၊ ပြာသိုလပြည့်ကျော် ၈–ရက်၊ စနေနေ့တွင် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဘင်းဂန်ကျေးရွာ၌ အဘဦးဘိုးတာစ်–အမိဒေါ်ထွားတုတ်တို့မှ ဖွားမြင် သည်။ ငယ်မည်မောင်ထွန်းရှိန်ဖြစ်သည်။ ၁၀–နှစ်သားအရွယ်တွင် မြိုင်မြို့နယ်၊ ချေးပင်ကွင်းရွာ၊ မြေပတောကျောင်းဆရာတော်ထံတွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်နေမိန္ဒဖြစ်သည်။ ၁၃၀၉–ခုနှစ်၊ ဝါဆိုလဆုတ် ၁–ရက်နေ့တွင် ပခုက္ကူမြို့၊ မဟာဝိသုတာ ရာမတိုက်ဆရာတော်ကြီး အရှင်သုန္ဒရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။ ပခုက္ကူ နှင့် မန္တလေးတို့တွင် ပရိယတ္တိစာပေကို သင်ကြားသည်။ သာသနဓဇသိရီပဝရဓမ္မာစရိယ သိရောမဏိဘွဲ့အပါအဝင် ဘွဲ့တော်များစွာကို အောင်ပန်းဆွတ်လှမ်းခဲ့ပါသည်။

၁၃၃၉–ခု၊ ၁၀ကြိမ်မြောက် တိပိဋက စာမေးပွဲကြီးတွင် ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကကောဝိဒဘွဲ့တံဆိပ်ကို အောင်မြင်တော်မူသည်။ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့ထူးဖြင့်ချီးမြှင့်ခြင်းကို ခံယူတော်မူရပါသည်။ ဆဋ္ဌသင်္ဂါယနာပွဲကြီးနှင့် တိုင်းနိုင်ငံစာမေးပွဲများ၊ ပခုက္ကူမဟာဝိသုတာရာမတိုက်ကြီး၏ ပရိယတ္တိ စာပေကိစ္စများကို သာသနာပြုဆောင်ရွက်တော်မူခဲ့သည်။ သာသနာပြုကိစ္စများကို အခါခွင့်သင့်တိုင်း မနားမနေဆောင်ရွက်တော်မူခဲ့ပါသည်။

၁၃၅၂–ခုနှစ်၊ သက်တော် ၆၄–နှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါ သည်။

[illegible]

[illegible]

[illegible]

- [illegible]
  [illegible]
  ၁။ [illegible]
  [illegible]
  ၂။ [illegible]
  [illegible]
  ၃။ [illegible]
  [illegible]
- [illegible]
  [illegible]
  [illegible]



ကျေးဇူးတော်ရှင်

## စမ်းအေးမြိုင်ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၃၀၆– )

ဆရာတော်လောင်းလျာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ အောင်ချမ်းသာကျေးရွာတွင် အဘဦးထွန်းကြိုင်–အမိဒေါ်အေးကြည်တို့မှ ၁၃၀၆–ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄–ရက်၊ စနေနေ့ နံနက် ၁၁ နာရီအချိန်တွင် ဖွားမြင်ပါသည်။ မွေးချင်းသုံးယောက်အနက် သားဦးဖြစ်သည်။ ၉ နှစ်သားအရွယ်တွင် အောင်ချမ်းသာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်နန္ဒသဖြစ်သည်။ ၁၃၂၅–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ ကြာသပတေးနေ့တွင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတွင် ဘဒ္ဒန္တဓမ္မနန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်း အဖြစ်သို့ရောက်ပါသည်။

အောင်ချမ်းသာကျောင်း၊ သနပ်ပင်မြို့၊ အနော်မာရုံကျောင်း၊ ပဲခူးမြို့ ကြခတ်ဝိုင်း ကျောင်းတိုက်တို့တွင် ပရိယတ္တိစာပေသင်ယူ၍ ၁၃၂၂–ခုနှစ်တွင် သာသနဓဇဓမ္မာစရိယနှင့် စေတိယင်္ဂဏဓမ္မာစရိယတန်းတို့ကို အောင်မြင်တော်မူပါသည်။ ကြခတ်ဝိုင်းကျောင်းတိုက်တွင် (၁၀) နှစ် စာဝါပို့ချခဲ့သည်။

၁၃၃၇–ခုနှစ်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းမြို့၊ ပေါက်တောကျေးရွာ စမ်းအေးမြိုင်ကျောင်းတိုက်ကို စမ်းအေးမြိုင်စာသင်တိုက်အဖြစ် တည်ထောင်တော်မူ၍ စာဝါများပို့ချနေပါသည်။ ၁၃၆၀–ပြည့်နှစ်တွင် နိုင်ငံတော်က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် စမ်းအေးမြိုင်စာသင်တိုက်ကို ဦးစီး၍ ပရိယတ္တိ စာပေများပို့ချကာ သာသနာပြုလျက်ရှိနေတော်မူပါသည်။

ကျေးဇူးတော်ရှင်

## ငှက်တွင်းဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည်
ဓါတ်ကိုယ်, ဓါတ်ဝဋ်ရှိသည်ဖြစ်၍
တကျော့ကောင်းခြင်း
သက္ကာယဒိဋ္ဌိကောင်းခြင်း ရှိကြသဖြင့်
ထိုတစ်နှစ်သက်သော
သံကိလေသကို
ပယ်ရှားပယ်ချကြောင်း
ကာယဂတာသတိအစည်ရှိသည့်
ဒွတ္တိံ သကာယသကမ္မဋ္ဌာန်းကြီးကို
ပွားများအားထုတ်ကြပါလေ



### ကျေးဇူးတော်ရှင်

## ငှက်တွင်းဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၇၉၃–၁၂၇၂)

ဆရာတော်လောင်းလျာကို အဖဦးမောင်မောင်လေး၊ အမိဒေါ်ခင်ငြိမ်းတို့မှ ၁၁၉၃–ခု၊ ပထမဝါဆိုလဆန်း ၇–ရက်၊ ကြာသပတေးနေ့တွင် ရွှေဘိုမြို့၌ ဖွားမြင်တော်မူသည်။ ငယ်နာမည်မောင်မြသီးဖြစ်သည်။ ၁၃ နှစ်သားအရွယ်တွင် ရွှေဘိုမြို့ စရစ်ကျောင်းတိုက်၌ ရှင်သာမဏေဝတ်သည်။ ၁၂၁၄–ခုနှစ်၊ ဝါဆိုလဆန်း ၁၄–ရက်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ စရစ်ကျောင်းတိုက် ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်ပဏ္ဍိဝဖြစ်သည်။ မန္တလေးမြို့ သင်္ဂဟကျောင်းတိုက်တွင် ပညာသင်ကြားသည်။

မင်းတုန်းမင်းကြီးက ပညာဒီပကာဝိဓဇဓိသာပါဒမာဂ္ဂ တိပိဋကာလင်္ကာရ ဘွဲ့တံဆိပ်ကို လျှောက်ခါန်းတော်မူသည်။ သက်တော် ၃၆–နှစ်တွင်စာချခြင်းကိုရပ်နား၍ မန္တလေးမြို့ အနောက် ဘက် မင်းဝံတောင်တန်းသို့ကြွ၍ ပဋိပတ်အလုပ်ကို ကြိုးစားသည်။ မင်းဝံတောင်ခါးပန်းတွင် ပုစဉ်းထိုးငှက်များ သဘာဝအလျောက်တူးထားသည့် ဂူများကို အကြောင်းပြု၍ ငှက်တွင်းဆရာတော်ဟုထင်ရှားသည်။ နောင်တွင် ငှက်တွင်းဆရာတော်ဟု ထင်ရှားပြီး ငှက်တွင်းဂိုဏ်း၊ ရွှေမင်းဝံဂိုဏ်းဟု ခေါ်ဝေါ်ကြသည်။ နောင်တွင် စတုဘုမ္မိကမဂ္ဂင်တရားတော်ကို အကြောင်းပြု၍ စတုဘုမ္မိကမဂ္ဂင်ဂိုဏ်းဟု ထင်ရှားခဲ့သည်။

ငှက်တွင်းဂိုဏ်းသတိပဋ္ဌာန်ကို စတင်ကျင့်သုံးပြသတော်မူခဲ့သည်။ ဆရာတော်ကြီးသည် ၁၂၇၂–ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်တွင် သထုံမြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## မင်းကွန်း ပထမ ဓမ္မနာဒဆရာတော်ဘုရားကြီး၏

## ဩဝါဒတော်

- သွားလိုရပ်ရိုး၊
  ထိုင်နေလို့၊
  အိပ်လိုစိတ်ဟုသိ။

- စိတ်ကြောင့်ဖြစ်သော၊
  ဓာတ်ဝါယော၊
  နှစ်ရှာကိုသိပေါ်မြန်း။

- ဒါယောဖြည့်သော်၊
  ဝိညတ်ပေါ်၊
  ရုပ်သော် သွားလာဆီး။

- ပုဂ္ဂိုလ်မသွား၊ ငါမသွား၊
  ရုပ်သွား ဉာဏ်မြင်ကြည်။



ကျေးဇူးတော်ရှင်

## မင်းကွန်း ပထမ ဓမ္မနာဒ ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၄၇–၁၂၉၉)

ဆရာတော်လောင်းလျာကို မြင်းခြံမြို့၊ သာပြေပင်ရပ်တွင် အဘဦးတူ-အမိဒေါ်အိမ် တို့မှ ၁၂၄၇-ခုနှစ်၊ တော်သလင်းလဆန်း ၂-ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်ပြောက်ဖြစ်သည်။ ၁၀ နှစ်သားအရွယ်တွင် ဆရာတော်ဦးကောသရတို့ ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်ပညာဇောတဖြစ်သည်။ မန္တလေးမြို့၊ တောင်မြင် ရွှေရေဆောင်ကျောင်း ဆရာတော် ဦးဇြည်ထံတွင် ရဟန်း ၇-ဝါ ရသည့်တိုင်အောင် ပရိယတ်စာပေကို ပါရဂူမြောက်သင်ကြားတော်မူသည်။

၁၂၇၄-ခုနှစ်တွင် မင်းကွန်းတွင် ဓမ္မနာဒကျောင်းတိုက်ကို တည်ထောင်တော်မူသည်။ ရဟန်းသာမဏေသီလရှင်များကိုလည်း စာပေပရိယတ် မပြတ်ပို့ချတော်မူသည်။ ၁၂၈၇-ခုနှစ်တွင် တပည့်များဖြစ်သည့် မင်းကွန်းတိပိဋကဓရ ဦးဝိစိတ္တသာရနှင့် ဦးနန္ဒိယတို့ကို ကျောင်းတိုက်လွှဲအပ်ပြီး တရားအလုပ်ကို ကြိုးကုတ်တော်မူသည်။ ဓာတ်ပြောက်ပါး ဘိမ်ဆေးသည်းပုံကို ဝေဒနာဖြစ်ပေါ်ခံစားနေရသည့်ကြားမှ ရေးသားတော်မူခဲ့သည်။

တပည့်ဖြစ်သူ ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ(တိပိဋကဓရ)ကို မွေးထုတ်တော်မူခဲ့ပြီး ၁၂၉၉-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## မင်းလှမြို့ပထမဓမ္မဝေဇ္ဇာနန္ဒဆရာတော်ဘုရားကြီး၏
## ဩဝါဒတော်

- အချိန်ကိုဖြုန်း၊
  လူ့သစ်တုံး၊
  နောက်ဆုံးရောက်လိမ့်မည်။
- အချိန်ကိုသုံး၊
  လူ့ရွှေတုံး၊
  ရှေ့ဆုံးရောက်လိမ့်မည်။



### ကျေးဇူးတော်ရှင်

## မင်းလှမြို့ ပထမဝေဠုဝန်ဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၅၄–၁၃၅၀)

ဆရာတော်လောင်းလျာကို သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ ကြို့ပင်သာ အုန်းကုန်းရွာတွင် အဖ ဦးဘိုးသာ–အမိဒေါ်နှင်းအေးတို့မှ ၁၂၅၄–ခုနှစ်၊ ပြာသိုလဆန်း ၁၂–ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ပါသည်။ ငယ်မည် မောင်မြတ်ပွင့် ဖြစ်သည်။ မွေးချင်း၅–ဦးအနက် ဒုတိယမြောက်သားဖြစ်သည်။ ၁၂–နှစ်သားအရွယ်တွင် ဒွါရဝတီရွှေလောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာရှင်ပဏ္ဍိတဖြစ်သည်။ ၁၂၇၃–ခုနှစ်၊ တန်ခူးလဆန်း ၇–ရက်၊ တနင်္ဂနွေနေ့တွင် မင်းလှမြို့၊ ထိန်တောဝေဠုဝန် ဆရာတော် ဦးပညာဝံသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

ပခုက္ကူမြို့ မဟာဝိသုတာရာမစာသင်တိုက်၊ ဘီလင်းမြို့မင်းကျောင်း၊ ရန်ကုန်မြို့ ဝေဠုဝန်ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေကို သင်ကြားတော်မူပါသည်။ ၁၂၈၇–ခုနှစ်တွင် သက်တော် ၃၃–နှစ်၌ မင်းလှမြို့၊ ဝေဠုဝန်ကျောင်းတိုက်ကြီးကို တည်ထောင်၍ အုပ်ချုပ်တော်မူခဲ့ရသည်။ ဩစတြေးလျားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံများသို့ သာသနာရေးကိစ္စများအတွက် ကြွရောက်ခဲ့သည်။ ဝေဠုဝန်ဗုဒ္ဓဂုဏအလင်းပြကျမ်းကို ရေးသားခဲ့သည်။ ဆဋ္ဌသင်္ဂါယနာပွဲတွင် ပါဠိ ဘာသာက၊ သင်္ဂီတိကာရကအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

၁၂၇၉–ခုနှစ်တွင် နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ချီးမြှင့်ခြင်းကို ခံယူတော်မူ၍ ၁၃၅၀–ပြည့်နှစ်၊ တပေါင်းလဆန်း ၉–ရက်၊ နံနက် ၁း၃၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

စစ်ကိုင်းရွှေအသံအေးကျောင်းဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

၁။ ခန္ဓာကောင်ဝေ—
မစေသေမသိ၊
ရှာကုန်စေ—
ယူကာစုံ။

၂။ သေမင်းထံရှေ့—
ပေါ်လင်းသော်မှ၊
ဖြစ်တော်ရှား—
အားထုတ်ကြပါလော့နှင့်။



### ကျေးဇူးတော်ရှင်

## စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၅၅-၁၃၅၇)

ဆရာတော်လောင်းလျာကို ၁၂၅၅-ခုနှစ်၊ နတ်တော်လဆန်း ၇-ရက်၊ ကြာသပတေးနေ့တွင် ရောဝတီတိုင်း၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့တွင် အဘဦးကျောက်စိန်၊ အမိဒေါ်ရွှေသော့တို့မှဖွားမြင်သည်။ ၄-နှစ်သားမှစ၍ အတန်းပညာသင်သည်။ ၁၂၆၉-ခုနှစ်တွင် လေးမျက်နှာမြို့၊ မိကျောင်းရဲကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ပဏ္ဍိတသိရီဖြစ်သည်။ ညောင်တုန်းရွှေဟင်္သာတောရတွင် ပရိယတ္တိစာပေများ သင်ယူ၍ ၁၂၇၅-ခုနှစ်၊ ဝါဆိုလဆန်း ၁၄-ရက်နေ့တွင် ညောင်တုန်းရွှေဟင်္သာ တောရသိမ်၌ ရွှေကျင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

၁၂၈၉-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုးတွင် ရွှေဟင်္သာတိုက်သစ်ကိုတည်၍ သီတင်းသုံးသည်။ ရွှေဟင်္သာဆရာတော်ကြီးဟု ထင်ရှားသည်။ သာသနာတော်အတွက် ကျမ်းပေါင်း၄၀ကျော်ပြုစုခဲ့သည်။ ၁၃၂၂-ခုနှစ်တွင်အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၁၃၄၀-ပြည့်နှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်နှင့် ၁၃၅၃-ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်း ခံယူ တော်မူသည်။ ၁၃၅၁-ခုနှစ်တွင် ရွှေကျင်ဂိုဏ်း၏အကြီးအကဲ 'ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ မဟာနာယက' ဒွါဒသမရွှေကျင်သာသနာပိုင်အဖြစ် တင်မြှောက်ခြင်း ခံရသည်။

၁၃၅၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်၊ ညနေ ၄း၄၅ နာရီတွင် သက်တော် ၁၀၂-နှစ်၊ သိက္ခာတော် ၈၂-ဝါ အရွယ် ဘဝနတ်ကျောင်း ရွှေပြောင်း တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

အနိစ္စခန်း ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

နှစ်ရှည်ကာလ တရားကျွတ်ကြ

ရေချမ်းဝေပြုသော်

ထွက်ခွာကာ ရောက်ခဲ့

ကြည်နူးဝမ်းမြောက်နေကြသော်

မိဘနှင့် ပေါင်းသင်းရချိန်ရောက်လှ

ထွက်ခွာဖို့ ဆွေမျိုးသော်

အသက်ရှည်ရာ မှသာ တရားကျင့်

ငြိမ်းချမ်းပါစေ ရာမှာ

နှလုံးသွင်းမှု ချမ်းသာကြောင်း

ကိုယ်စီကိုယ်စီ

ကောင်းချီးပြည့်ကြပါစေသော်



ကျေးဇူးတော်ရှင်

## အနီးစခန်း ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၆၁–၁၃၃၈)

ဆရာတော်လောင်းလျာကို ၁၂၆၁–ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁–ရက်၊ ကြာသပတေးနေ့တွင် တောင်ငူခရိုင်၊ အုတ်တွင်းမြို့တွင်း အဖ ဦးဖိုးဟန်၊ အမိ ဒေါ်ကြေးယုတို့မှ ဖွားမြင် သည်။ ၁၂၇၁–ခုနှစ်တွင် အုတ်တွင်းမြို့၊ ရွှေကျောင်ဂိုဏ်း ကန်ကလေးတောရကျောင်း ဆရာတော်ထံတွင် ရှင်သာမဏေပြုသည်။ ဘွဲ့တော်မှာ ရှင်ပဏ္ဍိတဖြစ်သည်။ ၁၂၈၁–ခုနှစ်တွင် မန္တလေးဗိသုဒ္ဓါရုံတိုက် ဒီပဲယင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူသည်။ မန္တလေးမြို့၊ မဟာဝိသုတာရာမတိုက်၊ မန္တလေးမြို့ အနောက်ပြင်အာဘယာရာမတိုက်တို့၌ စာပေသင်ယူ၍ စာပေပို့ချခဲ့ဖူးသည်။ အင်္ဂလိပ်ဘာသာကိုလည်း ကျွမ်းကျင်သည်။

အင်္ဂလန်၊ အမေရိကန်၊ ဂျာမနီ၊ ဂျပန်၊ သီဟိုဠ် ကမ္ဘောဒီးယားနိုင်ငံများတွင် တရား ဟောကြားခဲ့ဖူးသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် မူလဝိသောဓက၊ ပဋိဝိသောဓကစသည့် တာဝန်များကို ဆောင်ရွက်ခဲ့သည်။ သပိတ်အိုင်တောရ သီတဂူဆရာတော်သည် ဆရာတော်၏ တပည့်တစ်ဦးဖြစ်သည်။

သက်တော် ၇၈–နှစ်၊ ဝါတော် ၅၈–ဝါအရ ၁၃၃၈–ခုနှစ်၊ တပို့တွဲလပြည့်ကျော်၁၄–ရက်၊ ည (၆း၀၅)နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## ကျွန်းတောလေးတောရ ဆရာတော်ဘုရားကြီး၏

## ဩဝါဒတော်

- ဒါနတည်းဟူသောရေတော်အခင်း၊
  သီလတည်းဟူသော
  ရွှေကော်ဇောင်းအခြေခံနှင့် ဖြည့်ဆည်း၍
  ဝိပဿနာတရား
  ထီးဖြူမိုးပွားများလိုက်လျှင်
  အောက်ထစ်ဆုံး
  သောတာပန်အဆင့်လောက်တော့
  ဝင်နိုင်ပါသည်။
  အထက်ထစ်ဆုံး
  အာသဝေါကုန်အဆင့်ရောက်သည်အထိ
  ကြိုးစားရမည်။

- သောတာပန်အဆင့်ရောက်မှ
  အပါယ်လေးပါးတံခါး ပိတ်ပြီးသားလေ
  ဝိပဿနာတဲ့ထို့ ထုံးဖွဲ့မှာ နိဗ္ဗာန်ကို
  မြန်မြန်ရောက်နိုင်ကြမည်။



ကျေးဇူးရှင်တော်ရှင်

## ကွမ်းတောတောရ ဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၇၆–၁၃၆၀)

ဆရာတော်လောင်းလျာကို ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကွမ်းတောရွာတွင် အဖဦးဖိုးသိုင်၊ အမိဒေါ်စောတို့မှ ၁၂၇၆–ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇–ရက်၊ ကြာသပတေးနေ့နံနက် ၇–နာရီတွင် ဖွားမြင်တော်မူသည်။ ငယ်မည် မောင်ဖိုးဆိုးဖြစ်သည်။ ၁၃–နှစ်အရွယ်တွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ပညာသိရိဖြစ်သည်။ ၁၂၉၆–ခုနှစ်တွင် ကွမ်းတောရွာ တောင်ကျောင်း ဆရာတော်ကြီး၌ ဥပသမ္ပဒပြု၍ ရဟန်းဘဝသို့ရောက်ရှိတော်မူပါသည်။ မန္တလေးမြို့ မစိုးရိမ်တိုက်၊ ရေမန်းတိုက်တို့တွင် ပရိယတ္တိစာပေကိုသင်ယူခဲ့သည်။

နေ့ဘက်တွင် ပရိယတ်အလုပ်များကြိုးစား၍ ညဘက်တွင် ဝါတ်(၆)ပါး ပုတီးစိပ်ခြင်း ပဋိပတ်အလုပ်ကို စတင်အားထုတ်ခဲ့သည်။ တစ်ဖက်တွင်လည်း ရေစကြိုမြို့နယ်၊ အောက်အိုကျောင်းဆရာတော်ထံတွင် ပရိယတ်ကို ဆက်လက်သင်ကြားခဲ့ပြန်သည်။ သက်တော် ၃၇–နှစ်မှစ၍ ပဋိပတ်အလုပ်ကိုဇောက်ချ၍ ကြိုးကုတ်တော်မူပါသည်။ ဆရာတော်ကြီးသည် မန်ကျည်းပင်များပေါက်ရာ တောရတွင်အနှစ် ၃၀–နီးပါး ဧကစာရီကျင့်သုံးဆောက်တည်သွားခဲ့ပေသည်။ ဆရာတော်ကြီး၏ ထူးခြားချက်များကို ဆရာတော်ကြီး၏ မဟာထေရုပ္ပတ္တိ စာအုပ်တွင် ဖတ်ရှုကြည်ညိုနိုင်ပါသည်။

ဆရာတော်ကြီးသည် ၁၃၆၀ – ပြည့်နှစ်၊ တပေါင်းလဆုတ် ၁၁– ရက်၊ သောကြာနေ့ ညနေ (၁း၃၄) နာရီတွင် ခန္ဓာဝန်ချပ်ငြိမ်းတော်မူခဲ့သည်။ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ယခုထိတိုင်ဖူးမြော်နိုင်ပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

ကျေးဇူးတော်ရှင်

## ဝဇ္ဇိတာရာမရွှေတောင်တုန်း ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

• ကမ္မဋ္ဌာန်းဆရာဆိုတာ
စာတွေ့လည်းရှိရမယ်၊
သက်တွေ့လည်းရှိရမယ်၊
ပညာ, စေတနာလည်းရှိရမယ်၊
အဲဒါမှ ထိရောက်မှုရှိတယ်။



### ကျေးဇူးတော်ရှင်

## ပဏ္ဍိတာရာမရွှေတောင်ကုန်း ဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၈၃- )

ဆရာတော်လောင်းလျာကို ၁၂၈၃ – ခု၊ ဝါဆိုလဆုတ် ၉ – ရက်၊ ကြာသပတေးနေ့တွင် အင်းစိန်မြို့နယ်၊ တံတားကလေးရွာ၊ ရွှေဘိုစု၌ အဘ ဦးဖေ–အမိဒေါ်ချစ်စုတို့မှ ဖွားမြင်ပါသည်။ မွေးချင်း ၁၀–ဦးအနက် နဝမမြောက် ဖြစ်သည်။ ၇–နှစ်သားအရွယ်တွင် ကာဝမြို့နယ်၊ ကော့ချဲရွာကျောင်းတွင် ပညာ စတင်သင်ကြားသည်။ ၁၂–နှစ်သားအရွယ်တွင် ကော့ချဲရွာကျောင်းဆရာတော် ဦးဇာဂရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘဝသို့ရောက်သည်။ ဘွဲ့တော်မှာ ရှင်ပဏ္ဍိတဖြစ်သည်။ ၁၃၀၂–ခုနှစ်၊ တပို့တွဲလဆန်း ၈–ရက်နေ့တွင် ကျောက်တန်းရွာ ဦးဘိုးဟန်–ဒေါ်သော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ မဟာဗောဓိတိုက်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုကာ ရဟန်းဘဝသို့ရောက်သည်။

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၊ မစိုးရိမ် တိုက်သစ်၊ ပဋ္ဌာန်းဆရာတော်၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက်၊ သပြေကန်ဓမ္မာရာမတိုက်တို့တွင် ပရိယတ္တိ စာပေသင်ယူသည်။ ၁၃၁၃–ခုနှစ်တွင် သိရိပဝရဓမ္မာစရိယတန်းနှင့် သာသနဓဇ သိရီပဝရဓမ္မာစရိယနှင့် ၁၃၁၄–ခုနှစ်တွင် စေတိယင်္ဂဏစာချတန်းတို့ကို အောင်မြင်ခဲ့သည်။ ၁၃၁၂–ခုနှစ်တွင် ကျေးဇူးရှင်ပဟာစည်ဆရာတော်ကြီးအမိန့်ရိုလျှံ၍ ကမ္မဋ္ဌာန်း တရားကို အားထုတ်သည်။ ဆရာတော်ကြီးနှင့်အတူ ပြည်တွင်းပြည်ပများစွာတို့တွင် သာသနာပြုခွင့်များစွာရရှိခဲ့ပြီး ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသည်။

ယခုအခါ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို ဦးစီးတည်ထောင်၍ ပြည်တွင်း ပြည်ပယောဂီများအား တရားပြသလျက် သာသနာပြုတော်မူလျက် သီတင်းသုံး နေတော်မူပါသည်။

ကျေးဇူးတော်ရှင်

မိုးနှင်း ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- လူဖြစ်ခန်းလူဖြစ်ဆောင်ရာတွင် ဒုက္ခသစ္စာသည်
  အရေးကြီးသော အရင်းအနှီးဖြစ်သည်။

- ဒုက္ခသစ္စာကို ရင်ဆိုင်ရဲသော
  သတ္တိရှိရမည်။
  ဒုက္ခသစ္စာဆိုသော ဥမင်လောကတွင်
  ရှိနေသည်။
  ထွက်ဖို့ ကြောက်နေ၍မဖြစ်။

- ဒုက္ခကိုနိုင်မှ သူ့ကို
  အနိုင်ရမှာ ဖြစ်သည်။

- ဒုက္ခကိုဘယ်တော့မှ မကြောက်ပါနှ



ကျေးဇူးတော်ရှင်

## ပီနန် ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၈၉– )

ဆရာတော်လောင်းလျာကို ၁၂၈၉–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄–ရက်၊ အင်္ဂါနေ့တွင် အဘဦးဘတူ–အမိဒေါ်ကြည်တို့မှ ဝါးခယ်မမြို့နယ်၊ ကျုံတိုင်ဆင်ကူး ကျေးရွာတွင် ဖွားမြင်သည်။ ငယ်မည်မောင်အင်ညွန့်ဖြစ်သည်။ အသက် ၁၄–နှစ်တွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ပညာဝံသဖြစ်သည်။ ၁၃၀၉–နှစ်တွင် ဇာတိဆင်ကူးကျောင်းတွင် ရဟန်းအဖြစ်သို့ရောက်သည်။ ဝါးခယ်မ၊ ညောင်တုန်း၊ မန္တလေးမြို့ရှိ ထင်ရှားသည့် ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေ သင်ယူသည်။ ၁၃၁၄–ခုနှစ်တွင် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့အောင်မြင်၍ ဗုဒ္ဓသာသန ဓမ္မကထိကဘွဲ့ ဆက်ကပ်ခြင်းခံရသည်။

၁၃၃၄–ခုနှစ်တွင် ကိုကိုးကျွန်းသာသနာပြုလုပ်ငန်း။ ၁၃၃၇–ခုနှစ်တွင် ကပ္ပလီကျွန်း သာသနာပြုလုပ်ငန်း။ ၁၃၄၁–ခုနှစ်တွင် တမီးလ်လူမျိုးတို့၏ ၁၃–ဌာန သာသနာပြု၊ ၁၃၄၇–ခုနှစ်တွင် မလေးရှားနိုင်ငံ သာသနာပြုလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၁၃၅၀–ခုနှစ်တွင် ပီနန်၌ မြန်မာဘုန်းတော်ကြီးကျောင်း တည်ထောင်သည်။ ၁၃၅၆ – ခုနှစ်တွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် မြန်မာဘုန်းတော်ကြီးကျောင်းတည်ထောင်သည်။ ၁၃၆၀–ပြည့်နှစ်တွင် ကနေဒါနိုင်ငံ၊ တိုရန်တိုမြို့နှင့် ၁၃၆၁–ခုနှစ်တွင် ဂျပန်နိုင်ငံတွင် မြန်မာဘုန်းတော်ကြီးကျောင်းတို့ကို တည်ထောင်တော်မူခဲ့သည်။

နိုင်ငံတော်အစိုးရက ၁၃၆၄–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ ၁၃၆၈–ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

နှစ်ပေါင်းလေးဆယ်ကျော် သာသနာပြုနေသည့် ပီနန်ဆရာတော်ကြီးသည် ၁၃၆၉–ခုနှစ်၊ ဒီဇင်ဘာလ ၁၇–ရက်တွင်၊ တာမွေမြို့နယ်၊ နတ်ချောင်းတွင် မဟာသန္တိသုခကျောင်းတော်ကြီးကို ဦးစီး၍ဖွင့်လှစ်ခဲ့သည်။ ရဟန်းတော်နှင့် သီလရှင်များကို နိုင်ငံတကာသို့ စေလွှတ်၍ သာသနာပြုနိုင်ရန် သင်တန်းပို့ချပေးခဲ့သည်။ ဆရာတော်ကြီးကိုယ်တိုင်ကမူ ကျောင်းများတွင်လှည့်လည်၍ သီတင်းသုံးသာသနာပြုလျက်ရှိနေပါသည်။

စိတ်ကြိုက်စာပေ

ကျေးဇူးတော်ရှင်

**ဓမ္မဒူတတောရ ဆရာတော်ဘုရားကြီး၏**

**ဩဝါဒတော်**

- အလကားနေရင်
  အလကားလူ၊
- ကိုယ်နဲ့တွေ့တဲ့ သာသနာ၊
  ကိုယ်နဲ့ဆုံတဲ့ ရတနာသုံးပါး၊
  ကိုယ်နဲ့ကြုံတဲ့
  ဆရာသမားတွေရှိပါလျက်၊
- အလကားနေရင်
  အလကားလူဖြစ်ရော။



ကျေးဇူးတော်ရှင်

## ဓမ္မဒူတတောရ ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၉၆–၁၃၅၉)

ဆရာတော်လောင်းလျာကို ဟင်္သာတမြို့နယ်၊ ပဲခူးစုကျေးရွာ၌ အဘ ဦးတွက်–အမိ ဒေါ်ငွေတင်တို့မှ ၁၂၉၆–ခုနှစ် နတ်တော်လပြည့်ကျော် ၁၄–ရက်၊ ကြာသပတေး နေ့၊ နံနက် ၁၀း၁၅ နာရီတွင် ဖွားမြင်သည်။ မွေးချင်း၈–ယောက် အနက် ခုနှစ်ယောက်မြောက်သားဖြစ်သည်။ ငယ်မည် မောင်ချစ်ဖြစ်သည်။ ဟင်္သာတမြို့၊ ရေလဲကျေးရွာစာသင်တိုက်၌ ၁၃၀၈–ခု၊ ဝါဆို လဆန်း ၈–ရက်နေ့တွင် ရှင်သာမဏေ ဖြစ်သည်။ ဘွဲ့တော်မှာရှင်ပညာဓောတဖြစ်သည်။ ၁၃၁၆–ခုနှစ်တန်ဆောင်မုန်း လပြည့်နေ့တွင်၊ ရန်ကုန်မြို့၊ ရှမ်းလမ်း အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်တွင် ဇေယျဝတီဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။ ဓမ္မာ စရိယနှင့် ဒီဃဘာဏကအောင်မြင်သည်။ တောင်မြို့ဆရာတော်၊ အရှင်သောဘိ တာဘိဝံသစသည့် ဆရာတော်များထံတွင် ပရိယတ္တိစာပေကို ကြိုးကုတ်တော်မူ သည်။ ပဋိပတ္တိကို ရွှေဥမင်တောရတွင် အားထုတ်ခဲ့သည်။

ဆရာတော်သည် တရားဟောခြင်း၊ တရားပြခြင်း၊ ကျမ်းစာရေးသားခြင်းနှင့် စာသင်တိုက်၊ ရိပ်သာတို့ကို များစွာထူထောင်တော်မူခဲ့သည်။ ကျမ်းစာအုပ် ၄၃–အုပ်ပြုစုတော်မူသည်။ တရားပွဲပေါင်းများစွာနှင့် တရားစခန်းများစွာကိုလည်း ဆောင်ရွက်တော်မူပါသည်။ နိုင်ငံတော်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့၊ သုဝဏ္ဏဘူမိ ပရိယတ္တိ စာမေးပွဲအသင်းက ပိဋကတ္တယပါရဂူ ဘွဲ့နှင့် အဂ္ဂမဟာဓမ္မကထိကဘွဲ့တို့ ဆက်ကပ်ခြင်းကိုခံယူသည်။

၁၃၅၉–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀–ရက်၊ နံနက် ၁း၃၃ နာရီတွင် ရန်ကုန်မြို့၌ တစ်ဘဝခန္ဓာ ချုပ်ငြိမ်းတော်မူပါသည်။

ကျေးဇူးတော်ရှင်

ရွှေတောင်မြို့ကျိုးသဲလေးထပ် ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- သန်လျက်ဖြစ်ငြား မသွေးထားသော်၊
  ချွန်စားလိုပါ မတုံးလား။
- ဓမ္မသတ်တရား မသင်ကြားသော်၊
  စကားဆိုခါ မရှုံးလား။
- ငယ်တရေချိန်လွန်၊ ကျမ်းဝန်တရား
  မသင်ကြားသော်၊ မင်းပါးစိုးခွင်
  မဝင်နိုင်ဘဲ၊ ထင်ရှားရေဝန်းထောင်း
  ကောင်းသတင်းမွှေး မသင့်တော်ချသည့်
  လူရေးလူစ မတုံးလေလား။



ကျေးဇူးတော်ရှင်

## ရွှေတောင်မြို့ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၁၇၉–၁၂၅၆)

ဆရာတော်လောင်းလျာကို ၁၁၇၉–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈–ရက်၊ ကြာသပတေးနေ့တွင် ရွှေတောင်မြို့၊ ကျီးသဲရှမ်းတန်းကလေးရပ်၌ ဖွားမြင်သည်။ (မိဘအမည် ရှာမတွေ့ပါ) ငယ်မည်မောင်ကင်းဖြစ်ဘသည်။ အမရပူရမြို့ ရွှေတောင်ဆရာတော်ထံတွင် ရဟန်းအဖြစ်သို့ရောက်သည်။ ဘွဲ့တော်မှာ အရှင်မုနိန္ဒာဘိဓဇ ဖြစ်သည်။

မန္တလေးနေပြည်တော်သို့ကြွ၍ မောင်းထောင်သာသနာပိုင်ဆရာတော်၊ ခင်မကန်ဆရာတော်၊ ရွှေတိုက်ဝန်ဆရာတော်ကြီးများထံ၌ ပိဋကတ်ကျမ်းဂန်များကို သင်ကြားတော်မူသည်။

၁၂၅၁–ခုနှစ်တွင် ဟင်္သာတမြို့သို့ ကြွရောက်သီတင်းသုံးတော်မူပြီး ရွှေတောင်မြို့သို့ ပြန်၍ကြွသည်။ ရွှေတောင်မြို့တွင် မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်ထင်နော်ရထာဘွဲ့ခံ ဝန်ကြီးဦးမှဲ့ ဆောက်လုပ်လှူဒါန်းသော ရွှေတောင်မြို့ ကျီးသဲရွာ အရှေ့မျက်နှာရှိ လေးထပ်ကျောင်းကြီးတွင် သီတင်းသုံးသဖြင့် ကျီးသဲလေးထပ်ဆရာတော်ဟုထင်ရှားသည်။ ဓိနတ္ထပကာသနီကျမ်း၊ ကျီးသဲမေဃ္ဃဒေဝ၊ နိဗ္ဗာန်အလင်းပြကျမ်းအပါအဝင် ကျမ်းပေါင်း ၂၃–ကျမ်းကို ပြုစုတော်မူခဲ့သည်။

သာသနာ့တာဝန်ကို ထမ်းဆောင်ရင်း ၁၂၅၆–ခုနှစ် သက်တော် ၇၇–နှစ်၊ ၅၇–ဝါအရတွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## ညောင်လွန့်တောရ ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ရဟန်းတရားဆိုတာ
မနားမနေ အသက်စွန့်၍
တကယ်တမ်းမှန်ကန်စွာ
အားထုတ်ကြပါလျှင်
မုချရနိုင်ပါသည်။
တကယ်ယုံယုံကြည်ကြည်နဲ့
မဆုတ်မနစ် အားထုတ်ကြည့်ကြစမ်းပါ။
မုချရပါလိမ့်မည်။



ကျေးရွာတော်ရှင်

# ညောင်လွန့်တောရ ဆရာတော်ဘုရားကြီး၏

## ထေရုပ္ပတ္တိအကျဉ်း (၁၂၂၉-၁၂၉၅)

ဆရာတော်လောင်းလျာကို ၁၂၂၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂-ရက်၊ ကြာသပတေးနေ့ ညဥ့် ၁-နာရီတွင် မိတ္ထီလာမြို့ အနောက်ကန်ဆယ်အိုင့်ရွာတွင် အဖဦးမှတ်- အမိဒေါ်ရုံတို့မှ မွေးဖွားပါသည်။ ၁၂-နှစ်သားအရွယ်တွင် အိုင့်ရွာ ကျောင်း၌ပင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်မေဓာဝီဖြစ်သည်။ သာမဏေဘဝမှစ၍ ပရိယတ္တိစာပေများကို ဝီရိယထက်သန်စွာဖြင့် သင်ယူသည်။ ဝိနည်းတော်ကို လွန်စွာရိုသေသည်။ ၁၂၄၈-ခုနှစ်တွင် ငယ်ဆရာဖြစ်သူ ဦးကောသရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

၁၂၇၄-ခုနှစ်တွင် ပျော်ဘွယ်မြို့ အရှေ့တောင်ဆရာဖြစ်သူ မိုးကုန်းဆရာတော်ကြီး ပျံလွန်တော်မူချိန်မှစ၍ ၁၂၈၀-ပြည့်နှစ်အထိ ပဋိပတ်အလုပ်ကို အားထုတ်တော်မူခဲ့သည်။ တပည့်တို့၏ တောင်းပန်လျှောက်ထားချက်အရ ဥသမထဝိပဿနာနယသခေ်ပကျမ်း၊ နိဗ္ဗာနတ္တပကာသနီကျမ်းစသည့်ကျမ်းပေါင်း ၈-ကျမ်းကို ပြုစုတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် လယ်ဝေးမြို့၊ မြေရိုးကြီးကျောင်းတိုက်၌ ၁၂၉၅-ခုနှစ်၊ နယုန်လပြည့်ကျော် ၃-ရက်နေ့ညဥ့် ၁၁း၀၀နာရီတွင် ဘ၀နတ်ထံပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## မြောင်းမြဝေဠုဝတီ ဆရာတော်ဘုရားကြီး၏
## ဩဝါဒတော်

- ကိုယ့် ကာယကံ
  ကိုယ်သိထံပြန်။
- ကိုယ့် ဝစီကံ
  ကိုယ်သိထံပြန်။
- ကိုယ့် မနောကံ
  ကိုယ်သိထံပြန်။
- မဲ့တာစီးသံနှင့် အမှန်မလွဲ
  ထစ်ထပ်တည်း။
- ကိုယ်သိထံ သို့ပြန်၊ သုံးကံထံ၊
  ကိုယ်ပိုင်သဘာဝဆင်းရဲ–ခံရခြင်း



ကျေးရွာတော်ရှင်

## မြောင်းမြဝေဠုဝတီ ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၆၀–၁၃၃၇)

ဆရာတော်လောင်းလျာကို ရေစကြိုမြို့နယ်၊ နန်းဦးကျေးရွာ၌ အဘဦးရွှေသွယ်–အမိ ဒေါ်အေးခုတ်တို့မှ ၁၂၆၀–ပြည့်နှစ်၊ တော်သလင်းလဆန်း ၃–ရက်၊ ကြာသပတေးနေ့၊ နံနက် ၄–နာရီ အချိန်တွင် ဖွားမြင်တော်မူသည်။ ငယ်နာမည် မောင်ဘိုးလုံဖြစ်သည်။ မွေးချင်းခြောက် ယောက်အနက် ဒုတိယမြောက်သားရတနာ ဖြစ်သည်။ ၁၁–နှစ်အရွယ်တွင် နန်းဦးကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်မုနိန္ဒဖြစ်သည်။ မင်းကျောင်းဆရာတော်ထံတွင် ပညာသင်ကြား၍ ၁၂၇၉–ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၅–ရက်တွင် မင်းကျောင်းဆရာတော် ဦးသုဇာတကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်း ၉–ဝါအရတွင် မန္တလေးမြို့ရှိ တောင်ထီးလင်းတိုက်၊ ခေမာသီဝံ၊ အနောက်ပြင်၊ အရှေ့ပြင်၊ ဗန်းမော်တိုက်၊ တောင်မြို့ကျောင်းများတွင် စာပေလိုက်စားသင်ယူတော်မူသည်။ ညောင်လွန့်ဆရာတော်၊ စွန်းလွန်း၊ မိုးညှင်း ဆရာတော်ကြီးတို့ထံတော်၌ ပဋိပတ္တိကို အားထုတ်တော်မူသည်။ ၁၃၁၀–ပြည့်နှစ် တွင် မြောင်းမြမြို့၌ ဝေဠုဝတီကမ္မဋ္ဌာန်းတိုက်ကို ထူထောင်၍ ယောဂီများကို တရားပြသတော်မူသည်။

၁၃၃၇–ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄–ရက်၊ ည ၉း၁၅ နာရီတွင် မြောင်းမြမြို့၊ သံဃာ့ဆေးရုံ၌ နှလုံးရောဂါဖြင့် ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## ဘုရားဖြူသရာတော်ဘုရားကြီး၏

ဩဝါဒတော်

- လဇ္ဇီပေသလ သိက္ခာကာမ
သီလဝန္တဖြစ်အောင်နေထိုင်လေ၊
သီလလက်ရှိနှင့် သေလေ၊
သမထဝိပဿနာဘာဝနာကို
လက်ကိုင်ထား၍ အချိန်ကုန်လေ၊
အိုမင်းရင့်ရော်လေ၊
သမထဝိပဿနာနှင့်သာ အသက်ကုန်လေ။

- ဤဘဝတွင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို
မျက်မှောက်ပြုနိုင်အောင် အားထုတ်လေ၊
မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ အခြေခံတရားစုကို
လက်မလွှတ်နှင့်။



ကျေးဇူးတော်ရှင်

## ဘုရားဖြူဆရာတော်ကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၄၆–၁၃၀၂)

ဆရာတော်လောင်းလျာကို ပုဂံမြို့အရှေ့ဘက် သေဖရောက်နယ်၊ နွားပင်တွင်းရွာ၌ အဘဦးညွန့်၊ အမိ ဒေါ်အေးတို့မှ ၁၂၄၆–ခုနှစ်၊ သီတင်းကျွတ်လဆန်း (၄)ရက်နေ့တွင် ဖွား မြင်ပါသည်။ ရွှေမြင်တင်ကျောင်းတိုက်ဆရာတော်ဦးစန္ဒိမာထံတွင် ပညာသင်ကြား၍ မန္တလေး မြို့ ၊ မဟာဝေယံဘုံသာကျောင်း၊ မိုးကောင်းဆရာတော်ထံတွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ရာဇိန္ဒဖြစ်သည်။ သေဖရောက်ရွာကျောင်း၌ ရဟန်းဘောဝသို့ရောက်တော်မူပါသည်။

မန္တလေးမြို့၊ မိုးကောင်းတိုက်၊ မြင်းဝန်တိုက်၊ ပခုက္ကူမဟာဝိဇယာရာမတိုက်၊ ရန်ကုန်မြို့၊ ဘုရားဖြူကျောင်းတိုက်နှင့် ဟင်္သာတမြို့၊ မြစ်ကွေ့တိုက်တို့တွင် စာပေပရိယတ္တိကို သင်ယူခဲ့သည်။ မန္တလေး မစိုးရိမ်တိုက်တွင် စာချတော်မူပြီး ၁၂၈၅–ခုနှစ်တွင် ရန်ကုန်မြို့ ဘုရားဖြူ ကျောင်းတိုက်ကြီးတွင် စာဝါပို့ချတော်မူပါသည်။

၁၂၉၉–ခုနှစ်တွင် ရာဇိန္ဒာဘိကာဝိဓဇလင်္ကာရသာသနကရဟူသည့် သံဃဒိတ္တိယဘွဲ့နှင့် ၁၃၀၀–ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ခံယူရရှိတော်မူပါသည်။

ဆရာတော်ကြီးသည် ၁၃၀၂–ခုနှစ်၊ တော်သလင်းလဆုတ် (၁၀) ရက်နေ့–တွင် ပျံလွန်တော်မူခဲ့၍ သာသနဗဟုသုတပွကာသနီကျမ်းအပါအဝင် ကျမ်းပေါင်း (၂၃) ကျမ်းကိုပြုစုရေးသားတော်မူခဲ့ပါသည်။

[illegible]

[illegible]

[illegible]

- [illegible]
[illegible]
[illegible]
[illegible]

- [illegible]
[illegible]
[illegible]
[illegible]
[illegible]



### ကျေးဇူးတော်ရှင်

## ဒေဝသာဂရသိမ်ကုန်းဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၄၅-၁၃၂၅)

ဆရာတော်လောင်းလျာကို မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဇောင်းကျွန်း ကန်မြို့ရွာ၌ ၁၂၄၅-ခုနှစ်၊ နတ်တော်လဆန်း ၅-ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၈-နာရီတွင် အဘဦးသာဖြူ- အမိ ဒေါ်လှဘူးတို့မှ ဖွားမြင်ပါသည်။ ၁၅-နှစ်သားအရွယ်တွင် မြို့ဘကျောင်းဂိုဏ်းအုပ်ဆရာတော်ကြီးထံတွင် သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ရေဝတမဟုဖြစ်သည်။ ၁၂၆၄-ခုနှစ် တွင် ကျုံ့ရစ်ဂိုဏ်းအုပ်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူပါသည်။

မန္တလေးရွှေရေဆောင်တိုက်ဆရာတော်ကြီး ဦးကြည်၊ ပခုက္ကူမြို့ အရှင်ဂုဏ သာရဆရာတော်ကြီးတို့ထံတွင် ပရိယတ္တိစာပေကို ပေါက်မြောက်အောင် သင်ယူ တော်မူခဲ့သည်။ ညောင်တုန်းမြို့ ကျုံ့ရစ်ကျောင်း၊ တောင်သာနယ်ကျောင်းတိုက် တို့တွင် စာဝါများပို့ချတော်မူခဲ့ပါသည်။ ၁၂၈၄-ခုနှစ်တွင် ညောင်တုန်းမြို့၊ မဟာ ဝိသုတာရာမ တိုက်ကြီးကို တည်ထောင်တော်မူ၍ ၂၈-နှစ်တိုင်တိုင် စာဝါများ ပို့ချခဲ့သည်။

ရန်ကုန်မြို့၊ သိမ်ဖြူလမ်းတွင် ဒေဝသာဂရသိမ်ကုန်း၊ ဓမ္မကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီးကို တည်ထောင်၍ စာဝါများပို့ချတော်မူခဲ့သည်။ နိုင်ငံတော်ဩဝါဒ စရိယ၊ ဆဋ္ဌသင်္ဂီတိပါဠိပဋိဝိသောဓက စသည့်သာသနာ့တာဝန်များကိုလည်း ထမ်း ဆောင်တော်မူခဲ့သည်။ ၁၃၁၆-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ဆက်ကပ် ခြင်းကို ခံယူတော်မူပါသည်။

၁၃၂၅-ခုနှစ်၊ တန်ခူးလဆန်း ၆-ရက်နေ့၊ သက်တော် ၈၀၊ ဝါတော် ၆၀- ပြည့်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ပူတာပေါ်လျှင်သိ၊
  ပူသိတာစိုက်။
- အေးတာပေါ်လျှင်သိ၊
  အေးသိတာစိုက်။
- လှုပ်တာပေါ်လျှင်သိ၊
  လှုပ်သိတာစိုက်။
- ဆင်းရဲတာပေါ်လျှင်သိ၊
  ဆင်းရဲသိတာစိုက်။
- ချမ်းသာတာပေါ်လျှင်သိ၊
  ချမ်းသာသိတာစိုက်။



ကျေးရွှေတော်ရှင်

## ကာသစ်ဝိုင် ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၆၅–၁၃၂၇)

ဆရာတော်လောင်းလျာကို ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ အဖျားအလယ်စု ကျေးရွာတွင် ၁၂၆၅–ခု၊ တပေါင်းလဆန်း ၁၀–ရက်၊ ဗုဒ္ဓဟူးနေ့၊ မွန်းတည့် ၁၂– နာရီတွင် အဘဦးဘိုးဟန်–အမိ ဒေါ်စိန်ရင်တို့မှ ဖွားမြင်သည်။ ငယ်မည် မောင်ရွှေဘဖြစ်၍ မွေးချင်း ၁၀ ယောက်အနက် အကြီးဆုံးသားဖြစ်သည်။ အသက် ၁၂– နှစ်တွင် ရွာကျောင်းဆရာတော် ဦးကလျာဏထံတွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ရေဝတဖြစ်သည်။ ၁၂၈၅–ခု၊ တပေါင်းလဆန်း ၅–ရက်၊ အဖျားအလယ်စုရွာ ရေသိမ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ပခုက္ကူမြို့၊ မဟာဝိသုဒ္ဓာရာမတိုက် ဆရာတော်များထံတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကိုသင်ယူသည်။ ပြည်မြို့နှင့် အဖျားအလယ်စုရွာ ဆရာတော်၏ ကျောင်းတိုက်တွင် ၁၀–နှစ်တိုင် စာဝါများပို့ချတော်မူခဲ့သည်။ ကာသစ်ဝိုင်ကျောင်းတိုက်တွင် သီတင်းသုံး၍ တရားပြသသည်ကိုစွဲ၍ ကာသစ်ဝိုင်ဆရာတော်ကြီးဟု အမည် တွင်တော်မူသည်။ သက်တော် ၄၄–နှစ်မှ ပျံလွန်သည့် ၆၂– နှစ်အထိ တရားများ ပြသခဲ့ပါသည်။

၁၃၂၇–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉–ရက်၊ စနေနေ့နံနက် ၁၀း၅၀ နာရီတွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူသည်။

ကျေးဇူးတော်ရှင်

## အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ၏

## ဩဝါဒတော်

- ရဟန်းတော်တို့သည်
  အောက်ကျ နောက်ကျ
  ဖျင်းရိုဝါတန်သော
  ရဟန်းတော်များ မဖြစ်ကြပါကုန်လင့်။
  မိမိတို့၏ အရပ်ဒေသမှ ထွက်ခွာ၍
  ကမ္ဘာလောကကြီးကို အောင်မြင်စေသောသူများ
  ဖြစ်ကြပါကုန်လော့။

- ဗုဒ္ဓသာသနာတော်ကို
  ကမ္ဘာလောကကြီး၏ အရပ်ဒေသတိုင်း၌
  ပျံ့နှံ့အောင်ပြုကြပါကုန်လော့။



## ကျေးဇူးတော်ရှင်

# အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၅၈–၁၃၂၈)

ဆရာတော်လောင်းလျာကို ၁၂၅၈ (၁၈၉၇)–ခုနှစ်တွင် အီတလီနိုင်ငံ၊ မီလန်မြို့၌ ခရစ်ယာန်ဘာသာဝင်မိဘနှစ်ပါးမှ ဖွားမြင်သည်။ ငယ်နာမည် ဆာဗာတိုရေစီအိုဗီဖြစ်သည်။ ကိုလန်ဘီယာတက္ကသိုလ်မှ ဘီအက်စ်စီဘွဲ့ရသည်။ ၁၉၂၂–ခုနှစ်တွင် ဓမ္မပဒစာအုပ်ကိုဖတ်ရှုရသဖြင့် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ခဲ့သည်။ သီဟိုဠ်သို့ရောက်၍ ဥပုသ်ရက်ရှည်စောင့်ကာ ဗုဒ္ဓစာပေများကိုလေ့လာစဉ် ရန်ကုန်မြို့ အလယ်တောရ ဆရာတော်ကြီး ဦးရေဝတနှင့်ဆုံ၍ မြန်မာနိုင်ငံသို့ ရောက်သည်။ ၁၉၂၅–ခုနှစ်၊ ၂၈–နှစ်အရွယ်တွင် အလယ်တောရဆရာတော် ကြီး ဦးကောသလ္လကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။ မန္တလေးမြို့၊ မစိုးရိမ် ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ၊ ပထမကျော် ဦးဉာဏသည် ဆရာတော်၏ လက်ဦးပရိယတ္တိ ဆရာတစ်ဆူဖြစ်သည်။ ရဟန်းမှုလဘွဲ့တော်မှာ ရှင်ဖဝနတိက္ခဖြစ်သည်။ နောင်မှ ဦးလောကနာထဟု ပြောင်းသည်။ ဆုကြီးပန်ဖြစ်သည်။

ဟိမဝန္တာတောင်ခြေတွင် ၇–နှစ်တရားအားထုတ်ခဲ့သည်။ တစ်ကမ္ဘာလုံး သင်္ကန်းရောင်ဖုံးလွှမ်းစေရမည်ဟူသည့် ရည်ရွယ်ချက်ဖြင့် ၈–လကျော် ခြေကျင် ခရီးဖြင့် သာသနာပြုတော်မူခဲ့သည်။ ဗုဒ္ဓစာပေများကို ကမ္ဘာသို့ပြန့်စေရန် ဟောပြော၍ သာသနာပြုခဲ့သည့် ဆရာတော်လည်းဖြစ်သည်။

ဆရာတော်ကြီးသည် (၁၉၆၆) ၁၃၂၈ ခုနှစ်၊ နယုန်လဆန်း ၆–ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပြင်ဦးလွင်မြို့၌ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

### မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏

### ဩဝါဒတော်

၁။ ရုန်သူပိုင်းထား၊ ထိုယောက်ျားကား၊
ပြေးသွားဖို့ရာ၊ လမ်းမပါက်သာလျက်၊
ပြေးမထွက်၊ လမ်းတွက်မတွေ့တော်ချေ။

၂။ မစင်လူးလျှင်၊ အေးကြည်လင်သည့်၊
ရေစင်ရှိလျက်၊ မဆေးရက်၊ တန်တွက်မရှိသေး။

၃။ ဟစ်အော်ငိုညည်း၊ ရောဂါသည်းလျက်
လူလည်းဗျာမိ၊ နာမချိသော်၊ တတ်သိ
မြင်မြော်၊ သမားတော်၌၊ ဆေးကျော်ရှိလျက်၊
မစားခက်၊ ဒွေးတွက်မဟုတ်ချေ။

၄။ အနုပွကမ်း၊ ဒေါသချမ်းများစွာ၊ သံသရာမှ၊
ထွက်ရာလမ်းမ၊ သမထဝိပဿနာ၊
ကိလေသာဘင်၊ နာပေါင်းကျင်ကို၊
သန့်စင်ချော်ဆေး မဂ်ရေအားနှင့်
ကြိုက်ဆေးစွမ်းထက်၊ ရှိပါလျက်ကား
မထွက်သေးကို၊ မစားလို၊ ငင်းပျို
ကိုယ်တက်ပေး။



## ကျေးဇူးတော်ရှင်
# မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏
## ထေရုပ္ပတ္တိအကျဉ်း (၁၂၀၀–၁၂၇၈)

ဆရာတော်လောင်းလျာကို ရွှေဘိုမြို့နယ်၊ စမွန်းရွာ၌ အဘဦးမို့–အမိဒေါ်မယ် တို့မှ ၁၂၀၀–ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၃–ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ အသက်၁၃–နှစ်အရွယ်တွင် စမွန်းရွာ၊ မဟာရုံကျောင်းဆရာတော်ထံတွင် ရှင် သာမဏေ အဖြစ်သို့ရောက်သည်။ ဘွဲ့တော်မှာ ရှင်ဝိသုဒ္ဓါစာရဖြစ်သည်၊ ၁၂၁၉– ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၌ သရိုင်ရွာ ခဏ္ဍသိမ်တွင် ရွှေကျင်ဆရာတော်ကြီး ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်း ၇–ဝါအရတွင် တပေါ်ပို့ချပြီး ပရမတ္ထသရုပ်ဘေဒနိကျမ်းကို ရေးသားတော်မူသည်။ ၁၂၃၂–ခုနှစ် တွင် တောရဆောက်တည်တော်မူသည်။

၁၂၃၄–ခုနှစ်တွင် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်ကို လက်ခံ၍ သာသနာပြုသည်။ ၁၂၃၅–ခုနှစ်တွင် မင်းတုန်းမင်းတရားကြီး၏ 'ဝိသုဒ္ဓါစာရကာဝိဓ မဟာဓမ္မရာဇဂုရု' ဘွဲ့တံဆိပ်ဆက်ကပ်ခြင်းကို ခံယူတော်မူရသည်။ ၁၂၄၆–ခုနှစ်၌ သီပေါမင်းတရား၏ ''ဝိသုဒ္ဓါစာရာဘိဓဇဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်ဆက်ကပ်ခြင်းကို ခံယူတော်မူရသည်။ ၁၂၇၆–ခုနှစ်တွင်၊ အိန္ဒိယဘုရင်ခံ ချုပ် ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ခံယူတော်မူသည်။

ကျမ်းပေါင်း ၇၀ ကျော် ပြုစုတော်မူခဲ့သည်။ ၁၂၇၈–ခုနှစ်၊ ဝါဆိုလဆန်း ၈–ရက်၊ နံနက် ၈း၀၀နာရီအချိန်တွင် မဟာဝိသုဒ္ဓါရုံရွှေတိုက်၌ ဘဝနတ်ထံ စံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## စံကျောင်း ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်

- မမိုက်မှ အသက်ရှည်သည်။
- မှတ်သားမှ အကြားအမြင်များသည်။
- အကြားအမြင်များမှ ကြံမှဉာဏ်ရှိသည်။
- ဉာဏ်ရှိမှ ဉာဏ်နှင့်လုပ်မှ ကြီးပွားသည်။
- လူမိုက်ကိုရှောင်၊ လူလိမ္မာကိုပေါင်း
  မကောင်းမှုကို မပြုနှင့်။
- ကောင်းမှုကိုနေ့တိုင်းပြုလိုရာဆုတောင်း
  နတ်အပေါင်းအမျှဝေ။
- လိမ်ပြာမရှိ၊ ကိုယ်နှင့်စိတ်သာရှိသည်ဟု
  နှလုံးသွင်း။



## ကျေးရွာတော်ရှင်
# စံကျောင်း ဆရာတော်ဘုရားကြီး၏
### ထေရုပ္ပတ္တိအကျဉ်း (၁၂၃၅–၁၃၀၉)

ဆရာတော်သည် ပေါင်းလျှာကို ရန်ကုန်မြို့ ကျောက်တန်းရွာတွင် အဘ ဦးအောင်လှ၊ အမိ ဒေါ်အောင်တို့မှ ၁၂၃၅–ခုနှစ်၊ တပေါင်းလဆန်း ၁၀–ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ပါသည်။ ငယ်မည် မောင်ညွှတ်ဖြစ်သည်။ ၁၇–နှစ်အရွယ်တွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ အရှင်ဝါယမဖြစ်သည်။ ၁၂၅၅–ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃–ရက်တွင် ရန်ကုန်မြို့ ကျောင်းတော်ရာရွှေကျင်တိုက်၌ ရွှေကျင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူပါသည်။ ကျောင်းတော်ရာရွှေကျင်တိုက် ပထမယွန်းကျောင်း ဆရာတော်ကြီးထံတွင် ပညာသင်ကြားတော်မူသည်။

၁၂၇၅–ခုနှစ်တွင် ကျောင်းတော်ရာဆရာတော်ဘုရားကြီးက စံကျောင်းတိုက်အုပ်ဆရာတော်အဖြစ် ချီးမြှောက်၍ ညောင်တုန်းရွှေဟင်္သာတောရတိုက်ကို လွှဲအပ်သည်။ ၁၂၉၉–ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်တော်မူခဲ့သည်။ ၁၃၀၈–ခုနှစ်၊ တပေါင်းလဆန်း ၁၅–ရက်နေ့တွင် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယကအဖြစ် တင်မြှောက်ခြင်းခံယူရသည်။

အလင်္ကာနိဿယ၊ စေတိယဝိနိစ္ဆယ၊ ဩဝါဒဒီပနီစသော ကျမ်းများကို ပြုစုတော်မူခဲ့သည်။ ၁၃၀၉–ခုနှစ် ဝါခေါင်လဆုတ် ၁–ရက်၊ နံနက် ၄း၄၀နာရီတွင် တစ်ဘဝအတွက် ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## မိုးကုတ် ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ငါသည် မုချသေရမည်။
အချိန်ပိုင်းသာလိုတော့သည်။

- ရခဲလှတဲ့ လူ့ဘဝကို အလွဲသုံးစား
အချိန်တွေ မဖြုန်းလိုက်ပါနဲ့။

- ခန္ဓာကိုယ်မှာ မွေးကတည်းက
အသေဘက်ကို ပြေးနေတယ်။

- သက်တမ်းတိုတဲ့ ဘဝကလေးမှာ
တရားအားမထုတ်ဘဲ အချောင်ခိုရဲရင်၊
အသေဆောက ကိုယ်ကျိုးနည်းလိမ့်မယ်။



ကျေးရွာတော်ရှင်

## မိုးကုတ် ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၆၁-၁၃၂၄)

ဆရာတော်လောင်းလျာကို ၁၂၆၁-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁-ရက်၊ ဗုဒ္ဓဟူး နေ့တွင် အဘဦးအောင်ထွန်း-အမိဒေါ်ရွှေအိတ်တို့မှ မြစ်ငယ်မြို့နယ်၊ ဒုဋ္ဌဝတီမြစ်တစ်ဖက်ကမ်း ဥယျာဉ်တော်ရွာ၌ ဖွားမြင်တော်မူသည်။ မွေးချင်း ၈-ယောက်အနက် ပဥ္စမမြောက်ဖြစ်သည်။ ငယ်နာမည် မောင်လှဘော်ဖြစ်သည်။

၁၂၆၉-ခုနှစ်တွင် ဥယျာဉ်တော်ရွာ၊ ငွေးပင်တောရဆရာတော်ထံတွင် ရှင်သာမဏေပြုသည်။ ဘွဲ့တော်မှာရှင်ဝိမလဖြစ်သည်။ ၁၂၈၁-ခုနှစ်တွင် အမရပူရမြို့၊ မင်္ဂလာကျောင်းတိုက်၌ တိုက်အုပ်ဆရာတော်ဦးသုဇာတကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။ မင်္ဂလာတိုက်ကျောင်းနှင့် အဘိဓမ္မာပါရဂူကျောင်း ဆရာကြီးဦးအုန်းတို့ထံတွင် ပရိယတ္တိစာပေများ သင်ယူတတ် မြောက်သည်။

၁၂၈၆-ခုနှစ်မှစ၍ အနှစ် ၃၀တိုင်တိုင် စာဝါများပို့ချတော်မူသည်။ ၁၃၁၆-ခုနှစ်တွင် မိုးကုတ်မြို့မှ မင်္ဂလာတိုက်အမည်ရှိကျောင်းတွင် နှစ်စဉ်မပြတ်သီတင်းသုံးစဉ် တရားပြသသည်ကို အကြောင်းပြု၍ မိုးကုတ်ဆရာတော်ကြီးဟု အမည်တော်တွင်ခဲ့သည်။ ၁၃၂၄-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ဆက်ကပ်ခြင်းကို ခံယူတော်မူသည်။ ၁၃၂၄-ခု၊ သီတင်းကျွတ် လပြည့်ကျော် ၄-ရက်နေ့ ၁း၂၀ နာရီတွင် အမရပူရမြို့ မင်္ဂလာတိုက်၌ ခန္ဓာဝန်ချတော်မူသည်။

ဆရာတော်၏ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်ရာတွင် မျက်လုံးတော် ၁-စုံ၊ ချိတ်ဆက်တွဲသော လက်ရိုးတော်၊ အရွယ်စုံဓာတ်တော်များ၊ အံပွားတော်စသည့် ဓာတ်တော်များ ကြွင်းကျန်တော်မူခဲ့ပါသည်။

စိတ်ကြိုက်စာပေ

ကျေးဇူးတော်ရှင်

## စလင်းကန်စလယ် ဆရာတော်ဘုရားကြီး၏

## ဩဝါဒတော်

- ဒို့ – လူများတို့ –
- သင်တို့သည် ဘုရားနှင့်ခေတ်ပြိုင်
  မတွေ့လိုက်ကြ၍
  ဘဝခမ်းနည်းစရာရှိသလော။
- ယခုအခါ ဓမ္မတော်ဘုရားတွေ
  အများကြီးရှိသေးတယ်။
- ကံရှိချင် ပါရမီရှိချင် ရှုလိုက်ညီညာသော
  ဝအားစက်စက်နှင့်ဓမ္မကြွချင်
  အများကြီးနှစ်ရာကြွပါလိမ့်မည်။
- တစေတော်ဆို တောမတော်လို့သည်။
  မလှုပ်ကြပါနှင့်။
- တမေတော်ဆဲ့ငြိမ်းသည်။
  ဆရာတော်ဘောက်တွေ့ချင်
  ဆိတ်ငြိမ်ကို ရှင်းပါသည်။



ကျေးဇူးတော်ရှင်

# စလင်းကန်လယ် ဆရာတော်ဘုရားကြီး၏

## ထေရုပ္ပတ္တိအကျဉ်း (၁၂၆၃-၁၃၅၀)

ဆရာတော်လောင်းလျာကို မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ မအူအလယ်ရွာတွင် အဖ ဦးစံအုပ်-အမိဒေါ်ဆယ်တို့မှ ၁၂၆၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်၊ ဗုဒ္ဓဟူးနေ့တွင်ဖွားမြင်တော်မူသည်။ ငယ်နာမည် မောင်စိန်ကဲဖြစ်သည်။ ၁၀ နှစ်အရွယ်တွင် ရွာကျောင်း၌ပင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ဝရသမ္ဘောဓိဖြစ်သည်။ မော်လမြိုင် တောင်ဝိုင်းကြီးရွှေကျင်တိုက်၊ တောင်ဝိုင်းကလေး ပဓာနိကာရုံကျောင်းတိုက်တွင် စာပေသင်ကြားသည်။ ဝိနည်းစာပြန်ပွဲတွင် အကျော်ဖြင့် အောင်မြင်ခဲ့သည်။

၁၂၈၂-ခုနှစ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ဟာရာဏသီဆရာတော်၊ ဇာလီတောင်ဆရာတော်တို့နှင့် မန္တလေးမြို့တွင် စာသင်ဘက်များဖြစ်သည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးက ရှင်ဝဇီရာဝုဓဟု ဘွဲ့တော်ချီးမြှင့်ခဲ့သည်။ ရဟန်း ၄-ဝါတွင် တောရဆောက်တည်၍ ဓုတင်-၁၀ပါးကို အမြဲဆောက်တည်တော်မူသည်။ ဧကာစာရီကျင့်သုံးတော်မူခဲ့ပါသည်။

သက်တော် ၈၈-နှစ်၊ သိက္ခာတော် ၆၈-ဝါ၊ ၁၃၅၀-ပြည့်၊ ပြာသိုလပြည့်ကျော် ၁၄-ရက်၊ စနေနေ့ နံနက် ၇း၂၅ နာရီတွင် စလင်းမြို့ကန်လယ်ကျောင်းတိုက်၌ စုတိကမ္မဇရုပ်ချုပ် ငြိမ်းတော်မူပါသည်။

ကျေးဇူးတော်ရှင်

## ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်

- အသိဦးဆောင်သော အလုပ်သာ
အလုပ်မှန်ဖြစ်သည်။

- ငါ့ကိုယ်ဟာ ငါ့မိတ်ဆွေလား၊ ငါ့ရန်သူ
လားဟု အမြဲသတိထားမိသူဖြစ်ပါစေ။

- မေတ္တာ၊ ကရုဏာရှေ့ထားပြီး
အပြစ်မြင်တိုင်း နာနာကျင်ကျင်၊
နှိပ်နှိပ်ကွပ်ကွပ် အကျိုးလိုလားတဲ့စိတ်နဲ့
ဆုံးမတတ်တဲ့ပုဂ္ဂိုလ်ကို ဆရာလို့မှတ်ပါ။



ကျေးဇူးတော်ရှင်

## ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၆၅–၁၃၅၀)

ဆရာတော်လောင်းလျာကို ၁၂၆၅–ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇–ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၄:၃၀ နာရီတွင်၊ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူးကြီးရွာတွင် အဘဦးဘိုးထုံး–အမိ ဒေါ်နှင်းအိတို့မှ ဖွားမြင်သည်။ ငယ်မည်မောင်အုံ ဖြစ်သည်။ ၁၂ နှစ်အရွယ်တွင် တော်ကူးကြီးရွာလယ်တိုက် ကျောင်း ဆရာတော်ထံတွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ပိမလ ဖြစ်သည်။ ၁၂၈၅–ခုနှစ်တွင် ညောင်တုန်းမြို့၊ ရွှေဟင်္သာကျောင်းတိုက်၌ ကျောင်း တော်ရာ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။ ၁၃၁၀ ပြည့်နှစ်တွင် ရွှေဟင်္သာတောရတိုက်ကြပ်၊ ၁၃၁၃–ခုနှစ်တွင် တိုက်အုပ်ဖြစ်သည်။

၁၃၃၈–ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခဲ့သည်။ ၁၃၄၂–ခုနှစ်တွင် ကျင်းပသော ဂိုဏ်းပေါင်းစုံသံဃာ့အစည်း အဝေးကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် တင်မြှောက်ခဲ့သည်။ ၎င်းနှစ်တန်ဆောင်မုန်းလတွင် ကျင်းပသော ဒွါရသမအကြိမ် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီးက ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကအဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရသည်။ ၁၃၄၈–ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည်။

၁၃၅၀–ပြည့်နှစ်၊ တော်သလင်းလဆုတ် ၈–ရက်နေ့တွင် ကျန်းမာရေးသော မြို့စုခြင်း၊ တပည့်များကိုစာပေပို့ချခြင်း တာဝန်များကို ဆောင်ရွက်တော်မူရင်း တစ်ဘဝအတွက်ငြိမ်းတော်မူပါသည်။

ကျေးဇူးတော်ရှင်

## အနောက်ပရဏ္ဍမ ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- သဗ္ဗညုတဉာဏ်ရဖို့ရန်အတွက်
  ရင်းနှီးရတာ ဒီခန္ဓာပဲရှိတယ်။
- စိတ်ကလေးကိုလည်း
  မလှုပ်ချင်လှုပ်ချင်အောင်
  ဖြုံခြင်းဆုံးပေးရတယ်။
- ဒါကြောင့် ဒီခန္ဓာနဲ့ စိတ်ကလေးကို
  အလိုမလိုက်ပါရစေနဲ့။



ကျေးဇူးတော်ရှင်

## အနောက်ပရက္ကမဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၆၈–၁၃၃၇)

ဆရာတော်လောင်းလျာကို မုံရွာခရိုင်၊ ဘုတလင်မြို့နယ်အပိုင်၊ ကင်းစမ်းရွာ၌ အဘဦး ကောင်းစံ–အမိဒေါ်ကောက်တော်တို့မှ ၁၂၆၈–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂–ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၅း၀၀နာရီတွင် ဖွားမြင်သည်။ ငယ်မည်မောင်လှသန့် ဖြစ်သည်။ ကင်းစမ်းရွာကျောင်းတွင် ပညာသင်ကြား၍ ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ဝဏ္ဏစာရဖြစ်သည်။ သက်တော် ၂၀ တွင် တောင်ငူမြို့၊ ကျွဲမွဲ အိမ်ရှမ်းရွာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်ရှိသည်။

လယ်တီဦးကောဝိဒ၊ ပဲခူးယက်ကုန်းဆရာတော်၊ မောင်းထောင်ဆရာတော်၊ မင်းကင်း ညောင်ပင်သာရွာ ဆရာတော်များထံတွင် ပရိယတ္တိစာပေများသင်ယူသည်။ ရွှေသိမ်တော်တောရကန်နီဆရာတော်ကြီးထံတွင် ပဋိပတ်အလုပ်ကို အားထုတ်သည်။ စစ်ကိုင်းတောင်ရိုး အနောက်ပရက္ကမချောင်တွင် ကြွရောက်သီတင်းသုံး၍ ဓုတင် ကျင့်ဝတ်များကို ကျင့်ကြံအားထုတ်တော်မူသည်။

၁၃၃၇–ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂–ရက်၊ နေ့လည် ၁း၄၅နာရီတွင် စစ်ကိုင်းတောင် အနောက်ပရက္ကမချောင်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ကျေးဇူးတော်ရှင်

အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်



- ရုပ်နာမ် ဖြစ်သည်ကို
  မြင်အောင် ရှုတာ ကြည့်တာ ဝိပဿနာ။
- ရုပ်နာမ် ဆင်းရဲသည်ကို
  မြင်အောင် ရှုတာ ကြည့်တာ ဝိပဿနာ။
- ရုပ်နာမ်အလိုမလိုက်သည်ကို
  မြင်အောင် ရှုတာ ကြည့်တာ ဝိပဿနာ။

ကျေးဇူးတော်ရှင်

## အရှေ့ပရက္ကမ ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၇၀–၁၃၅၆)

ဆရာတော်လောင်းလျာကို ဇရာတီတိုင်း ရေမြို့နယ် အဖဦးဘုသာနှင့် အမိဒေါ်ပဲတို့မှ ၁၂၇၀–ပြည့်နှစ်၊ နတ်တော်လဆန်း ၃–ရက်၊ မွန်းလွဲအချိန်တွင် ဖွားမြင်သည်။ ငယ်နာမည် မောင်ညွှန့်ဖြစ်သည်။ ငါးနှစ်သားတွင် ပညာသင်ကြားသည်။ မြို့ပေါက်ဆရာတော်ကြီး၏ အစီအစဉ်ဖြင့် ၁၂၈၂–ခုနှစ်၊ နယုန်လပြည့်နေ့တွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ဝါယမဖြစ်သည်။ ၁၂၈၉–ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂–ရက် သောကြာနေ့တွင် ရေမြို့ မြို့ သုံးထပ်ကျောင်းရှေ့ သိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ မန္တလေးမြို့ မဟာဝိသုဒ္ဓာရာမတိုက်၊ အလယ်တိုက်တို့တွင် ပရိယတ္တိစာပေသင်ယူသည်။

၁၃၀၈–ခုနှစ်တွင် စစ်ကိုင်းတောင်သို့ကြွသည်။ ကန်ဦးဆရာတော်ကြီးထံတွင် ပဋိပတ္တိနည်းခံယူ၍ အားထုတ်သည်။ အရှေ့ပရက္ကမကျောင်းတွင် သီတင်းသုံးတော် မူသည်ကိုအစွဲပြု၍ အရှေ့ပရက္ကမကျောင်းတွင် သီတင်းသုံးနေတော်မူသည်ကို အစွဲပြု ၍ အရှေ့ပရက္ကမဆရာတော်ကြီးဟု ထင်ရှားသည်။ ပဲခွံမကျိုးသော ဘုဉ်းပေးပြီး အရည်းကင်ဝတင်မှလွဲ၍ ကျန်ရဟန်း ၁၂ ပါးကို ဖျံလွန်တော်မူသည်အထိ ဖြူမြဲစွာ ဆောက်တည်သည်။

ဘာဝနာပါရဂူကျမ်း၊ ဝိပဿနာပါရဂူ၊ မေတ္တာပါရဂူ၊ ကိုးပါးသီလ စီရင်ပုံ ကျမ်းတို့ကို ရေးသားတော်မူခဲ့သည်။

၁၃၅၆–ခုနှစ်၊ နတ်တော်လဆန်း ၆–ရက်နေ့တွင် စစ်ကိုင်းတောင် အရှေ့ပရက္ကမကျောင်း၌ ပံလွန်တော်မူခဲ့ပါသည်။

စိတ်ကြိုက်ဆေး

ပေဆွမ်းဆွာတော်ရှင်

သာဂြသာနီ ဆရာတော်အရှင်ဘုရားကြီး၏

ဩဝါဒတော်

- ကောင်းမှုကိုပဲ ပွဲရှိပါတွေကနဲ့
  သေရမှာမကြောက်ဘူး
  နောက်ဘဝရောက်ရမှာလည်းမကြောက်ဘူး။
- ငါ့မှာ ကုသိုလ်တွေရှိတယ်၊
  ကောင်းမှုတွေရှိတယ်၊
  နောက်နောက်ဘဝလည်း ထည့်သွားခဲ့တယ်၊
  တမလွန်လည်း ထည့်ပြီးယူသွားမယ်ဆိုတဲ့၊
  ဘာကြောက်စရာရှိမှာတုံး။



ကျေးဇူးတော်ရှင်

## သပြေကန် ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၅၂–၁၃၅၆)

သပြေကန်ဆရာတော်လောင်းလျာကို ၁၂၅၂ခုနှစ်၊ နတ်တော်လဆန်း ၁၃–ရက်၊ ဗုဒ္ဓဟူးနေ့တွင် သန်လျင်မြို့နယ်၊ ချောင်းဝရွာတွင် အဘဦးဖိုးစိန်–အမိဒေါ်အိန်တို့မှ ဖွားမြင်သည်။ ၉ နှစ်သားအရွယ်တွင် သာမဏေဘဝသို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်ဝိမလဖြစ်သည်။ နောင်တွင် သပြေကန် မဟာဓမ္မိကာရာမကျောင်းတိုက်ရောက်မှ ရှင်ဝါသေဋ္ဌဟု ပြောင်းသည်။ ၁၅ နှစ်သားတွင် ဥဘတောဝိဘင်္ဂဘွဲ့၊ ၁၈ နှစ်တွင် ဝိနယဓရဘွဲ့ကိုရခဲ့သည်။ ၁၂၇၂–ခုနှစ်၊ ဝါဆိုလဆုတ် ၁ ရက်နေ့တွင် သပြေကန်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်သည်။ အဘယာရာမ ဆရာတော်ထံ၌ ပါဠိနှင့် သက္ကတစာပေများ သင်ကြားသည်။ ပရိယတ္တိသာသနာ့ဟိတဓမ္မာစရိယ ဘွဲ့ကိုရရှိခဲ့သည်။ သာသနဓဇသိရီပဝရဓမ္မာစရိယသိမ်ရာမဏီဘွဲ့ကို ပထမဆုံးရရှိတော်မူသည်။

ဆရာတော်ကြီး၏ စာပေများအနက် ပရိတ်ကြီး နိဿယသစ်သည် ထင်ရှားသည်။ ၁၃၄၆–ခုနှစ်၌ အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ ၁၃၅၃–ခုနှစ်တွင် ရွှေကျင်နိကာယ ဥက္ကဋ္ဌမဟာနာယကအဖြစ်နှင့် ၁၃၅၄–ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တို့ကို ခံယူတော်မူသည်။

သက်တော် ၁၀၅ ထိ သာသနာ့တာဝန်ကို ထမ်းဆောင်ရင်း ၁၃၅၆–ခု၊ တပို့တွဲလဆန်း ၇–ရက်၊ တနင်္လာနေ့တွင် တစ်ဘဝအတွက် ငြိမ်းတော်မူပါသည်။

ကျေးဇူးတော်ရှင်

ညောင်ရွှေ ကန်ကြီးဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

သူတော်စင်တို့အား
မှတ်ထွေသိတာကောင်း။
ပျောင်းပြောင်းတဲ့ရဲ့
မျှော်ရွာညှိလျှင်ကွယ်လည်း
လူဝယ်ချုပ် အမြဲဖြစ်တာင်တော
အမျှင်အဖြစ်တဲ့ရဲ့ပြော်ဆို
ကြိုင်ဆို မကြုံကြွက်
ဖိနပ်ဖြုတ်လိုက
ခန့်ညှိမျှော်စုကြီး
ပျောက်ပုံ သံသရာ
ချမ်းသာလျှောနေရာညည်း။



ကျေးဇူးတော်ရှင်

## ညောင်ရွှေ တနုံကြီးဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၅၃-၁၃၆၅)

ဆရာတော်လောင်းလျာကို ၁၂၅၃-ခုနှစ်၊ ဝါဆိုလဆန်း ၁၀-ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပဲခူးတိုင်း သာယာဝတီမြို့နယ်၊ မာလာဝဂ္ဂကျေးရွာ၌ အဘ ဦးဘိုးအောင်၊ အမိဒေါ်စိန်ပွင့်တို့မှ ဖွားမြင်ပါသည်။ ၁၆-နှစ်သားအရွယ်တွင် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ကံသာကျောင်းဆရာတော်ထံတွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ဝိမလဖြစ်သည်။ ၁၂၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀-ရက်နေ့တွင် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့ ဘုရားကြီးတိုက်၌ ရေတွင်းကုန်းကျောင်း ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူသည်။

သင်္ဂြိုဟ်ပါဌသင်္ဂြိုဟ်တန်း၊ ဓာတုတန်း၊ အဘိဓမ္မာကျမ်းတို့ကိုအောင်မြင်ခဲ့သည်။ ၁၃၀၃-ခုနှစ်တွင် အင်းလေးဒေသ၊ အင်းလျားရွာ၌ သာသနာ့ဗိမာန်စာသင်တိုက် ဖွင့်လှစ်၍ စာပို့ချတော်မူသည်။ ၁၃၀၉-ခုနှစ်တွင် တနုံကြီးတရိပ်သတ္တိစာသင်တိုက် ဖွင့်လှစ်၍ စာပို့ချတော်မူသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ပဋိပုစ္ဆကအဖွဲ့ အကျိုးတော်ဆောင်၊ နိုင်ငံတော်သံဃာ့မဟာနာယက ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူသည်။

၁၃၄၇-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၁၃၅၃-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်၊ ၁၃၅၈ ခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ တံဆိပ်တော်တို့ကို နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းခဲ့သည်။ ၁၃၅၇-ခုနှစ်တွင် ဇေယျာသမ ရွှေကျင်နိကာယ သမ္မုတိသံဃာ့ရာဇာ သာသနာပိုင်ဆရာတော်ကြီးအဖြစ် ရွေးချယ်တင် မြှောက်ခြင်းခံတော်မူရသည်။ ၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ရက်၊ တနင်္လာနေ့ ည ၉း၁၂ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

စိတ်ကြည်နူးပါစေ

ကျေးဇူးတော်ရှင်

## မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏

ဩဝါဒပေး

အနှစ်တစ်ရာ၊ သက်ရှည်ကြာလည်း
ဓမ္မအမေတာ၊ မမြင်ရသော်
ဘဝကျိုးကတ်၊ ကယ်မမြတ်ဘူး။

ဝိပဿနာ၊ အခြေပါ၍
လေးဖြာမဂ်စု၊ ဉာဏ်စကြပြင့်
ဓမ္မဝကေန်း၊ နေ့ရမာန်ကို
ပေစန်မြင်ကာ၊ တစ်ရက်မျှလျှင်
ဇီဝရှည်လျှင်း၊ တည်နေခြင်းက
လွန်မင်းသာစွ၊ မြတ်ထွက်လှဟု
ဝိနဘုရား၊ ဟောမိန့်ကြားသည်
တရားကြီးသင့်လှပြီတကား။



ကျေးဇူးတော်ရှင်

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၇၃–၁၃၅၅)

ဆရာတော်လောင်းလျာကို မြင်းခြံမြို့နယ်၊ ကျည်းပင်ရပ်တွင် အဘဦးဆုံ–အမိဒေါ်ဆင်တို့မှ ၁၂၇၃–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁–ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ပါသည်။ ငယ်နာမည် မောင်ခင်ဖြစ်သည်။ ၁၀ နှစ်သားအရွယ်တွင် မြင်းခြံမြို့ မင်းကျောင်းဆရာတော် ဦးသောဘိတထံတော်တွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ဝိစိတ္တသာရဖြစ်သည်။ ၁၂၉၂–ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆–ရက်နေ့တွင် မင်းကွန်းငွေတောင်တောရကျောင်းဆရာတော် ဓမ္မနာဒဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်ရှိတော်မူသည်။

သက်တော် ၁၃ နှစ်အရွယ်မှစ၍ ပရိယတ္တိ စာပေကိုသင်ကြား၍ စာမေးပွဲအဆင့်ဆင့်ကို အောင်မြင်တော်မူခဲ့သည်။ သာသနဓဇ သိရီပဝရဓမ္မာစရိယ စသည့် စာမေးပွဲအောင်ပန်းများမှ တိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့တော်များ တိုင် အောင်ပင်ဖြစ်သည်။ အစိုးရမင်းများဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်များအထိ ဘွဲ့ပေါင်း ၂၀ ကျော်ကို အောင်ပန်းဆင်ခဲ့ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအကျိုးတော်ဆောင်ချုပ်၊ ရန်ကုန်၊ မန္တလေး နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ကြီးများ၊ မင်းကွန်းမိုးမိတ်ထိန်ကျောင်းတော်များ စသည်တို့သည် ဆရာတော်ကြီး၏ သာသနာရေးကြိုးပမ်းချက်များဖြစ်သည်။

၁၃၅၅–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃–ရက်၊ ညနေ ၄း၄၄ နာရီတွင် မင်းကွန်းဓမ္မနာဒကျောင်းတိုက်၌ ဘဝနတ်ကျောင်း ရွှေပြောင်းတော်မူခဲ့ပါသည်။

စိတ်ကြိုက်စာပေ

ကျေးဇူးတော်ရှင်

မအူပင်မြို့ ဝေဠုမြို့လယ် ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- အခက်အခဲတစ်ခုကြောင့်
  ဆုံးရှုံးမှုတစ်ကြိမ်ကြုံရတာနဲ့
  နောက်ဆုတ်ရင်
  ဒါ–လူ့ချင်းလူ့ဆွေဖြစ်တာပဲ။

- နည်းလမ်းမှန်ကြမယ်
  ကြိုးစားအားထုတ်မယ်ဆိုရင်
  နောက်တစ်ကြိမ်မှာ
  မုချအောင်မြင်ရမယ်။



ကျေးဇူးတော်ရှင်

# မအူပင်မြို့ ပဥ္စမမြို့လယ်ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၈၆–၁၃၆၂)

ဆရာတော်လောင်းလျာကို လှည်းကူးမြို့နယ်၊ သိမ်ချောင်းရွာကြီးတွင် အဘဦးထွန်းနှံ့–အမိဒေါ်မယ်လုံတို့မှ ၁၂၈၆–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆–ရက်၊ ဗုဒ္ဓဟူးနေ့တွင်ဖွားမြင်ပါသည်။ မွေးချင်း ၆–ယောက်အနက် စတုတ္ထမြောက်ဖြစ်သည်။ သက်တော် ၁၂–နှစ်တွင် သိမ်ချောင်းရွာ၊ အရှေ့ကျောင်းဆရာတော်ထံတွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ဝါသဝဖြစ်သည်။ ၁၃ဝ၅–ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂–ရက်နေ့တွင် အရှေ့ကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်ရှိပါသည်။

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ဘားကရာကျောင်းတိုက်၊ မန္တလေးမြို့ မိုးကောင်းတိုက်တို့တွင် ပညာသင်ကြားခဲ့သည်။ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို အောင်မြင်တော်မူခဲ့သည်။ ဘကြီးတစ်ဝမ်းကွဲတော်သူ မအူပင်မြို့ မြို့လယ်ကျောင်းတိုက်ကြီး၏ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ၏ အထံသို့ ၁၃၁၅–ခုနှစ်တွင် ရောက်ရှိခဲ့ပြီး၊ စာချဆရာတော်ဘဝသို့ ရောက်ရှိခဲ့ရပေသည်။ ၁၃၅၂–ခုနှစ်တွင် မြို့လယ်ကျောင်းတိုက်ကြီး၏ ပဥ္စမမြောက်နာယကဆရာတော်ကြီးအဖြစ်သို့ ရောက်တော်မူခဲ့သည်။ နိုင်ငံတော်မှ ၁၃၅ဝ–ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့ပါသည်။

ဒုလ္လဘောဝါဒကထာတော်ကျမ်းနှင့် ဗုဒ္ဓဝန္ဒနာ နမောတဿသကထာကျမ်းတို့ကို ရေးသားခဲ့သည်။ တစ်ဖက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗဟိုဝန်ဆောင် တာဝန်ကို ထမ်းဆောင်ရင်း မြို့လယ်ကျောင်းတိုက်ကြီးတွင် စာပေပရိယတ္တိတာဝန်များကို ထမ်းဆောင်နေစဉ် ၁၃၆၂–ခုနှစ်၊ ပြာသိုလပြည့်ကျော် (၉) ရက်၊ ဗုဒ္ဓဟူးနေ့ ညည့် ၁၂း၁၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးရွာတော်ရှင်

**အင်းဝိုင်းတောရ ဆရာတော်ကြီး၏**

ဩဝါဒတော်

- စကားဆိုမကြမ်းနဲ့၊
- တရားဆိုမဆန်းနဲ့၊
- လိုချင်လို့တော့ မလုပ်နဲ့၊
- လုပ်ရင်တော့ရမှာပဲ၊
- တရားကိုမြန်မြန်မလုပ်နဲ့၊ မှန်မှန်လုပ်၊
- တစ်ရက်ပျက်လျှင်

တစ်သက်လိုက်လို့ မမီဘူး။



ကျေးဇူးတော်ရှင်

## အင်ပိုင်းတောရဆရာတော်ကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၃၁၅-    )

ဆရာတော်လောင်းလျာကို ၁၃၁၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅-ရက်၊ ဗုဒ္ဓဟူး နေ့ ည ၁၂ နာရီအချိန်တွင် ညောင်လေးပင်မြို့နယ်၊ အင်းပိုင်းဘူတာစုရှိ အဘဦးထွန်းမွေး-အမိ ဒေါ်မြရင်တို့မှ မွေးဖွားပါသည်။ ငယ်မည် မောင်ရွှေတိုး ဖြစ်သည်။ ၁၁-နှစ်သားအရွယ်တွင် အင်းပိုင်း ဆရာတော်ဘုရားကြီးဦးကောသလ ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘဝသို့ရောက်သည်။ ဘွဲ့တော်မှာ ရှင်ဝိဇယ ဖြစ်သည်။ ၁၃၃၅-ခုနှစ်၊ ကဆုန်လဆန်း ၁၂-ရက်နေ့တွင် အင်းပိုင်းဆရာတော်ကြီး ပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။

မဒေါက်မြို့ ငွေပန်းရုံတောရစာသင်တိုက်၊ ပဲခူးမြို့ ကြခတ်ပိုင်းစာသင်တိုက် တို့တွင် ပရိယတ္တိစာပေများကို သင်ယူသည်။ ငွေပန်းရုံစာသင်တိုက်တွင် စာပေပို့ချ သည်။ ၁၃၄၈-ခုနှစ်တွင် အင်းပိုင်းတောရကျောင်းတိုက်တွင် ပြန်လည်သီတင်း သုံးသည်။ ၁၃၄၇-ခုနှစ်တွင် အနောက်ဖက်ဆရာသက်ကြီး၊ ဝိပဿနာပါရဂူ ဆရာကြီး တို့၏နည်းဖြင့် တရားအားထုတ်ကျင့်သုံးသည်။ အင်းပိုင်းတောရတွင် သီတင်းသုံး သဖြင့် အင်းပိုင်း တောရဆရာတော်ဟု အမည်တွင်ခဲ့သည်။

ယခုအခါ ဆရာတော်သည် ပြန်တန်ဆာမြို့ မြို့ဦးတွင် အင်းပိုင်းတောရ ကျောင်းတိုက်ကိုတည်ထောင်၍ တရားများပြသ၍ ပဋိပတ္တိသာသနာကိုပြုလျက် ရှိနေပါသည်။

ကျေးဇူးတော်ရှင်

တိပိဋကဓရ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသဆရာတော်ကြီး၏

ဩဝါဒတော်

ကမ္ဘာမှာရှိရှိသမျှသော လူသားအားလုံးဟာ
မေတ္တာတရားရဲ့ သိမ်မွေ့နူးညံ့တဲ့သဘောတရားကို
သိရှိနားလည်ကြမယ်ဆိုရင်
ကမ္ဘာကြီးဟာ
အအေးဓာတ်တွေပြန့်ပြီး
ကိုယ်ရောစိတ်ပါ
ပျော်ရွှင်ငြိမ်းချမ်းနိုင်ကြလိမ့်မယ်လို့
ဘုန်းကြီး ယုံကြည်ပါတယ်။



### ကျေးဇူးတော်ရှင်

## တိပိဋကဓရဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသဆရာတော်ကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၃၁၆-    )

ဆရာတော်လောင်းလျာကို ညောင်တုန်းမြို့နယ်၊ ဆားမလောက်ရွာ၌ အဘ ဦးဘိုး၀- အမိဒေါ်စိန်တင်တို့မှ ၁၃၁၆-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈-ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ပါသည်။ ငယ်မည်မောင်လှထွန်းဖြစ်သည်။ ၁၃၂၉-ခုနှစ်တွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ဝါယာမိန္ဒဖြစ်သည်။ ၁၃၃၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်၊ တနင်္ဂနွေနေ့တွင် ဆားမလောက်ရွာ၊ ရွာလယ်ကျောင်းဆရာတော် ဦးဝိစာရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

သက်တော် ၁၅-နှစ်မှစ၍ စာမေးပွဲအဆင့်ဆင့်ကို စတင်ဖြေကြား၍ အောင်ပန်းအဆင့်ဆင့်တို့ကို ဆွတ်လှမ်းခဲ့သည်။ သာသနဓဇသိရီပဝရ ဓမ္မာစရိယ အဂ္ဂမဟာအကျော်ဘွဲ့များ အပါအဝင် စာမေးပွဲအောင်ပန်း ၁၄ ခုကို ဆွတ်ခူးနိုင်ခဲ့ပါသည်။ ၁၃၅၆-ခုနှစ်၊ ၄၇ ကြိမ်မြောက် တိပိဋကရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒအောင်ပန်းကို ရရှိတော်မူခဲ့ပါသည်။ ညောင်တုန်း ရွှေဟသ်ာတောရကျောင်း၊ မင်းကွန်းမိုးကမိတ် ကုန်းမြေတို့တွင် ပရိယတ္တိစာပေများကို သင်ကြားလေ့ကျက်တော်မူခဲ့ပါသည်။ ယခုအခါတွင် ဆရာတော်သည် မင်းကွန်းမိုးမိတ်ကုန်းမြေ တိ-နီ ကျောင်းတော်နှင့် ရန်ကုန် တိ-နီကျောင်းတို့တွင် သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိနေပါသည်။

ကျေးဇူးတော်ရှင်

## တိပိဋကဓရ ဘဒ္ဒန္တဝံသပါလာလင်္ကာရ ဆရာတော်၏ ဩဝါဒတော်

- ကိုယ့်ကိုချစ်သူ၊ လောကလူ၊ မည်သူဖြစ်သနည်း။
- ကောင်းတာပြုသူ၊ ပြောကြဲသူ ချစ်သူဖြစ်သတည်း။
- ကိုယ့်ကိုမုန်းသူ၊ လောကလူ၊ မည်သူဖြစ်သနည်း။
- မကောင်းပြုသူ၊ ပြောကြဲသူ၊ မုန်းသူဖြစ်သတည်း။



ကျေးဇူးတော်ရှင်

# တိပိဋကဓရ ဘဒ္ဒန္တဝံသပါလာလင်္ကာရ ဆရာတော်၏

ထေရုပ္ပတ္တိအကျဉ်း (၁၃၂၇– )

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ခွက်ခွင်းရွာတွင် အဘဦးကျော်–အမိဒေါ်ကျင်မြိုင်တို့မှ ၁၃၂၇–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀–ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ပါသည်။ ၁၃၃၈–ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဇာတိမြေ အောင်မြေဘုမ္မိ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဝရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ အရှင်ဝံသပါလ ဖြစ်သည်။ ၁၃၄၆–ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် မန္တလေးမြို့ မှန်ကင်းပဋ္ဌာနတာရုံကျောင်းတိုက်၌ ဆရာတော် ဘဒ္ဒန္တ နာဂဝံသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။

ခွက်ခွင်း အောင်မြေဘုမ္မိကျောင်း၊ မုံရွာမြို့သဒ္ဓမ္မပဋ္ဌာနတာရုံတိုက်၊ မြင်းမူ၊ စစ်ကိုင်း၊ မန္တလေးမှ စာချဆရာတော်များနှင့် တိပိဋကဓရ ဆရာတော်ကြီးအထံတော်တို့တွင် ပရိယတ္တိစာပေများကိုသင်ယူ၍ စာမေးပွဲအဆင့်အဆင့်ကို ဖြေဆိုတော်မူခဲ့ပါသည်။

သက်တော် ၃၄ နှစ်ရှိ အရှင်ဝံသပါလာ လင်္ကာရသည် ၁၃၆၁–ခုနှစ်၊ ၅၂–ကြိမ်မြောက် တိပိဋက စာမေးပွဲကြီးတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တော်ကို အောင်မြင်တော်မူခဲ့ပါသည်။ ယခုအခါ ဆရာတော်သည် မင်းကွန်း မိုးမိတ်ကုန်းမြေ တိ–နိ ကျောင်းတော်တွင် စာဝါပို့ချ သီတင်းသုံး၍ သာသနာ့ပြုလျက်ရှိနေတော်မူပါသည်။

ကျေးရွာတော်ရှင်

## ဘုန်းတော်ကြီးဦးသီလ ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ပစ္စည်းနှင့်အင်္ဂါ ခြေလက်
  တစ်ခုခုအန္တရာယ်တွေ့လျှင်
  အင်္ဂါခြေလက် အထိမခံနှင့်၊
  ပစ္စည်းအပျက်ခံ။

- အင်္ဂါခြေလက်နှင့် အသက်
  တစ်ခုခု အန္တရာယ်တွေ့လျှင်
  အသက်အထိမခံနှင့်၊
  အင်္ဂါခြေလက်အပျက်ခံ။

- အသက်နှင့်သီလ
  တစ်ခုခုအန္တရာယ်တွေ့လျှင်
  သီလအထိမခံနှင့်၊
  အသက်အပျက်ခံ။



ကျေးဇူးတော်ရှင်

## ဘုန်းတော်ကြီးဦးသီလဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၁၉၄-၁၂၆၉)

ဆရာတော်လောင်းလျာကို ၁၁၉၄-ခုနှစ်၊ နတ်တော်လဆန်း ၈-ရက်၊ သောကြာနေ့ နံနက် ၈ နာရီတွင် အဘဦးထွန်းအောင်-အမိဒေါ်ချိုတို့မှ ပဲခူးမြို့ မြောက်ဘက် ဗိုင်းဂနိုင်းရွာကြီးတွင် ဖွားမြင်သည်။ ငယ်မည်မောင်ရွှေသာဖြစ်သည်။ သားချင်း ငါးဦးအနက် အကြီးဆုံးသား ဖြစ်သည်။ ၁၀ နှစ်သားတွင် ကျောင်းနေ၍ ၁၂ နှစ်သားတွင် ကော့ပြင်းရွာဘုန်းကြီးဦးမှူးထံတွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်သီလာသာရဖြစ်သည်။ ၁၂၁၃-ခုနှစ်၊ တပို့တွဲလတွင် ပီလခတ်ရွာ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ကျိုက်ဒေးယျုဘုရားကုန်းသိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်း ၉ဝါအတွင်း ဆရာအဆူဆူတို့ထံတွင် ပရိယတ္တိစာပေကို သင်ယူခဲ့သည်။ ထို့နောက် တောတောင်တို့တွင် တောရဆောက်တည်သည်။ ရောက်လေရာ တောတောင်ဝန်းကျင်တို့၌ ပရိယတ္တိစာသင်တိုက်များထူထောင်၍ အားပေးမြှင့်တင်တော်မူသည်။ ရာသက်ပန် အရညဝါသီ တောပျော်ကြီးအဖြစ် သီတင်းသုံးခဲ့သည်။

၄၇ နှစ်လုံးလုံး ပရိယတ်၊ ပဋိပတ်အကျိုးတို့ကို ထိုက်ထိုက်တန်တန် သယ်ပိုးဆောင်ရွက်ခဲ့သော ဘုန်းတော်ကြီးဦးသီလသည် ၁၂၆၉-ခုနှစ်၊ ကဆုန် လပြည့်ကျော် ၄-ရက်၊ တနင်္လာနေ့ နံနက် ၇ နာရီတွင် ဇလွန်မြို့သုသာန်ကျောင်း၌ စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

စိတ်ကြိုက်စာပေ

ကျေးဇူးတော်ရှင်

## လျူးလျူးကျတောရ ဆရာတော်ဘုရားကြီး၏
ဩဝါဒတော်

[illegible] မြစ်လေရာဒေသ ပြုသမျှ သူ့ဒဏ်၊
ရန်တုံ့ပြန်စိတ်မသွားစေနှင့်
တားဆီးကြကုန်။

[illegible] အလေနစိတ်မကောင်းကို၊
ဘာဝနာ ချွန်းတောင်းနှင့်
ကောင်းကောင်းကြီးဆီးတားကြကုန်။



ကျေးရွှေတော်ရှင်

## ဂျိုးဂျိုးကျတောရဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၁၅–၁၂၇၅)

ဆရာတော်လောင်းလျာကို ၁၂၁၅–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈–ရက်၊ သောကြာနေ့တွင် အဘဦးသာအေး–အမိ ဒေါ်ဇာလီတို့မှ ရန်ကုန်မြို့တွင် ဖွားမြင်တော်မူသည်။ ငယ်နာမည် မောင်ရွှေပြေးဖြစ်သည်။ ၁၂နှစ်အရွယ်တွင် ရှင်သာမဏေ ဝတ်သည်။ ဘွဲ့တော်မှာ ရှင်သုဇာတဖြစ်သည်။

အသက် ၁၈ နှစ်အရွယ်မှစ၍ ပရိယတ္တိစာပေတို့ကို သင်ကြားတော်မူသည်။ ၁၂၃၅–ခုနှစ်တွင် ရန်ကုန်မြို့အင်းလျားဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ၁၂၅၄–ခုနှစ်တွင် မွန်ပြည်နယ် မုဒုံမြို့တွင် ဂျိုးဂျိုးကျတောရကျောင်းကြီးကို တည်ထောင်တော်မူသည်။ သဂ္ဂမဂ္ဂကထာရှုဖွယ်၊ နမောဝိမုတ္တိရသရှုဖွယ်ကျမ်း စသည်တို့ကို ပြုစုတော်မူခဲ့သည်။

ဆရာတော်ကြီးသည် ဂျိုးဂျိုးကျတောရတွင် ၃၂ နှစ်တိုင်တိုင် သီတင်းသုံး၍ တရားရှုမှတ်တော်မူခဲ့သည်။ အခါအားလျော်စွာ ဓုတင်များကိုလည်း ဆောက်တည်တော်မူပါသည်။

ဂျိုးဂျိုးကျတောရ၌ပင် ၁၂၇၅–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁–ရက်၊ တနင်္လာနေ့ညတွင် ဇတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူပါသည်။

ကျေးဇူးတော်ရှင်

## မိုးညှင်း ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်

၍ ခြွေရံလင်မယား
သမီးသားနှင့်၊ စီးပွားအာရုံ၊
ကာမဂုဏ်တို့ကား မွဲဖို့အစစ်တည်း။

၍ ဒါန သီလနှင့် တုပ ကင်းကွာ၊
ဘာဝနာတို့ကား
အစဉ်ထာဝရကောင်းဖို့နှင့်
ပေါင်းဖို့အစစ်တည်း။

၍ အတွဲအမွဲ၊ အကောင်းအပေါင်းနှင့်
အုံဆိုင်ကိုယ်ပိုင် တရားတို့ကို
မိမိဉာဏ်တွင်
ကြောင်ကြောင်ကြီး ထင်မြင်အောင်
နေ့စဉ် ကြည့်ရှုကြပါလေ။



ကျေးဇူးတော်ရှင်

## မိုးညှင်းဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၃၄–၁၃၂၆)

ဆရာတော်လေးလောင်းလျာကို သန်လျင်မြို့အပိုင် ခုံညင်းစုရွာတွင် အဘဦးစိုး–အမိဒေါ်ဘော်တို့မှ ၁၂၃၄–ခု၊ တန်ဆောင်မုန်းလဆန်း ၂–ရက်၊ သောကြာနေ့ နံနက် ၈ နာရီတွင် ဖွား မြင်တော်မူသည်။ ငါးနှစ်သားမှစ၍ မောင်းမရွာ ဆရာတော် ဦးအာစရထံတွင် စာပေများသင်ကြားပြီး အရွယ်ရောက်သော် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာရှင်သုမနဖြစ်သည်။ ၁၉နှစ် ၄–လတွင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ပရိယတ္တိနှင့်ပတ်သက်၍ ဆရာတော် ဦးရန်ကုန်၊ ကြည်ဝင်းဆရာတော်၊ မင်းထင်ဆရာတော်များထံ၌ သင်ယူခဲ့သည်။ စာချဆရာတော်အဖြစ် စာဂါများ ပြန်လည်ပို့ချသည်။ ပဋိပတ္တိနှင့်ပတ်သက်၍ ရေစကြိုဂူဖြူဆရာတော်၊ လယ်တီဆရာတော်ကြီးများထံတွင် နည်းခံ၍ အားထုတ်တော်မူခဲ့သည်။ ကိုယ်တိုင်လည်း ဝေနေယျတပည့်များစွာတို့အား တရားပြသတော်မူခဲ့သည်။ ကျမ်းကြီးကျမ်းငယ် ၃၆ ကျမ်းကိုလည်း ပြုစုတော်မူခဲ့သည်။

မိုးညှင်းဆရာတော်ကြီးသည် ၁၃၂၆–ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈–ရက်၊ ညနေ ၆း၀၄ နာရီတွင် ခန္ဓာဝန်ချတော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်
**မစိုးရိမ် ဆရာတော်ဘုရားကြီး၏**
**ဩဝါဒတော်**

● လောကကြီးမှာ
ကိုယ်နဲ့ဆန့်ကျင်ဘက်
ရန်သူတစ်ယောက်ရှိနေခြင်းဟာ
အဆင်းရဲဆုံးပဲ။



ကျေးဇူးတော်ရှင်

## မစိုးရိမ်ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၄၁–၁၃၃၇)

ဆရာတော်လောင်းလျာကို ၁၂၄၁–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉–ရက်၊ သောကြာနေ့ညတွင် မတ္တရာမြို့အပိုင်၊ ပေါက်ဝဲကျေးရွာတွင် အဘဦးသော့ – အမိဒေါ်ဒေါ်ညီမ်တို့မှ ဖွားမြင်သည်။ ငယ်နာမည် မောင်လှိုင်ဖြစ်သည်။ ၁၄ နှစ်သား အရွယ်တွင် မိုးကောင်းကျောင်းတိုက်ဆရာတော်ထံတွင် သာမဏေဝတ်သည်။ ဘွဲ့တော်မှာရှင်သူရိယဖြစ်သည်။ သာမဏေဘဝဖြင့် ပထမငယ်တန်းကို တစ်စွဲ၌အောင်မြင်ခဲ့သည်။ ပထမကြီးတန်းကိုလည်း သာမဏေဝတ်ဖြင့်ပင် တစ်စွဲ၌ အောင်မြင်ပါသည်။

၁၂၆၁–ခုနှစ်၊ ဝါဆိုလဆန်း ၈–ရက်၊ နံနက် ၁၀ နာရီတွင် ရာဇဂုရုဘွဲ့တံဆိပ်တော် ၂–ထပ်ရ မိုးကောင်းကျောင်းတိုက်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။ ၁၂၇၀–ပြည့်နှစ်တွင် သက်ျသီဟစာချတန်းကိုအောင်မြင်၍ မစိုးရိမ်ကျောင်းတိုက်ကြီး၌ နာယကစာချအဖြစ် ဆောင်ရွက်တော်မူသည်။ ၁၂၉၁–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၁၃၁၇–ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ခြင်းခံယူတော်မူသည်။ ဆဋ္ဌသင်္ဂါယနာပွဲကြီးတွင် မဟာနာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၃၃၇–ခုနှစ်၊ သီတင်းကျွတ်လပြည့် ကျော် ၁၂–ရက်၊ သောကြာနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## ရွှေသိမ်တော်တောရ ကန်နီဆရာတော်ဘုရားကြီး၏ ဩဝါဒတော်

- ကုသိုလ်ရအောင်နေ၊ ဝိတက်မဝင်စေနှင့်။
- စကားတစ်ခွန်းနှင့် တစ်ခွန်း အနိစ္စ မလွတ်စေနှင့်။



ကျေးဇူးတော်ရှင်

## ရွှေသိမ်တော်တောရ ကန္နီဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၄၂–၁၃၂၈)

ဆရာတော်လောင်းလျာကို ကန္နီမြို့ အနောက်တောင် ကမ်းဖြူရွာ၌ အဘ ဦးသာနု– အမိဒေါ်ကောင်းတို့မှ ၁၂၄၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄–ရက်၊ သောကြာနေ့ ညနေ ၄ နာရီမထိုးမီ ဖွားမြင်တော်မူသည်။ ၄ နှစ်သားအရွယ်မှ စ၍ ပညာသင်ကြားသည်။ ရှင်ရဟန်းပြု ပြီး မုံရွာမြို့နှင့် မန္တလေးမြို့တို့၌ ပရိယတ္တိ စာပေကိုသင်ယူခဲ့သည်။ ဘွဲ့တော်မှာ ဦးသောဘိတ ဖြစ်သည်။

ပဋိပတ်အနေဖြင့် ကင်းတောရတွင် ၂–နှစ်၊ အုတ်ဖိုလက်ပံတောဆရာတော် ထံတွင် (၂)လ အားထုတ်သည်။ ဘုန်းတော်ကြီး ဦးသာရွှန်းထံတွင်လည်း နည်းခံယူသည်။ ကန္နီမြို့ အနောက်တောင်၊ ဝတ်ကုန်းအရပ်၌ ကောစာရီကျောင်းသုံး၍ ယောဂီပါရဂူကျမ်းကို ရေးသားသည်။ သစ္စပါရဂူ၊ သုဇနပါရဂူ၊ ဝိဝဋ္ဋပါရဂူ၊ သရဏပါရဂူစသည့်ကျမ်းများကို ရေးသားတော်မူခဲ့သည်။

အရှေ့ပရက္ကမနှင့် အနောက်ပရက္ကမ ဆရာတော်များမှာ ဆရာတော်ကြီး၏ တပည့်များ ဖြစ်ကြသည်။

၁၃၂၈–ခု၊ ကဆုန်လဆန်း ၁–ရက်၊ နံနက် ၁၀း၃၀ နာရီတွင် စုတိကမ္ဘ ရှုပ် ချုပ်ငြိမ်းတော်မူသည်။

ကျေးဇူးတော်ရှင်

## ပြည်နိမ္မိန္ဒဟောရ ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- အရာရာမှာ သိမှုတစ်ခုသည် အရေးအကြီးဆုံးဖြစ်ပါသည်။
- ယခု ထွက်သိ ဝင်သိကို အရင်းတည်၍ နောင်တွင် အသိအမျိုးမျိုးတွေ့သိမှုရာ အများပင် ပေါ်လာပါလိမ့်မည်။
- နိဗ္ဗာန်အထိ သိသာပါလိမ့်မည်။



ကျေးရွှေတော်ရှင်

## ပြည်နိဗ္ဗိန္ဒတောရ ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၄၈–၁၃၃၈)

ဆရာတော်လောင်းလျာကို သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ မြေဇာကျွန်းရွာ၌ ၁၂၄၈–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀–ရက်၊ သောကြာနေ့နံနက် ၈း၀၀နာရီတွင် အဘဦးကြာညို–အမိဒေါ်လုံမတို့မှ ဖွားမြင်တော်မူသည်။ ၁၅–နှစ်အရွယ်တွင် မြေဇာရွာကျောင်းဆရာတော်ထံ၌ ရှင်သာမဏေဝတ်သည်။ ရဟန်းဘွဲ့တော်မှာ ရှင်သီရိဖြစ်သည်။ ၇–ဝါအရ ၁၂၇၄–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈–ရက်နေ့၊ ညနေ ၅–နာရီတွင် ပြည်မြို့နှင့် နှစ်မိုင်ခန့်ဝေးသည့် တောတောင်တို့တွင် တရားအလုပ်ကို အားထုတ်တော်မူသည်။

တရားရှုတ်မှတ်ရင်း မရှင်းမလင်းသည်များကို အင်ကြင်းမြောင်ဆရာတော်ထံတွင် မေးမြန်းလျှောက်ထားသည်။

ပြည်တောင်တန်းတွင် နိဗ္ဗိန္ဒတောရကျောင်းတိုက်ကြီးကို တည်ထောင်တော်မူ၍ တရားပြသခဲ့သည်။

၁၃၃၈–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉–ရက်၊ သောကြာနေ့၊ နံနက် ၈း၁၅ နာရီတွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူပါသည်။

ကျေးဇူးတော်ရှင်

## ဝန်းသိုခန္တီးဆရာတော်ဘုရားကြီး၏
## ဩဝါဒတော်

- တစ်ခါရှု တစ်ခါရှိုက်တော့ တစ်ရှပ်ချုပ်တယ်။
- တစ်ခါသိ တစ်ခါမှတ်တော့ တစ်နာမ်ချုပ်တယ်။
- ရှုတိုင်း ရှိုက်တိုင်း ရုပ်ချုပ်တယ်။
- သိတိုင်း မှတ်တိုင်း နာမ်ချုပ်တယ်။
- မှတ်ကွယ်–မှတ်ကြကွယ်၊ မင်္ဂိုလ်ရဖို့အလွယ်။



ကျေးဇူးတော်ရှင်

## ဝန်းသိုခန္တီးဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၅၆–၁၃၄၈)

ဆရာတော်လောင်းလျာကို မကွေးတိုင်း၊ ထီးလင်းမြို့နယ်၊ ကတွန်းဒေါင့်ရွာတွင် အဖ ဦးလယ်ရောက်–အမိ ဒေါ်ရွှေမြင့်တို့မှ ၁၂၅၆–ခုနှစ်၊ ကော်သလင်းလပြည့်ကျော် ၈–ရက်၊ သောကြာနေ့တွင်ဖွားမြင်တော်မူသည်။ မွေးချင်း ၁၂ ယောက်အနက် ဒုတိယသားဖြစ်သည်။ ငယ်နာမည် မောင်သာတိုးဖြစ်သည်။

အသက် ၁၁ နှစ်အရွယ်တွင် ကတွန်းဒေါင့်ကျောင်းတွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်သီရိဖြစ်သည်။ ၁၂၇၅–ခုနှစ်၊ နတ်တော်လဆန်း ၆–ရက်တွင် ဝန်းသိုမြို့ ရွှေကျောင်းအရှေ့ ရွှေဂူကြီးဘုရားအနီး ခဏ္ဍသိမ်၌ ရေဝန်းတိုက်ဆရာတော်ဦးဇယန္တကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။ ပထမခန္တီးဆရာတော်ကြီးက ဦးသုဓနဟူသည့်ဘွဲ့တော်ကို ပေးသနားတော်မူသည်။ ရဟန်း ၉–ဝါ မှ စ၍ ၁၉–ဝါအထိ ခင်မကန်တိုက်၊ တောင်ပြင်ဘုရားကြီးတိုက်၊ ဗန်းမော်ကျောင်း စသည်တို့တွင် ပညာရည်နို့သောက်စို့သည်။

၁၉–ဝါအရတွင် ခန္တီးဆရာတော်ကြီး ပျံတော်မူ၍ ခန္တီးကျောင်းတွင် ကျောင်းထိုင်တော်မူသည်။ ၁၃၂၃–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခြင်း ခံတော်မူသည်။ ၁၃၄၈–ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသည်။ ကျမ်းပေါင်း ၂၂–ကျမ်း ပြုစုတော်မူခဲ့သည်။

၁၃၄၈–ခုနှစ်၊ ဝါဆိုလဆန်း ၈–ရက် နံနက် ၁၁း၄၅ နာရီတွင် ခန္တီးကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။

ကျေးဇူးတော်ရှင်

## ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်ဘုရားကြီးဦးသေဋ္ဌိလ၏

ဩဝါဒတော်

● လူတိုင်း လူတိုင်းမှာ အဆင်ပြေမှု၊
အဆင်မပြေမှုဟူ၍ နှစ်မျိုးရှိရာ
အဆင်ပြေမှု ဟူသမျှသည်
မိမိပြုခဲ့ဖူးသော ကုသိုလ်၏
ကောင်းသောအကျိုးဖြစ်သည်။
အဆင်မပြေမှုဟူသမျှသည်
မိမိပြုခဲ့မိသောအကုသိုလ်၏
မကောင်းကျိုးပင်ဖြစ်သည်။

● သို့ဖြစ်၍ အဆင်မပြေမှုနည်း၍
အစဉ်မပြတ်အဆင်ပြေစေလိုလျှင်
အဆင်ပြေစေတတ်သော ကုသိုလ်ကို
များနိုင်သမျှ များများပြုလုပ်ပေးဖို့
ဩဝါဒစကား မိန့်ကြားအပ်ပါသတည်း။



ကျေးဇူးတော်ရှင်

## ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်ဘုရားကြီး ဦးသေဋ္ဌိလ၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၅၈–၁၃၅၈)

ဆရာတော်လောင်းလျာကို ပျော်ဘွယ်မြို့နယ်၊ ပုတီးကုန်းရွာ၌ အဘဦးအေး–အမိ ဒေါ်ထွေးတို့မှ ၁၂၅၈–ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁–ရက်၊ သောကြာနေ့တွင် ဖွားမြင်ပါသည်။ မွေးချင်း ၃–ဦးအနက် အငယ်ဆုံးဖြစ်သည်။ ငယ်မည်မောင်ခင် ဖြစ်သည်။ ၁၂၇၁–ခုနှစ်တွင် ပုတီးကုန်းဆရာတော် အရှင်ကဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ရွာကျောင်းတွင် အခြေခံကျမ်းစာများကို သင်ယူသည်။ မန္တလေးမစိုးရိမ်တိုက်သို့ ပြောင်းရွှေ့ခဲ့ရာ ဆရာတော် အရှင်အာဒိစ္စဝံသနှင့်တွေ့၍ တပည့်ရင်းချာဖြစ်ခဲ့သည်။ အသက် ၂၀ ပြည့်သောအခါတွင် အရှင်အာဒိစ္စကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။ ဘွဲ့တော်မှာ ဦးသေဋ္ဌိလ ဖြစ်သည်။

ပထမကျော်အောင်ပန်းကို ဆင်မြန်းခဲ့၍ ခရစ်နှစ် ၁၉၂၄–ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကာလကတ္တားသို့ကြွ၍ သက္ကတစာပေနှင့် အင်္ဂလိပ်စာပေတို့ကို သင်ကြားခဲ့သည်။ ၁၉၃၈–ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ ကြွခဲ့သည်။ ၁၉၄၅–ခုနှစ်တွင် အင်္ဂလန်နိုင်ငံတွင် ဆင်းရဲပင်ပန်းခံ၍ ဗုဒ္ဓသာသနာတော်ကို ကမ္ဘာသို့ပြန့်အောင်ဖြန့်ချိခဲ့သည်။ ဥရောပတစ်ခွင်တွင် နှစ်ပေါင်းများစွာ ကျင်လည်၍ တရားဒေသနာကို ပြန့်ပွားစေပါသည်။ သက်တော် ၈၉ နှစ်အထိ မြန်မာနိုင်ငံနှင့် ဥရောပနိုင်ငံများကို လှန့်ထိုးသွားလာ၍ သာသနာပြုခဲ့ပါသည်။

နိုင်ငံတော်က ၁၉၅၆–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ ၁၉၉၀–ပြည့်နှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့၊ ၁၉၉၃–ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တို့ ဆက်ကပ်ခဲ့သည်။

၁၃၅၈–ခုနှစ်၊ နက်တော်လပြည့်ကျော် (၉)ရက် (သောကြာနေ့) ညနေ (၆)နာရီ (၁၀) မိနစ်တွင် ဘဝနတ်ကျောင်း ရွှေပြောင်းတော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## ရွှေစေတီဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

● အလွန်တန်ဖိုးရှိတဲ့ လူ့ဘဝကို ရနေကြခိုက်၊
ဟံကောင်းထောက်ပံ့မ–လို့
မြတ်စွာဘုရားသာသနာတော်ထွန်းကားတဲ့
ဒီမြန်မာပြည်မှာ ဖြစ်နေကြခိုက်၊
အလွန်တွေ့ခဲတဲ့ သာသနာတော်ကြီးနဲ့
တွေ့ကြုံနေကြခိုက်၊
တန်ဖိုးမဖြတ်နိုင်အောင် အဖိုးထိုက်တန်လှတဲ့
သတိပဋ္ဌာန်လေးပါးစလုံးကို
ပြည့်ပြည့်စုံစုံ အားထုတ်လိုက်ကြရမယ်။



ကျေးဇူးတော်ရှင်

## ရွှေစေတီ ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၆၁–၁၃၄၇)

ဆရာတော်ဒေါ်ဟာင်းလျာကို စစ်ကိုင်းမြို့ ရွာသစ်ကြီးရွာတွင် ၁၂၆၁–ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇–ရက်၊ သောကြာနေ့တွင် အဖဦးရန်ငြိမ်း–အမိဒေါ်ပုတို့မှ ဖွားမြင်တော်မူသည်။ ငယ်မည်မောင်ပြုံးဖြစ်သည်။ မွေးချင်းငါးယောက်အနက် အကြီးဆုံးသားဖြစ်သည်။ ၁၂ နှစ်သားအရွယ်တွင် ရွှေစေတီတိုက်တွင် ရှင်သာမဏေ ဖြစ်သည်။ ၁၂၈၀–ပြည့်နှစ်၊ တပို့တွဲလဆန်း ၇–ရက်နေ့တွင် ရွှေစေတီဂိုဏ်းချုပ် ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ရောက်တော်မူပါသည်။ ဘွဲ့တော်မှာ ရှင်သုန္ဒရဖြစ်သည်။ ရွှေစေတီဆရာတော်ကြီးထံတွင် ပရိယတ္တိစာပေသင်ယူသည်။

စစ်ကိုင်းမြို့တွင် ရွှေစေတီသာသနာ့ရိပ်သာကို ထူထောင်ခဲ့သည်။ ရွာသစ်ကြီးရိပ်သာ၊ ရွှေကူရိပ်သာ၊ ပြင်ဦးလွင်ရိပ်သာ၊ ပြင်ဦးလွင်မြို့ မြမာလာရပ် ရွှေစေတီရိပ်သာတို့ကို ထူထောင်တော်မူခဲ့သည်။

သာသနာ့ရိပ်သာထူထောင်ပြီး စာပေပို့ချခြင်း၊ တရားပြသခြင်းတို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ပါသည်။ ညောင်ရမ်းဆရာတော်၊ ငွေချိုတိုက်၊ စံကျောင်းဆရာတော်ကြီးများထံတွင် စာပေသင်ယူခဲ့ဖူးသေးသည်။ နိုင်ငံတော်က ဩဝါဒါစရိယအဖြစ် တင်မြှောက်သည့်အပြင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်ခဲ့ပါသည်။

၁၃၄၇–ခုနှစ်၊ တပေါင်းလဆန်း (၁၁) ရက်၊ နံနက် (၁၁) နာရီအချိန်၊ သက်တော် (၈၆)၊ သိက္ခာတော် (၆၆) ဝါ အရတွင် စံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## မဟာစည် ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

ဝိပဿနာဆိုတာ
ဒွါရခြောက်ပါးမှာ ထင်ပေါ်လာသမျှ
ရုပ်နာမ်တွေကို ရှုမှတ်ပြီးတော့
အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေကို
အမှန်အတိုင်းသိတဲ့ ဉာဏ်ပင်ဖြစ်တယ်။



ကျေးရွာတော်ရှင်

## မဟာစည် ဆရာတော်ဘုရားကြီး၏

**ထေရုပ္ပတ္တိအကျဉ်း (၁၂၆၆–၁၃၄၄)**

ဆရာတော်လောင်းလျာကို ရွှေဘိုမြို့၊ အနောက်ဘက်ဆိပ်ခွန်ရွာတွင် အဖ ဦးကန်တော်–အမိဒေါ်မယ်အုပ်တို့မှ ၁၂၆၆–ခု၊ ဒုတိယဝါဆို လပြည့်ကျော် ၃–ရက်၊ သောကြာနေ့ နံနက် ၃–နာရီတွင် ဖွားမြင်တော်မူသည်။ သားချင်း ၇ ယောက်အနက် ဒုတိယမြောက်ဖြစ်သည်။ ငယ်နာမည်မောင်သွင်ဖြစ်သည်။

၁၂ နှစ်သားအရွယ်တွင် သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်သောဘန ဖြစ်သည်။ ၁၂၈၅–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်တွင် ဦးလေးတော်သူ ဦးအောင်ဇံဘော်–ဒေါ်သစ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ၁၃၀၃–ခုနှစ်တွင် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ အောင်မြင်တော်မူသည်။ ၁၃၁၅–ခုနှစ်တွင် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာကြီးတွင် တရားပြသတော်မူသည်။ ၁၃၁၃–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တော် ဆက်ကပ်ခြင်းကို ခံယူတော်မူသည်။ ၁၃၁၆–ခုနှစ်တွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် အမေးပုစ္ဆကတာဝန်ယူ သည်မှစ၍ ပြီးဆုံးသည်အထိ ၄–နှစ်တိုင်တိုင် ဆောင်ရွက်တော်မူသည်။ ဝိပဿနာကျမ်းပေါင်း ၈၀ ကျော်ကို ပြုစုတော်မူခဲ့သည်။ ဝိပဿနာရှုနည်း ၂ တွဲနှင့် ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ ၄ တွဲတို့မှာထင်ရှားသည်။

ကမ္ဘာ့တိုက်ကြီး ၆–တိုက်တွင် အကြိမ်ပေါင်းများစွာ တရားပြ၍ ပြည်တွင်း ပြည်ပယောဂီအသိန်းအသန်းကို တရားပြသတော်မူခဲ့သည်။

၁၃၄၄ ခုနှစ်၊ ဒုတိယဝါဆို လပြည့်ကျော် ၁၀–ရက်၊ စနေနေ့ ၁း၃၆နာရီတွင် ရန်ကုန်မြို့၊ မဟာစည်ရိပ်သာကြီး၌ စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူပါသည်။

ကျေးရွာတော်ရှင်

ဇလွန်မဒေးသရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ဝိပဿနာတရားစကားပြောချင်ရင် ကိုယ်တိုင်တရားအားထုတ်ရတယ်။
- အရမ်းမပြောကြနဲ့နော်။



## ကျေးဇူးတော်ရှင်
# ဇလွန်မဒေးဆရာတော်ဘုရားကြီး၏
### ထေရုပ္ပတ္တိအကျဉ်း (၁၂၆၆–၁၃၄၆)

ဆရာတော်လောင်းလျာကို သံတွဲမြို့ ချောင်းဖျားခွေးတောက်ခုံရွာတွင် အဘဦးသာနီ–အမိဒေါ်စိမ်းတို့မှ ၁၂၆၆–ခုနှစ်၊ တော်သလင်း လဆန်း ၁–ရက် နေ့တွင် ဖွားမြင်တော်မူပါသည်။ မွေးချင်းငါးယောက်အနက် ဆရာတော်လောင်းလျာသည် စတုတ္ထမြောက် သားဖြစ်ပါသည်။ ငယ်နာမည်မှာ မောင်စိန်ဖိုးဖြစ်သည်။

ခွေးတောက်ခုံရွာဦးကျောင်းတွင် ရွာဦးကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘာဝသို့ ရောက်သည်။ ဘွဲ့တော်မှာ အရှင်သုဇာတဖြစ်သည်။ ဂုံးဇရစ်ကျေးရွာ မပေါ့စမ်းဆရာတော်ကြီး ဦးဒီပကို ဥပဇ္ဈာယ်ပြု၍ သက်တော် ၂၀ တွင် မြင့်မြတ်သည့်ရဟန်းဘာဝသို့ ရောက်တော်မူပါသည်။

သက်တော် ၈၀–အရောက်၊ ၁၃၄၆–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂–ရက်၊ ညနေ ၂း၄၅ နာရီတွင် ဘဝနတ်ထံ စံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## မြင်းခြံကိုးဆောင်တိုက် ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

၈။ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမနဲ့အညီ
လောဘ၊ ဒေါသ၊ မောဟ
ကင်းသွားအောင်ကျင့်ကြံကြပြီး
မေတ္တာ၊ ကရုဏာ၊
မုဒိတာ၊ ဥပေက္ခာဆိုတဲ့
ဗြဟ္မစိုရ်တရားများ
ပြန့်ပွားလာအောင်
ဆောင်ရွက်ကြမယ်ဆိုရင်
ကမ္ဘာငြိမ်းချမ်းရေးကြီးဟာ
လက်တစ်ကမ်းအတွင်းမှာရှိပါတယ်။



ကျေးရှူးတော်ရှင်

# မြင်းခြံကိုးဆောင်တိုက် ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၇၁–၁၃၆၆)

ဆရာတော်လောင်းလျာကို ၁၂၇၁–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃–ရက်၊ သောကြာနေ့တွင် ပုဂံမြို့နယ်၊ သီရိပစ္စယာရွာ၌ အဖ ဦးဖိုးစိစ်– အမိ ဒေါ်ကျော့တို့မှ ဖွားမြင်တော်မူသည်။ ၁၂–နှစ်အရွယ်တွင် သီရိပစ္စယာရွာ၊ သာယာဝတီကျောင်းဆရာတော်ထံတွင် ရှင်သာမဏေ ဖြစ်သည်။ ဘွဲ့တော်မှာ ရှင်သောဘိတ ဖြစ်သည်။ ၁၂၉၁–ခုနှစ်တွင် မြင်းခြံမြို့ကိုးဆောင်တိုက် ၌ ၁၁–မိုင် ထန်းတောကြီး ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

ဆရာတော်အရှင်ပညာမဟာထေရ်၊ မန္တလေးမြို့ မြတောင်တိုက်၊ ဘုရားကြီးတိုက်၊ ရန်ကုန်မြို့ အောင်မြေဘုံစံတိုက်တို့တွင် ပရိယတ္တိစာပေကိုပေါက်မြောက်အောင်သင်ကြားတော်မူပါသည်။ မြင်းခြံကိုးဆောင်တိုက်တွင် စာပေပို့ချပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်တွင်လည်း စာပေသင်ယူခဲ့ပါသေးသည်။ ပခုက္ကူကျောင်းသစ်ကိုစာသင်တိုက်အဖြစ် တည်ထောင်တော်မူခဲ့သည်။ ၁၃၁၂– ခုနှစ်တွင် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ရသည်။ ဆရာတော်ကြီးသည် ပရိယတ္တိသာသနာ့အကျိုးကို မြောက်မြားစွာသယ်ပိုးဆောင်ရွက်တော်မူပါသည်။ ၁၃၂၂–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို အလှူခံယူသည်။ ၁၃၄၇– ခုနှစ်–တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ကို အလှူခံယူသည်။ ၁၃၅၆–ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်များကို အလှူခံရရှိတော်မူပါသည်။

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသည့်နောက်
ဒီပရိယတ္တိဟာ မကွယ်ပျောက်အောင်
သာသနာကို ဒီနည်းနဲ့ ထိန်းသိမ်းရတာပဲ။
စာအုပ်တွေ၊ ကျောက်စာတွေနဲ့
ထိန်းသိမ်းထားလို့ရတာမှ မဟုတ်ဘဲ၊
- ထိန်းသိမ်းတယ်ဆိုတာ
တပည့်တပန်းတွေကို
စာတတ်အောင်ချ၊
စာတတ်ပြီးတဲ့နောက်
သူတို့တတ်ပြီးတဲ့နောက် သူတို့တရားဟော၊
- နားမလည်တဲ့ဒကာ ဒကာမတွေကို တရားဟော၊
နောက် တပည့်တပန်းတွေကို တတ်လာအောင်စာချ၊
အဲဒီလိုစာချသွားပြီးတော့ ထိန်းသိမ်းမှရတာ။



## ကျေးဇူးတော်ရှင်
## ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော်ဘုရားကြီး၏
### ထေရုပ္ပတ္တိအကျဉ်း (၁၂၇၃–၁၃၅၂)

ဆရာတော်လောင်းလျာကို ရောတီတိုင်း၊ မအူပင်မြို့နယ်၊ ကျွဲခတ်ရွာတွင် အဘ ဦးလူထား၊ အမိ ဒေါ်ဖွားခန့်တို့မှ ၁၂၇၃–ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁–ရက်နေ့၌ ဖွားမြင်တော်မူသည်။ မွေးချင်း ၄–ဦးအနက် အငယ်ဆုံးဖြစ်ပြီး ငယ်မည် မှာမောင်ကြည်ဖြစ်သည်။ ၁၂၈၆–ခုနှစ်တွင် ကွမ်းခြံကုန်းစုဆရာတော် ထံတွင် ရှင်သာမဏေဖြစ်သည်။ ၁၂၉၂–ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်တွင် ကွမ်းခြံကုန်း ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။ ဘွဲ့တော် မှာ ရှင်သူရိယဖြစ်သည်။

ညောင်တုန်းမြို့၊ မန္တလေးမြို့ သာသနာ့ဇောတိကာရုံ၊ ချမ်းသာကြီးတိုက်၊ အနောက်ပြင်ခင်မကန်တိုက်တို့တွင် စာပေပရိယတ္တိသင်ယူသည်။ မဟာအကျော် တန်းကြီးကို အောင်မြင်တော်မူသည်။ ၁၃၀၈–ခုနှစ်တွင် ရန်ကုန်မြို့ ၊ ဗဟန်းတွင် ညောင်တုန်းကျောင်းတိုက်အမည်ဖြင့် တည်ထောင်၍ စာပေများပို့ချသည်။ ပါဠိ တက္ကသိုလ်ဗဟိုအဖွဲ့၏အတွင်းရေးမှူး၊ ပါဠိဘာသာပညာရေးအဖွဲ့နာယက၊ ဆဋ္ဌ သင်္ဂါယနာပါဠိဝိသောဓကတာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့သည်။ ၁၂၉၆–ခုနှစ် တွင် ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့ အောင်မြင်၍ အဘိဝံသ ဘွဲ့တံဆိပ် တော်ရရှိသည်။ ၁၃၁၇–ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်ဆက်ကပ်ခြင်း ခံယူသည်။

၁၃၅၂–ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၉–ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဘဝနတ်ထံ စံဝင်တော်မူပါသည်။

ကျေးဇူးတော်ရှင်

## တိပိဋကဓရ (ယော) ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

၈ နာမ်မသိမှာ၊ ရုပ်ခန္ဓာ၊
နှစ်နာတတ်ချေသည်။
နာမ်သိမှာမှ၊ ရုပ်ကာယ၊
မှချသက်သာမည်။
နာမ်တွင်မအေး၊ မယဉ်ကျေး
ရုပ်ဘေးသင့်တတ်သည်။
နာမ်ယဉ်ကျေးမှ၊ စိတ်အေးရ
မှချချမ်းသာမည်။



ကျေးရွှးတော်ရှင်

## တိပိဋကဓရ (ယော) ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၃၀၄- )

ဆရာတော်လောင်းလျာကို မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ လက်ပံရွာ၌ အဘဦးရဲနိုင်-အမိဒေါ်တုတ်ခိုင်တို့မှ ၁၃၀၄-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆-ရက်၊ သောကြာနေ့တွင် ဖွားမြင်သည်။ ငယ်မည် မောင်သာမောင်ဖြစ်သည်။ ၁၈ နှစ်အရွယ်တွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်သိရိန္ဒ ဖြစ်သည်။ ၁၃၂၄-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈-ရက်၊ စနေနေ့တွင် ကန်တောရကျောင်းတိုက် ဆရာတော်ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

၁၃၂၄-ခုနှစ်တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်နှင့် ၁၃၂၉-ခုနှစ်တွင် ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံကျောင်းတို့တွင် ပရိယတ္တိစာပေများကို သင်ယူ၍ စာမေးပွဲ အောင်ပန်းအဆင့်ဆင့်ကို ဆွတ်ခူးနိုင်ခဲ့သည်။ ၁၃၄၆-ခုနှစ်တွင် ကျင်းပသော တိပိဋကရွေးချယ်ရေးစာမေးပွဲတွင် ပဉ္စမမြောက်တိပိဋကဓရဘွဲ့တော်ကို အောင်မြင် ရရှိတော်မူခဲ့သည်။ ဆရာတော်သည် တရားဟောခြင်း၊ စာရေးခြင်းကို နှစ်ခြိုက် တော်မူသည်။ ကျမ်းစာရေးခြင်း၊ တရားဟောခြင်းဖြင့် သာသနာတော်ကို ပြုစု စောင့်ရှောက်၍ သာသနာပြုလျက်ရှိသည်။

ဆရာတော်သည် ယခုအခါ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်တွင် ပဓာနနာယကဆရာတော်အဖြစ် သီတင်းသုံး၍ သာသနာ့ တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။

ကျေးဇူးတော်ရှင်

## တိပိဋကဓရ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ ဆရာတော်ဘုရားကြီး၏
## ဩဝါဒတော်

- ဖြူစင်သော စိတ်ထားဖြင့် ဆောင်ရွက်သမျှ
  အေးမြသောအကျိုးကို ရရှိမည်။
- မဖြူစင်သော စိတ်ထားဖြင့် ဆောင်ရွက်လျှင်
  နောင်အချိန်တွင် အပူအပင်များ
  ဝင်လာမည်မှာ သေချာပါသည်။
- သို့အတွက် အရာရာမှာ ဖြူစင်သော
  စိတ်ထားဖြင့် ဆောင်ရွက်ကြစေချင်ပါသည်။



ကျေးဇူးတော်ရှင်

# တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက သုမင်္ဂလာလင်္ကာရ ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၃၀၈–၁၃၆၈)

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ အင်ကြင်းပင်ရွာ၌ အဘဦး အောင်–အမိဒေါ်ခင်ကြည်တို့မှ ၁၃၀၈–ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ သောကြာနေ့တွင် ဖွားမြင်ပါသည်။ ၁၃၂၀–ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့၌ အင်ကြင်းပင်ရွာ၊ ရွှေစည်းခုံဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာရှင်သုမင်္ဂလဖြစ်သည်။ ၁၃၂၇–ခုနှစ်တွင် ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့ကိုရ၍ ရှင်သုမင်္ဂလာလင်္ကာရဟု ဘွဲ့မည်တွင်ပါသည်။ ၁၃၂၈–ခုနှစ်တွင် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ရရှိသည်။ ၁၃၂၈–ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်နေ့၌ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်။

အင်ကြင်းပင်ရွာဆရာတော်၊ ရွှေစည်းခုံဆရာတော်၊ ဂန္ဓာရုံဆရာတော်ကြီးနှင့် စာချ ဆရာတော်များ။ ပဌာန်းဆရာတော်ကြီး၊ မြောင်းမြဆရာတော်ကြီးစသည့် အထံတော်တို့တွင် ပရိယတ္တိသင်ယူဆည်းပူးတော်မူသည်။ ၁၃၃၅–ခုနှစ်တွင် တိပိဋကဓရ, တိပိဋကကောဝိဒဘွဲ့ အောင်ပန်းကို ဆွတ်ခူးခဲ့ပါသည်။ တိပိဋကရချိန်တွင် သက်တော် ၂၇ နှစ်မျှသာရှိသေးသည်။ ၁၃၅၁–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ဆက်ကပ်ခြင်းခံယူသည်။ သီလက္ခန်ဋီကာသစ် ကောက်နုတ်ချက်၊ ဝိနည်းဋီကာကောက်နုတ်ချက် ပ–ဒု တ စသည့်ကျမ်းများကို ရေးသားတော်မူခဲ့သည်။

ဆရာတော်သည် ၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၃–ရက် တနင်္ဂနွေနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ဗေ့ဆွတော်ရှင်

## တိပိဋကဓရ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသဆရာတော်ကြီး၏

ဩဝါဒတော်

- ကုသိုလ်သုံးပါး၊ ကောင်းမှုများနှင့်၊
ကြီးပွားဖို့ရန်၊ မှုမျိုးမှန်၊
မြန်မြန်ဖြူကြလေ။
မပြုမိက၊ ချမ်းသာမှ
လျှောကျ ရတတ်ချေ။
နောင်ခါမြန်တွေ၊ စိတ်မအေး
မွဲဆွေးရတတ်လေ။
- မလုပ်မပြော၊ လုပ်မှပြော၊
သဘောစင်လှပေ။
အပြောသာချဲ့ အလုပ်မဲ့၊
ကဲ့ရဲ့မလွတ်ချေ။
- နိဗ္ဗာနတတ်၊ ဒုက္ခပြတ်၊
အမြတ်ချမ်းသာပေ။
နိဗ္ဗာန်ရောက်ကြောင်း၊ အကျင့်ကောင်း၊
ရှေ့ဆောင်ကျင့်ကြလေ။



ကျေးဇူးတော်ရှင်

## တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ ဆရာတော်ကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၃၂၅- )

ဆရာတော်လောင်းလျာကို ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ပန်းတောစုရွာတွင် အဘဦးထွန်းတင်-အမိဒေါ်သန်းရီတို့မှ ၁၃၂၅-ခု၊ ပြာသိုလပြည့်ကျော် ၁၂-ရက်၊ သောကြာနေ့တွင်ဖွားမြင်ပါသည်။ ၁၃၃၆-ခုနှစ်၊ တပို့တွဲလဆန်း ၁၂-ရက်၊ စနေနေ့တွင် မရမ်းရွာ၊ မဟာအောင်မြေဘုံသာ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်သီလက္ခန္ဓ ဖြစ်သည်။ ၁၃၄၅-ခုနှစ် နတ်တော်လပြည့်ကျော် ၈-ရက်၊ အင်္ဂါနေ့တွင် မြင်းခြံမြို့ ကိုးဆောင်တိုက်သိမ်တော်၌ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

မရမ်းရွာကျောင်းတိုက်၊ အင်းစိန်ရွာမ စာသင်တိုက်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ ကြည့်မြင်တိုင်မြို့နယ်၊ မဟာထူပါရုံကျောင်း၊ မင်းကွန်း မိုးမိတ်ကုန်းမြေ တိ-နိကျောင်းတိုက်များတွင် ပရိယတ္တိစာပေများကို သင်ယူခဲ့ပါသည်။

သက်တော် ၃၆ နှစ်အရွယ်၊ ၁၃၆၁-ခုနှစ်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့ အောင်ပန်းကိုဆွတ်ခူးနိုင်ခဲ့ပါသည်။ ယခုအခါ ဆရာတော်သည် မင်းကွန်း မိုးမိတ်ကုန်းမြေ တိ-နိကျောင်းတော်နှင့် တောင်ဒဂုံ နိကာယ်ကျောင်းတိုက်ကြီးများတွင် စာဝါများပို့ချရင်း သီတင်းသုံး သာသနာ ပြုလျက်ရှိပါသည်။

ကျေးဇူးတော်ရှင်

## ညောင်လေးပင်တောရဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- နိုင်ငံတော်အစိုးရ၏ အမှုထမ်းများသည်
ဥပဒေကို တစ်သဝေမတိမ်း
လိုက်နာကျင့်ကြံကြသည်။

- ထို့အတူ
မြတ်စွာဘုရား၏
တပည့်သားများဖြစ်ကြသော
သာသနာတော်ထမ်း
ရဟန်းသာမဏေများသည်လည်း
ဘုရားရှင်၏ဥပဒေဝိနည်းဒေသနာတော်ကို
လိုက်နာရပေသည်။



ကျေးရွာတော်ရှင်

## ညောင်လေးပင်တောရဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၄၈–၁၃၁၄)

ဆရာတော်လောင်းလျာကို ၁၂၄၈–ခုနှစ်၊ ပြာသိုလဆန်း ၂–ရက်နေ့တွင် ညောင်လေးပင်မြို့နယ်၊ ပုဇွန်မြောင်းအရပ်၌ အဘ ဦးခေါင်–အမိ ဒေါ်ဒေါ်ခက်တို့မှ ဖွားမြင်သည်။ ညောင်လေးပင်တောရ ပထမဆရာတော်ကြီးထံတွင် ရှင်သာမဏေ ပြုသည်။ ဘွဲ့တော်မှာ ရှင်အရိယဖြစ်သည်။ ၁၂၆၇–ခုနှစ်တွင် ဘုန်းတော်ကြီး ဦးသီလကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဒုတိယညောင်လေးပင် ဆရာတော် ဦးဥေယျထံ၌ ပရိယတ္တိစာပေများကို သင်ယူသည်။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမဆရာတော်ကြီးထံတွင်လည်း ပရိယတ္တိစာပေများကို ဆရာနည်းကျကျ သင်ကြားခဲ့သည်။ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကိုလည်း ခံယူရရှိတော်မူပါသည်။ ဆဋ္ဌသင်္ဂါယနာ ဩဝါဒါစရိယဆရာတော်အဖြစ်လည်း တင်မြှောက်ခြင်းခံယူခဲ့ရသည်။

ကျမ်းပေါင်း (၂၀) ကျော် ပြုစုရေးသားတော်မူခဲ့၍ (၁၀) ကျမ်းခန့် ရေးလက်စ ကျန်တော်မူခဲ့ပါသည်။

၁၃၁၄–ခုနှစ်၊ ဝါခေါင်လဆန်း ၁၄–ရက် ည (ရး၄၀) နာရီတွင် ဘဝနတ် ကျောင်းသို့ ပြောင်းရွှေ့တော်မူသည်။

ကျေးဇူးတော်ရှင်

## ဖန်းတာခေါ်မြို့၊ မြတောင်ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်

၁။ သူတစ်ပါး ကြည်ညိုဖို့ထက်
မိမိကိုယ်ကို မိမိကြည်ညိုအောင်
နေကြကွယ့်။

၂။ မိမိကိုယ်ကို မိမိကြည်ညိုပြီဆိုရင်
သူတစ်ပါးတွေကလည်း ကြည်ညိုလာကြမှာ
သေချာပါတယ်။



### ကျေးဇူးတော်ရှင်

## ပန်းတနော်မြို့၊ မြတောင် ဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၅၂–၁၃၃၈)

ဆရာတော်လောင်းလျာကို ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်၊ အင်းမအင်းတကောရွာမ၌ ၁၂၅၂–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄–ရက်၊ တနင်္ဂနွေနေ့တွင် အဘဦးကျောက်ပွင့် –အမိ ဒေါ်ဝေးကျော့တို့မှ ဖွားမြင်ပါသည်။ ငယ်မည် မောင်စိန်ဖြစ်သည်။ ၁၇–နှစ်သားအရွယ်တွင် ဇီးငူကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ အရှင်အရိယဝံသဖြစ်သည်။ ၁၂၈၁ ခုနှစ်တွင် ဇီးငူကျောင်းဆရာတော်ကြီးထံတွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်သည်။

ပခုက္ကူစာသင်တိုက်၊ မင်းကွန်း မြတောင်ကျောင်းတိုက်တို့တွင် စာပေပရိယတ်ကို ပေါက်မြောက်အောင်သင်ယူတော်မူခဲ့သည်။ ပန်းတနော်သို့ ပြန်လည်ရောက်ရှိပြီး ပန်းတနော်မြတောင်စာသင်တိုက်ကြီးကို လွှဲအပ်ခြင်း ခံတော်မူရသည်။ မြတောင်ကျောင်းတိုက်ကြီးအနေဖြင့် ဆရာတော်ကြီးသည် ဒုတိယ မြတောင်ဆရာတော် ဖြစ်ပေသည်။ နိုင်ငံတော်အစိုးရက မဒ္ဒူပင်ခရိုင်၊ ပန်းတနော် မြို့နယ်ဝိနယဓရဂိုဏ်းထွက်ဖြင့် သိုးကျူးလေးမြတ် ဘွဲ့လက်မှတ်ကို ဆက်ကပ်ခဲ့ပါသည်။

ဆရာတော်ကြီးသည် ပရိယတ္တိသာသနာတော် ပြန့်ပွားရေးကို အလေးပေးဆောင်ရွက်တော်မူရင်း ၁၃၃၈–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃–ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၅း၀၆ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- ပရိယတ္တိသင်ကြားမှုသည် အသိဉာဏ်ကို ဆည်းပူးခြင်းဖြစ်သောကြောင့် မျက်စိနှင့်တူပါသည်။
- ပဋိပတ္တိသည် သိသည့်အတိုင်း ကျင့်ကြံအားထုတ်မှု ဖြစ်သောကြောင့် ခြေထောက်နှင့်တူပါသည်။
- လောက၌ မျက်စိနှင့်ခြေထောက် နှစ်ပါးစုံမှသာ လိုရာခရီးသို့ရောက်နိုင်သကဲ့သို့၊
- ထို့အတူ ပရိယတ္တိနှင့် ပဋိပတ္တိဟူသော အသိနှင့် အကျင့်–ဝိဇ္ဇာနှင့် စရဏ နှစ်ပါးစုံမှသာ ပဋိဝေဓဟူသော မဂ်ဖိုလ် နိဗ္ဗာန်ခရီးသို့ ဖြောင့်တန်းစွာရောက်ရှိနိုင်ပါသည်။



ကျေးဇူးတော်ရှင်

## အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၅၂–၁၃၄၇)

ဆရာတော်လောင်းလျာကို ၁၂၅၂–ခုနှစ်၊ ဝါဆိုလဆန်း ၃–ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ခေါင်းကွဲရွာ၌ အဘဦးစံပေါ်–အမိဒေါ်မိန်းကလေးတို့မှ ဖွားမြင်ပါသည်။ ငယ်မည် မောင်ဝံသဖြစ်သည်။ ၁၄–နှစ်သား အရွယ်တွင် ခေါင်းကွဲရွာတောင်ကျောင်းဆရာတော်ကြီးထံတွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်အရိန္ဒမဖြစ်သည်။ သက်တော် ၂၀ တွင် စစ်ကိုင်းတောင်ရိုး ဣန္ဒာသဃချောင် ဆရာတော်အရှင်ရာဇိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

မနောမယဆရာတော်၊ အံရှင်ရာဇိန္ဒမထေရ်ကြီးများထံတွင် ပိဋကတ်စာပေကို ပေါက်မြောက်အောင် သင်ကြားတော်မူသည်။ ဆရာသမားများရှေ့မှောက်တွင် တပည့်တော်သည် ပိဋကတ်စာပေဟူသော အကြောင်းကြောင့် သူတစ်ပါးထံမှောက် ဒူးမထောက်တော့ပါဟု ဝန်ခံခဲ့ဖူးပါသည်။ တိပိဋကမင်းကွန်းဆရာတော်ကြီး၏ ဆရာလည်းဖြစ်ပါည်။ တိပိဋကဆရာတော်ကြီးကို လွန်စွာဂရုစိုက်ခဲ့သည်။

ဝါတော် ၂၀ မှစ၍ မင်းကွန်းအရိယမဂ္ဂင်ချောင်၌ သီတင်းသုံး၍ ပရိယတ်၊ ပဋိပတ် နှစ်ရပ်ကို ကြိုးကုတ်တော်မူခဲ့ပါသည်။ ဆဋ္ဌသင်္ဂါယနာပွဲကြီးတွင် တာဝန်များစွာကို ထမ်းရွက်၍ သာသနာပြုတော်မူခဲ့သည်။ ၁၃၁၈–ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ကပ်လှူတော်မူခဲ့သည်။

သက်တော် ၉၆– ဝါတော် ၇၆–ဝါအရ၊ ၁၃၄၇–ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀–ရက်၊ စနေနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## မျောက်တစ်ရာတောရဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

ကိုယ်မှတစ်ပါး၊ အခြားကိုသာ၊
အားကိုးရှာသော်၊ ကိုးရာမရ၊
လောကသံသရာ၊နှစ်ဖြာလုံးလုံး၊
ရှုံးကြီးရှုံး၍၊ နှလုံးမသာ၊
ဗျာပါသောက၊ ဖြစ်ရသည့်ရေး၊
သောကဘေးကို၊ တွေး၍မျှော်ရှု၊
ကိုယ်မှုကိုယ်ရာ၊ကိုယ့်တွက်တာကို၊
ကိုယ်သာရည်မှူး၊ ပြုရန်ထူးသည်၊
ကျူးလွန်အမှု သိဗို့သာလျှင်တည်း။



ကျေးဇူးတော်ရှင်

## မျောက်တစ်ရာတောရဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၅၉-၁၃၂၃)

ဆရာတော်၏ထေရုပ္ပတ္တိကို မည်သူမျှ တိတိပပ မသိကြချေ။ တောရဆောက်တည်သည့် ဆရာတော်ကြီးတစ်ပါးအဖြစ်သာ သိကြသည်။ ဆရာတော်ကြီးကလည်း သူ၏ထေရုပ္ပတ္တိကို မမိန့်ဟာဖူးပါချေ။ သို့သော် ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ မျောက်တစ်ရာတောရသို့ ၁၃၁၉-ခုနှစ်တွင် တောရဆောက်တည်သည့် ဆရာတော်နှစ်ပါး ရောက်ရှိလာခဲ့သည်။ တစ်ပါးမှာ မျောက်တစ်ရာ ဆရာတော်လောင်းလျာ ဦးအာစရဖြစ်သည်။ အတူလိုက်လာသူအရှင်မှာ ပုပ္ပါးတောင်မှ ဦးနန္ဒကုဏ္ဍာဟုသိရသည်။

တစ်စစဖြင့် မျောက်တစ်ရာကျွန်းတွင် ဆရာတော်ရှိနေသည်ကို ဒကာ၊ဒကာမများသိသဖြင့် တောင်းပန်လျှောက်ထားမှုကြောင့် တရားဟော တရားပြုရသည်။ ဆရာတော်၏ကိုယ်တိုင်ရေး နီဗ္ဗာန်အလင်းပြကျမ်း၏ ထေရုပ္ပတ္တိတစ်စွန်းတစ်စအရမှ မော်လမြိုင်ကျွန်း သုသာန်ကျောင်းဆရာတော် ဦးယုဂန်ထံတွင် အားထုတ်ဖူးသည်။ ထို့ပြင် မင်းကွန်းတောရ၊ မဟာစည်၊ စွန်းလွန်းဆရာတော်ကြီးများထံတွင်လည်း၊ အားထုတ်ဖူးကြောင်းသိရပါသည်။ မြစ်ဝကျွန်းပေါ် တောများတွင် လှည့်လည်၍ တောရဆောက်တည်ခဲ့သည်။

၁၃၂၃-ခုနှစ်၊ သက်တော် ၆၅နှစ်တွင် မျောက်တစ်ရာတောရတွင်ပင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းခဲ့သည်။ ရုပ်ကလာပ်တော်မှာ မပုပ်မသိုးဘဲ ကျန်ရစ်သည်။ နှစ်အတန်ကြာမှ တပည့်များက မီးသဂြိုဟ်လိုက်ကြပေသည်။

ကျေးဇူးတော်ရှင်

## ပေါက်မြိုင်ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊
မစ္ဆရိယတို့သည် ကိုယ့်သန္တာန်မှာဖြစ်၍
မိမိအား မကောင်းကျိုးတို့ကိုသာ
ဖြစ်စေတတ်၍ မိတ်ဆွေမဟုတ်၊
ရန်သူအစစ်များသာ ဖြစ်တတ်ပါသည်။

- ထို့ကြောင့် ကိုယ်တွင်းရန်သူဖြစ်သော
လောဘစသည်တို့၏ အလိုသို့
မလိုက်မိစေရန် သတိကြီးစွာထားပါ။



ကျေးဇူးတော်ရှင်

## ပေါက်မြိုင် ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၈၉-   )

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊ ကသာမြို့နယ်၊ မွှာရုံလမ်းတွင် အဘဦးနှစ်-အမိ ဒေါ်မြစ်တို့မှ ၁၂၈၉-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅-ရက်၊ တနင်္ဂနွေနေ့၌ ဖွားမြင်ပါသည်။ မွေးချင်း ၅-ယောက်အနက် ဒုတိယမြောက်ဖြစ်သည်။ သတ္တမတန်းအထိပညာသင်ပြီး အသက် ၁၆ နှစ်အရွယ်တွင် ကသာမြို့ မြောက်ကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်အဂ္ဂဝံသဖြစ်သည်။ ၁၃၀၉-ခုနှစ်၊ နယုန်လပြည့်၊ အင်္ဂါနေ့တွင် ကသာမြို့၊ မြောက်ကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ရောက်တော်မူပါသည်။

မိဿလင်းကျောင်း၊ စစ်ကိုင်းတောင်ရိုး၊ ရွှေဦးတိုက်သစ်၊ မန္တလေးမြို့ မစိုးရိမ်တိုက်၊ တောင်သမန်တိုက်၊ ဘုရားကြီးတိုက် ဆရာတော်ကြီးများထံတွင် ပညာသင်ယူပါသည်။ ၁၃၁၄-ခုနှစ်တွင် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊သိရော မဏိပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့တို့ကို အောင်မြင်ခဲ့ပါသည်။ ၁၃၂၈-ခုနှစ်တွင် မန္တလေးမြို့၊ ပေါက်မြိုင်ကျောင်းတိုက်ကို ဆရာတော်ကြီးများ၏ အစီအမံဖြင့် အုပ်ချုပ်လျက် စာဝါများပို့ချတော်မူပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်သည်။

၁၃၅၃-ခုနှစ်တွင် နိုင်ငံတော်က ဆက်ကပ်သည့် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် ၁၃၅၉-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ခြင်းခံယူတော်မူပါသည်။

ကျေးဇူးတော်ရှင်

## အလိုတော်ပြည့် ဆရာတော်ဘုရားကြီး၏

## ဩဝါဒတော်

- သူများမကောင်းပြောတာလည်း
အာရုံမစိုက်နဲ့၊
- ကောင်းတယ်ပြောတာလည်း ဝမ်းမသာနဲ့၊
- ကိုယ်ကောင်းအောင်ကြိုးစားကြ၊
- ရည်မှန်းချက်ပန်းတိုင်ရောက်အောင်
အလုပ်လုပ်ကြ။



ကျေးရှူးတော်ရှင်

## အလိုတော်ပြည့် ဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၃၀၆- )

ဆရာတော်လောင်းလျာကို ၁၃၀၆–ခုနှစ်၊ နယုန်လပြည့်နေ့တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အရှေ့မြောက်ရပ်ကွက်တွင် အဘ ဦးညိုသာဇံ–အမိ ဒေါ်ညိုတို့မှ ဖွားမြင်သည်။ ၁၃၁၉–ခုနှစ် တပို့တွဲလဆန်း ၈–ရက်တွင် ရသေ့တောင်မြို့ ၊ စည်ကားတောင် တောရကျောင်းဆရာတော်ထံ၌ ရှင်သာမဏေ ဖြစ်သည်။ ၁၃၂၅–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈–ရက်၊ တနင်္ဂနွေနေ့တွင် စစ်တွေမြို့ စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဆရာတော်ဦးဉာဏစက္ကကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်။ ဘွဲ့တော်မှာ ရှင်အရိယဝံသဖြစ်ပါသည်။

မင်းပြားမြို့ ဇေယျာသုခစာသင်တိုက်၊ စစ်တွေမြို့ဘုရားကြီး ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်မြို့၊ ဒေဝသုဘဂရသိမ်ကုန်းကျောင်းတိုက်၊ ပုဇွန်တောင် ရွှေဘုန်းပွင့်ကျောင်းတိုက်၊ ခြောက်ထပ်ကြီး ဘုရားကြီး ကျောင်းတိုက်၊ ညောင်ဦးမြို့ မဟာဂီသုတာရာမတိုက်တို့တွင် ပရိယတ္တိစာပေကို သင်ယူခဲ့သည်။ ၁၃၃၁–ခုနှစ်တွင် ကျောက်ပန်းတောင်းမြို့၌ အောင်မြေရတနာ စာသင်တိုက် တည်ထောင်၍ စာဝါပို့ချသည်။ ပုဂံ–ညောင်ဦး၊ ကျောက်ပန်းတောင်း၊ တောင်ဒဂုံမြို့နယ်မှာစရိယသင်တန်းကျောင်းစသည့် ပရိယတ္တိနှင့် ပဋိပတ္တိတိုက်များ တည်ထောင်တော်မူခဲ့သည်။

ပဋ္ဌာန်းဝိပဿနာနှင့် ဃဏနသမ္မုဟာရှုမှတ်နည်းကျမ်းတို့ကို ရေးသားပြီး ညောင်ဦးမြို့၊ အောင်မြေဗောဓိရိပ်သာ၌ သီတင်းသုံး၍ သာသနာပြုလျက်ရှိသည်။ ၁၉၉၇–ခုနှစ်တွင် နိုင်ငံတော်အစိုးရက မဟာကမ္မဋ္ဌာနာစရိယဘွဲ့နှင့် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ဆက်ကပ်ခြင်းကို ခံယူတော်မူခဲ့ရပါသည်။

ကျေးဇူးတော်ရှင်
အုတ်ဖိုရှိဆရာတော်ဘုရားကြီး၏
ဩဝါဒတော်

- အသက်စည်းစိမ်၊ ဓနာဒိမ်ကား
တိမ်တစ်ခဲနက်၊ ကြည့်ရင်းပျက်သို့
မျက်စိအောက်တွင်၊ ပျောက်လွင့်စင်၏။

- သဒ္ဓါရစက်၊ သူ့ပိုင်နက်၌
သွက်သွက်လည်ကာ၊ ဖိရှာသည့်
ဓနာအနိစ္စပါတကား။



ကျေးရှူးတော်ရှင်

## အုတ်ဖိုရှိဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၁၇၉–၁၂၆၇)

ဆရာတော်လောင်းလျာကို ၁၁၇၉–ခုနှစ်၊ တပေါင်းလဆန်း ၅–ရက်၊ တနင်္ဂနွေနေ့ (၁၂း၃၀) နာရီတွင် သာရဝေါ်မြို့၊ ရွာကလေးရွာ၌ အဖ ဦးရွှေပန်း–အမိဒေါ်လေးတို့မှဖွားမြင်သည်။ ငယ်မည် မောင်ညွှင်းဖြစ်သည်။ ဆရာတော်ဦးဇော်ကျိထံတွင် သာမဏေပြုသည်။ ဘွဲ့တော်မှာ ရှင်ဥက္ကံသမာလာ ဖြစ်သည်။ သာရဝေါ မကျည်းတောဆရာတော်ထံတွင် ရဟန်းအဖြစ်သို့ ရောက်သည်။ မြသိန်းတန်ဆရာတော်၊ ဟသ်ာတ သရက်တောဆရာတော်၊ ရန်ကုန်ပုဇွန်တောင် ဆရာတော်၊ အမရပူရ ဗားကရာဆရာတော်၊ ဗန်းမော်ဆရာတော်ထံတွင် စာပေကျမ်းဂန်များကို သင်ယူတော်မူခဲ့သည်။

၁၂၁၃–ခုနှစ်တွင် သာရဝေါမြို့သို့ကြွပြီး ၁၂၁၄–ခုနှစ်တွင် တောရဆောက်တည်၍ ပဋိပတ်အလုပ်ကိုကြိုးကုတ်တော်မူသည်။ ကျမ်းပေါင်း (၈၃) ကျမ်းကို ရေးသားစီရင်တော်မူခဲ့သည်။

၁၂၆၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂–ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၉–နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## ပထမ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်

- နာဘေးကြီး၊ သေဘေးကြီးမဦးခင်
  တရားကိုအလျှင်ဦးအောင် ကြိုးစား၍အားထုတ်၊
  ကြိုးစား၍အားထုတ်။
- အပါယ်ဆင်းရဲကြီးကို ကြောက်လျှင်
  ဆင်းရဲကလေးကို ကြိုးစား၍သည်းခံ၊
  ကြိုးစား၍သည်းခံ။
- နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင်
  ချမ်းသာကလေးတွေကို ကြိုးစား၍ပယ်၊
  ကြိုးစား၍ပယ်။



ကျေးဇူးတော်ရှင်

## ပထမ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၂၀-၁၂၈၁)

ဆရာတော်လောင်းလျာကို မကွေးမြို့၌ ၁၂၂၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် (၄) ရက်၊ တနင်္ဂနွေနေ့ည (၁း၀၀) နာရီကျော်တွင် ဖွားမြင်တော်မူသည်။ မကွေးမြို့၊ ဂုံတောဆရာတော် အရှင်ကောသလ္လထံတွင် သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ဥတ္တရဖြစ်သည်။ ၎င်းကျောင်းတွင် သာမဏေဘဝဖြင့် ၅-ဝါ၊ ရဟန်းဘဝဖြင့် ၅-ဝါ သီတင်းသုံးခဲ့သည်။

၁၂၅၇-ခုနှစ်တွင်၊ စစ်ကိုင်းတောင်ရိုးသို့ တောထွက်တော်မူသည်။ ၁၂၅၇ ခုနှစ်မှ ၁၂၈၁ ခုနှစ်ထိ (၂၃) နှစ်တိုင်တိုင် တရားအလုပ်ကို ကြိုးကုတ်အားထုတ်တော်မူသည်။ ရဟန်း၊ ဘိုးသူတော်၊ သီလရှင်နှင့် ဒကာ,ဒကာမများကို ဝိပဿနာတရားပြသတော်မူခဲ့သည်။ နိဗ္ဗာနမဂ္ဂဒီပနီ၊ နိဗ္ဗာနမဂ္ဂဘောဒနီစသည့် ကျမ်းများကိုလည်း ပြုစုတော်မူခဲ့သည်။

၁၂၈၁-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက်နေ့၌ စုတိကမ္မဇရုပ်ဓာတ်ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

**တောင်တန်းနယ်ခြားဆရာတော်ဘုရားကြီး၏**

ဩဝါဒတော်

- လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊
  ကျင်လည်စိတ်ကြောင့်သာ။
- အပါယ်လေးပါး၊ ကျသူများ
  မှတ်ထားစိတ်ကြောင့်သာ။
- ကောင်းဆိုးယုတ်လတ်၊ ဖြစ်လာတတ်၊
  မှတ်ကြစိတ်ကြောင့်သာ။
- နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊
  စိတ်ဆောင်ရောက်သည်သာ။



ကျေးရှူးတော်ရှင်

# တောင်တန်းနယ်ခြား ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၇၂–၁၃၅၆)

ဆရာတော်လောင်းလျာကို ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ငွေတွင်းကုန်းရွာတွင် အဘ ဦးဘိုညို၊ အမိဒေါ်သေးတာတို့မှ ၁၂၇၂–ခုနှစ်၊ ပြာသိုလတွင် ဖွားမြင်သည်။ မွေးချင်း ခြောက်ယောက်အနက် အငယ်ဆုံးဖြစ်သည်။ ၁၂ နှစ်သားအရွယ်တွင် ငွေတွင်းကုန်းရွာကျောင်း၌ ကိုရင်ဝတ်သည်။ ဘွဲ့တော်မှာ အရှင်ဥတ္တမသာရဖြစ်သည်။ ၁၉ နှစ် ၃–လကျော်တွင် ရဟန်းဘဝသို့ရောက်သည်။ မုံရွာမြို့၊ မန္တလေးမြို့ရှိ ကျောင်းတိုက်ကြီးများတွင် ပရိယတ္တိစာပေများ ပေါက်မြောက်အောင် သင်ယူခဲ့သည်။ ပခုက္ကူမြို့၊ မဟာဝိသုဒ္ဓာရာမကျောင်းတိုက်ကြီးတွင် ပိဋကတ်သုံးပုံနိကာယ်ငါးရပ်ကို သင်ယူသည်။

တောင်တန်းနယ်ခြားတွင် နှစ်ပေါင်းများစွာ လှည့်လည်၍ သာသနာပြုခဲ့သည်။ အိန္ဒိယနိုင်ငံအပါအဝင် အနောက်နိုင်ငံများသို့ သာသနာပြုကြွချီခဲ့သည်။ ခရီးသွားစာပေနှင့် တောင်တန်းနယ်ခြားသာသနာပြုစာပေများ ရေးသားခဲ့သည်။ ဤသည်ကိုအစွဲပြု၍ တောင်တန်း ဆရာတော်ကြီးဟု ထင်ရှားသည်။ ပရိတ်ရေဆူ ဆရာတော်ဟူ၍လည်း ထင်ရှားသည်။ ချင်းပြည်နယ် ခန္တီးရွာ ပောင်ကျောင်းတွင် နှစ်ပေါင်းများစွာ သီတင်းသုံး၍ သာသနာပြုခဲ့ပါသည်။

ဆရာတော်ကြီးသည် ၁၃၅၆–ခုနှစ်၊ သက်တော် (၈၆)နှစ်၊ ဝါတော် (၆၆)ဝါအရတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်
**ပဲခူးမြို့မ ဆရာတော်ဘုရားကြီး၏**
ဩဝါဒတော်

- စိတ်ရှည်ဖွဲ့သန်
သည်းညည်းခံ
ဖြူရန်သာသနာ။



### ကျေးဇူးတော်ရှင်
## ပဲခူးမြို့မ ဆရာတော်ဘုရားကြီး၏
### ထေရုပ္ပတ္တိအကျဉ်း (၁၂၅၈–၁၃၅၅)

ဆရာတော်လောင်းလျာကို ၁၂၅၈–ခုနှစ်၊ ဝါဆိုလဆန်း ၁၃–ရက်၊ တနင်္ဂနွေနေ့တွင် ပဲခူးတိုင်း၊ ဝမ်းဘဲအင်းရွာတွင် အဖ ဦးရွှေအေး–အမိ ဒေါ်လှသိမ်းတို့မှ မွေးဖွားပါသည်။ ၁၂၆၉–ခုနှစ်တွင် ဝမ်းဘဲအင်းရွာအနောက်ကျောင်း ဆရာတော်ကြီးထံတွင် ရှင်သာမဏေပြုသည်။ ဘွဲ့တော်မှာ အရှင်ကုမာရာဘိသည်။ ၁၂၇၈–ခုနှစ်၊ တပေါင်းလဆန်း ၄–ရက်နေ့ တွင် အနောက်ကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ အနောက်ကျောင်းဆရာတော်၊ မန္တလေး မစိုးရိမ်တိုက်၊ ဘုရားကြီးတိုက်တို့တွင် ပရိယတ္တိစာပေကို ပေါက်မြောက်အောင် သင်ယူခဲ့သည်။

ငယ်၊ လတ်၊ ကြီးတန်းတို့ကို နှစ်ချင်းပေါက် အောင်မြင်သည်။ ၁၂၉၅–ခုနှစ်တွင် ပဲခူးမြို့၊ ညောင်ဝိုင်းရပ်၌ မြို့မပရိယတ္တိစာသင်တိုက်ကို တည်ထောင်၍ စာပေများပို့ချတော်မူသည်။ ပဋိပတ္တိကိုလည်း အားထုတ်တော်မူခဲ့သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဥက္ကဋ္ဌ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်မန္တလေး) တို့၏ အဓိပတိစသည့် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

သက်တော် ၉၇–နှစ်၊ ဝါတော် ၇၇–ဝါအရ၊ ၁၃၅၅–ခုနှစ်၊ ကဆုန်လဆန်း ၈–ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၁၀း၁၄) နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင်

## တောကျောင်းဆရာတော်ဘုရားကြီး၏ ဩဝါဒတော်

- ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်တွေဟာ
မေ့မေ့လျော့လျော့ မနေသင့်ကြပါဘူး။
မိမိတို့ ဘာသာ, သာသနာ
စည်ပင်ပြန့်ပွားအောင် အစွမ်းကုန်
ကြိုးပမ်းသင့်ကြပါတယ်။
ဘာသာရေးစိတ်ဓာတ်
နိုးကြားသင့်ကြပါတယ်။
- ဘာသာရေးစိတ်ဓာတ်
အေးစက်စက် ဖြစ်နေကြပြီး
ခပ်ပေါ့ပေါ့နေသွားကြပါက
မကြာခင်မှာ ဗုဒ္ဓဘာသာ
ပျောက်ကွယ်သွားနိုင်တယ်။
- ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်တွေ
ဒီတာဝန်ကို
ကျေပွန်အောင်ထမ်းဆောင်ကြဖို့
အထူးမှာကြားချင်ပါတယ်။



ကျေးရွာတော်ရှင်

## တောကျောင်းဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း (၁၂၈၄–   )

ဆရာတော်လောင်းလျာကို ရောဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ တောကျောင်းကျေးရွာ၌ ၁၂၈၄–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆–ရက်၊ တနင်္ဂနွေနေ့တွင် အဘဦးမန်းစပိ–အမိ ဒေါ်စိမ်းခင်တို့မှ ဖွားမြင်ပါသည်။ မွေးချင်း ၇–ယောက်အနက် တတိယမြောက်သားဖြစ်သည်။ ၁၁–နှစ်သားအရွယ်တွင် ဂျပန်ပြန် တောကျောင်းဆရာတော်ထံ၌ ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ အရှင်ဣန္ဒကဖြစ်သည်။ ၁၃၀၅–ခုနှစ်၊ တပေါင်းလပြည့်နေ့ နံနက် ၈ နာရီတွင် တောကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူသည်။

တောကျောင်းဆရာတော်ကြီး အထက်အရပ်သို့ ပြန်ကြွသွားတော်မူသဖြင့် ဆရာတော်သည်။ တောကျောင်းတွင် ကျောင်းထိုင်ဆရာတော် ဖြစ်ရသည်။ တောကျောင်းဆရာတော်ထံနှင့် ဒေးဒရဲမြို့တို့တွင် စာပေပရိယတ္တိသင်ယူခဲ့သည်။ စာသင်ကျောင်းနှင့် သံဃနာယကစသည့် အဖွဲ့အစည်းကိစ္စများကို သက်တော်ရွယ်တော်ကြီးလာသည့်တိုင်အောင် စိတ်ပါဝင်စားစွာ ဆောင်ရွက်အားပေးခဲ့ပေသည်။ ယဉ်ကျေးမှုသင်တန်းများနှင့် တစ်ရွာလုံး ဗုဒ္ဓ၏အဆုံးအမများကို လိုက်နာကျင့်သုံးစေရေးအတွက်လည်း စွမ်းစွမ်းတမံ ကြိုးစားလျက်ရှိသည်။

ယခုအခါ တောကျောင်းဆရာတော်ကြီးသည် ပန်းတနော်မြို့၊ တောကျောင်းတိုက်တွင် သာသနာရေးစိတ်ဓာတ်အပြည့်ဖြင့် အမျိုးဘာသာသာသနာကို စောင့်ရှောက်ထိန်းသိမ်းသာသနာပြုလျက် ရှိနေပါသည်။

ကျေးဇူးတော်ရှင်

ကျိုက္ကာရှာ

သုသာန်ဗောဓိကျောင်းဆရာတော်ဘုရားကြီး၏

ဩဝါဒတော်



ကံ,စိတ်,ဥတု,အာဟာရ အကြောင်းလေးခု
ကျေးဇူးပြု၍ဖြစ်သော ရုပ်ခန္ဓာသည်
မြန်စွာခဏ ဖြစ်ကာပျက်ပြန် မီးလျှံ
အသွင် ရေလျှဉ်ပမာ ဘယ်ဆီမှမဲ့
ဖြစ်ပျက်မြဲတည်းဆိုသည့်
နှုတ်မြင့်မြွက်ဆို၍ စိတ်ဖြင့်ကြံစည်မှန်းသ၍
တွေးခြင်းမျိုးကို ဆိုလိုသည်မဟုတ်။
လက်တွေ့အလုပ်သဘောဖြင့်
ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်၍
သမာဓိအရှိန်ဖြင့် တွေ့မြင်ခြင်းမျိုးကိုသာ
ဆိုလိုရင်းဖြစ်သည်။

ကျေးဇူးတော်ရှင်

## ကျိုက္ကာရွာ သုသာန်ဗောဓိကျောင်းဆရာတော်ဘုရားကြီး၏

### ထေရုပ္ပတ္တိအကျဉ်း (၁၂၅၀-၁၃၄၅)

ဆရာတော်လောင်းလျာကို မုဒုံမြို့နယ်၊ ဝဲကာလီကျေးရွာတွင် ဖခင် ဦးသောင်းကျော်- မိခင်ဒေါ်စောမေတို့မှ ၁၂၅၀-ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄-ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ မွေးချင်း ၇-ယောက်အနက် တတိယ မြောက်သားဖြစ်သည်။ ငယ်မည် မောင်ချစ်လှိုင် ဖြစ်သည်။

၁၃၁၈-ခုနှစ်၊ ဝါဆိုလဆန်း ၁၄-ရက်နေ့ အသက် ၆၈ နှစ်တွင် မုဒုံမြို့နယ်၊ ကျောက်စိုင်း ကျောင်းတိုက်၌ ဆရာတော်ဦးဇေနကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။ ဘွဲ့တော်မှာ ဦးဣန္ဒာသဖြစ်သည်။ ဘိက္ခုနီပါတိမောက် ၂-စောင်ကို မြန်မာပြန်ဆိုခဲ့သည်။ ဝိနည်းဥပဒေတော်ကြီးကိုလည်း ပါဠိမှ မြန်မာ မြန်ဆို၍ စာအုပ်အဖြစ် ကြိုးစားတော်မူခဲ့သည်။ ဝိနည်းတော်ကိုလည်း လွန်စွာမှ လေးစားမြတ်နိုးတော်မူပါသည်။ ပျံလွန်တော်မူသည်အထိ သက်လွတ်ရှောင်ကိုသာ ဘုဉ်းပေးသည်။

၁၃၄၅-ခုနှစ် နှောင်းတန်ခူးလဆန်း ၁၀-ရက်၊ တနင်္ဂနွေနေ့ ညနေ ၃း၀၂ နာရီတွင်၊ မုဒုံမြို့နယ်၊ ထံခွန်တိုင်ရွာ၊ ဓမ္မရက္ခိတကျောင်းတွင် ပျံလွန်တော်မူခဲ့ပါသည်။

မိတ်ကြီးပုံစာပေ